# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၁၁)ရက် ၊ တနင်္လာနေ့ ၊ (15-12-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၂၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲမှသည် အနာဂတ်နိုင်ငံတော်သစ်ဆီသို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၅၁ နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

နေပြည်တော် ဒီဇင်ဘာ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၅၁ နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ချစ်ခင်လေးစားအပ်ပါသော ရခိုင်ပြည်နယ်အတွင်းရှိ မိဘပြည်သူညီအစ်ကို မောင်နှမအပေါင်းတို့ ခင်ဗျား**

ယနေ့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ကျရောက်သည့် ၅၁ နှစ်မြောက် ရခိုင်ပြည်နယ်နေ့၏ နေ့ထူးနေ့မြတ်အခါသမယ၌ ရခိုင်ပြည်နယ်နှင့် ဒေသအသီးသီးတွင် ရောက်ရှိနေကြသော ရခိုင်တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများ အားလုံး ကိုယ်စိတ်နှစ်ဖြာသုခချမ်းသာပြည့်စုံကြ၍ ကောင်းကျိုးလိုအင်ဆန္ဒများပြည့်ဝကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရခိုင်ပြည်နယ်နေ့သည် ပြည်ထောင်စုဖွား ရခိုင်တိုင်းရင်းသားတို့အတွက် ထူးခြားလေးနက်သောဝိသေသများနှင့် ပြည့်စုံပြီး ဂုဏ်ယူဖွယ်ရာမင်္ဂလာရှိသောနေ့ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ်တွင် ရေးဆွဲအတည်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းနှင့် ပြည်နယ်များသတ်မှတ်ပြဋ္ဌာန်းရာတွင် ရခိုင်ပြည်နယ်သည်လည်း

**စာမျက်နှာ ၁၆ ကော်လံ ၁** ⚐

## နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တာ့ခ်မင်နစ္စတန်နိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

တာ့ခ်မင်နစ္စတန်နိုင်ငံ အက်ရှ်ဂါဘတ်မြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် ယုံကြည်မှုနှစ်အထိမ်းအမှတ် နိုင်ငံတကာဖိုရမ်နှင့် တာ့ခ်မင်နစ္စတန်နိုင်ငံ၏ အမြဲတမ်းကြားနေမှုဝါဒ နှစ် ၃၀ ပြည့် အထိမ်းအမှတ်အခမ်းအနားများသို့ တက်ရောက်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)




နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။




ရတနာပုံ
၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်
အယ်ဒီတာ့အာဘော်

# မဟုတ်မမှန် သတင်းတု၊ သတင်းမှားများကို အစဉ်သတိပြု

ကမ္ဘာတွင် သိပ္ပံနှင့်သတင်းအချက်အလက်နည်းပညာတို့ တစ်ဟုန်ထိုးတိုးတက်လာသဖြင့် ကမ္ဘာအရပ်ရပ်ရှိ သတင်းများသည် အချိန်မဆိုင်းဘဲ နေရာအနှံ့ခရီးဆန့်လာကြသည်။ သတင်းအချက်အလက်နည်းပညာများတိုးတက်လာခြင်းကြောင့် လူမှုကွန်ရက်များအသုံးပြုမှုတွင်ကျယ်လာခဲ့ရာ အွန်လိုင်းပေါ်တွင် သတင်းပေါင်းများစွာဝင်ရောက်နေရာယူလာသည်။ ထိုသတင်းအကြောင်းအရာများအနက် သတင်းမှန်များပါသကဲ့သို့ သတင်းတု၊ သတင်းမှားများလည်း များစွာပါရှိသည်ကို တွေ့ရပေသည်။

မြောက်ဦးမြို့ရှိပြည်သူ့ဆေးရုံသည် ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် AA အကြမ်းဖက်သောင်းကျန်းသူများက ယာယီထိန်းချုပ်ခဲ့သဖြင့် နိုင်ငံတော်အစိုးရက တရားဝင်ပိတ်သိမ်းထားသည့် ဆေးရုံဖြစ်သည်။ အဆိုပါနေရာကို AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ခိုအောင်းအခြေပြုပြီး ဆေးရုံ၏အသွင်အပြင်အဖြစ် အကာအကွယ်ယူ၍ ဖွင့်လှစ်ထားသည့် စစ်စခန်းတစ်ခုအဖြစ် အခြေပြုအသုံးပြုနေသည့် အဆောက်အအုံဖြစ်သည်။ စစ်စခန်းအဖြစ်အခြေပြုနေသောနေရာအတွင်း လိုအပ်သောအုပ်ချုပ်မှုကိစ္စရပ်များဆောင်ရွက်ရန် ဒေသခံ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ယုံကြည်စိတ်ချရသော မိသားစုဝင်များကို တာဝန်ပေးစေခိုင်းလျက်ရှိသည်။

AA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် လက်ခံနိုင်ခြင်းမရှိကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ တိကျသည့်သတင်းပေးပို့မှုကြောင့် တပ်မတော်က လိုအပ်သည့် စိစစ်မှုများဆောင်ရွက်ကာ AA အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ စစ်စခန်းအဖြစ်အသုံးပြုသည့် အဆိုပါအဆောက်အအုံများကို ဒီဇင်ဘာ ၁၀ ရက်တွင် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

လူမှုကွန်ရက်စာမျက်နှာများပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ရေးသားဖြန့်ဝေထားသည့် ဓာတ်ပုံအထောက်အထားများအရ ၎င်းတို့အဖွဲ့မှ ဒဏ်ရာရရှိသူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေမှု၊ သေဆုံးသူများအတွက် ဝမ်းနည်းကြောင်း ရေးသားဖော်ပြမှုများကိုတွေ့ရှိရသည်။ သေဆုံးသူ၊ ဒဏ်ရာရသူများမှာ အရပ်သားပြည်သူများမဟုတ်ဘဲ အကြမ်းဖက်သောင်းကျန်းသူများ၏ ယုံကြည်စိတ်ချရသော မိသားစုဝင်များကို တာဝန်ပေးထားသူများအပြင် အကြမ်းဖက်သောင်းကျန်းသူများကို ထောက်ခံအားပေးနေသူများသာဖြစ်ပြီး တပ်မတော်၏တိုက်ခိုက်မှုကြောင့် အဆိုပါနေရာတွင် တက်ရောက်ဆေးကုသလျက်ရှိသည့် အပြစ်မဲ့အရပ်သားပြည်သူများ ထိခိုက်သေဆုံးခဲ့သည်ဟု ဒီဇင်ဘာ ၁၁ ရက်က လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရပေသည်။

ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ ပြည်သူ့ဆေးရုံကို သတင်းကို စာအရ၊ နှုတ်အရ၊ အသံလွှင့်ချက်အရ ဖြန့်ချိကြပြီး တစ်ဦးမှတစ်ဦးသို့ တစ်ဆင့်စကား ပြောကြားခြင်းဖြင့် ကြားသိကြရခြင်းဖြစ်သည်။ မှန်ကန်သောသတင်းသည် မှန်ကန်သော အသိ၊ အတွေး နှင့် အတွေ့အကြုံသင်ခန်းစာရရှိစေသော်လည်း မမှန်သတင်းများ၊ သတင်းတု၊ သတင်းမှားများကို ကြားသိလိုက်ပါက ထင်ယောင်ထင်မှားဖြင့် အယူအဆလွဲမှားကာ ဆိုးကျိုးကိုဖြစ်စေပါသည်။

သို့ဖြစ်ရာ လူမှုကွန်ရက်စာမျက်နှာတွင် ကောလာဟလသတင်း၊ ဝါဒဖြန့်ချိသတင်း၊ လှုံ့ဆော်သတင်း၊ သွေးခွဲသပ်လျှို သတင်းဟူ၍ ပါရှိမြဲဖြစ်သည်။ ထိုသတင်းများသည် အလွန်အန္တရာယ်ကြီးသော သတင်းတု၊ သတင်းမှားများသာဖြစ်သည်။ ထို့ကြောင့် လူမှုကွန်ရက်အွန်လိုင်းသုံးသူများအနေဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေသော သတင်းတု၊ သတင်းမှားများကို ယုံကြည်မှုမထားဘဲ အစဉ်သတိပြုကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၁၃
ရက်
သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)
ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉
မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

| ရန်ကုန်လိပ်စာ | | မန္တလေးလိပ်စာ |
|---|---|---|
| အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ | လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။ | ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ |

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်း ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



မုံရွာ ဒီဇင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းကေ ၄၃၀၅၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လ တတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၀ တင်းကျော်ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နှမ်းကေ ၄၃၀၅၀ ထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေလက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ကေတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းနစ်တွေနဲ့စိုက်ပျိုးဖို့ အတွက်ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့်စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက်အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်မည် ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးပိမျိုးစုံ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး ဒီဇင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးပိမျိုးစုံ ပိဿာချိန်အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာအောင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ဒေသထွက် ငါးပိမျိုးစုံ ပိဿာချိန် ၇၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ငါးပိမျိုးစုံ ပိဿာချိန် ၁၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်ငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေခြင်းကြောင့် အရောင်းအဝယ် ကောင်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ငါးပိမျိုးစုံ ပိဿာချိန် ၁၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်ကနေ ထွက်ရှိတဲ့ ငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ဒေသထွက် ငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ အခုလို ငါးပိတွေ အရောင်းအဝယ် ကောင်းတော့ ငါးပိလုပ်ငန်း လုပ်တဲ့သူတွေ အားလုံး အဆင်ပြေလာပါတယ်" ဟု ဘိုကလေးမြို့နယ် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာအောင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးပိမျိုးစုံသည် ငါးရံ့ငါးပိ၊ ငါးခုံးမငါးပိ၊ ဂျပန်ငါးငါးပိ၊ ငါးပင်နော်ငါးပိ၊ ငါးပြေမငါးပိ စသည့် ရေချိုငါးပိများ အများဆုံး တင်ပို့ရောင်းချခဲ့ကြောင်း၊ အဆိုပါ ငါးပိများမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၀၅၀၀ မှ ၅၅၀၀၀ ထိ အမျိုးအစားလိုက် ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အောင်မြေသာစံမြို့နယ်ရှိ ဣန္ဒြိယာရာမရွှေဂူပရိယတ္တိစာသင်တိုက်အတွင်း မန်းမြင့်မိုရ်ဟိန်းသာသနာ့ဗိမာန် ပန္နက်တော်တင်မင်္ဂလာအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်



**မန္တလေး ဒီဇင်ဘာ ၁၄**

မန္တလေး အောင်မြေသာစံ ခရိုင် အောင်မြေသာစံမြို့နယ်ရှိ ဣန္ဒြိယာရာမရွှေဂူ ပရိယတ္တိစာသင် တိုက်အတွင်း မန်းမြင့်မိုရ်ဟိန်း သာသနာ့ဗိမာန် ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက ကျင်းပရာ မဟာသုဗောဓာရုံကျောင်းကြီးများ ၏ပဓာနနာယက ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ နန္ဒမာလာ ဘိဝံသ အမှူးပြုပြီး မန္တလေး ကျောင်းထိုင် ဘုန်းကြီးကျောင်း ဆရာတော်ကြီးနှင့် ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့် တော်မူသည်။

အခမ်းအနားသို့ မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်မိသားစု များနှင့် အလှူရှင်များ၊ ဖိတ်ကြား ထားသည့်ဧည့်ပရိသတ်များ တက် ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပါမောက္ခချုပ်ဆရာ တော် ဒေါက်တာနန္ဒမာလာဘိဝံသ က ဥရုပန္နက်တော်နေရာနှင့်ဆရာ တော်များ၊ တိုင်းဒေသကြီးဝန်ကြီး ချုပ်နှင့်တာဝန်ရှိသူများက သတ် မှတ်နေရာများ၌ မင်္ဂလာအချိန်တွင် ရတနာပန္နက်တော် ကိုးချက် စိုက်ထူတင်လှူပြီး အမွှေးနံ့သာ ရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

ထို့နောက် အခမ်းအနားကို မင်္ဂလာမဏ္ဍပ်တွင် ဆက်လက် ကျင်းပရာ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်း အနားကို ဖွင့်လှစ်ပြီးနောက် မနော မရကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသဝထံက သရဏဂုံ သုံးပါးနှင့် ငါးပါးသီလခံယူဆောက် တည်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ နန္ဒမာလာ ဘိဝံသထံ တိုင်းဒေသကြီးဝန်ကြီး ချုပ်က လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းပြီးနောက် အလှူရှင် မန်းမြင့်မိုရ်ဟိန်းကုမ္ပဏီ မိသားစုမှ ဓမ္မပူဇာအဖြစ် အလှူငွေ ကျပ် သိန်း ၃၀ နှင့် တောင်ကြီး မြို့ဘုရားကြီးအနောက် ကျောင်း ပရိယတ္တိ စာသင်တိုက်အတွင်း အနန္တဂုဏ်ရည် သုံးထပ်ကျောင်း ဆောင်တော်ကြီးအတွက် အလှူ ငွေကျပ် သိန်း ၂၅၀ ကိုလည်း ကောင်း၊ အလှူရှင်များက အလှူ ငွေများကိုလည်းကောင်း၊ သစ္စာ အဓိဋ္ဌာန်အောင် ဆုတောင်းပြည့် စေတီတော်မြတ်ကြီး ၂၄ နာရီ မီးလင်းနိုင်ရေးအတွက် အလှူရှင် များက အလှူငွေများကိုလည်း ကောင်း၊ တာဝန်ရှိသူများက ဆရာ တော်များထံ လှူဖွယ်ပစ္စည်းများ ကိုလည်းကောင်း အသီးသီး လှူဒါန်းခဲ့ကြသည်။

ထို့နောက် ပါမောက္ခချုပ်ဆရာ တော် ဒေါက်တာ နန္ဒမာလာဘိဝံသ ထံ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက် သွန်းချအမျှပေးဝေကာ ဗုဒ္ဓ သာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနား ကို ရုပ်သိမ်းခဲ့ကြောင်း၊ ဆရာတော် သံဃာတော်များကို နေ့ဆွမ်း များ ဆက်ကပ်ခဲ့ကြောင်း သတင်း ရရှိသည်။

**မျိုးကျော်**

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၉၀၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရွှေဘို ဒီဇင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခု နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ၌ ကုလားပဲ ၂၉၀၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘို ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခု နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၈၄၈၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တို ဘာလဒုတိယပတ်မှ စတင်စိုက် ပျိုးခဲ့ရာ ယနေ့တွင် ၂၉၀၄ ဧက ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



"ဒီနှစ် ဒီပဲယင်းမြို့နယ် ဆောင်း သီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၈၄၈၃ ဧက စိုက်ပျိုးဖို့လျာထား ပါတယ်။ ဒီနေ့ထိ ၂၉၀၄ ဧက ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေ ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေ နဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက် လာပါတယ်။ ကုလားပဲအထွက် နှုန်းနဲ့ အရည်အသွေးကောင်းမွန် ဖို့၊ လိုအပ်တဲ့မျိုးကောင်းမျိုးသန့် တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်း ချိန်လွန် နည်းပညာပေးတာတွေ၊ ပိုးမွှားရောဂါအန္တရာယ် ကင်းရှင်း စေဖို့ နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး အသိပညာပေး လုပ်ငန်းတွေ ကို ဆောင်ရွက်ပေးနေပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက် နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ် စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧက စိုက်ပျိုးပါက ကုန်ကျစရိတ်ငွေကျပ် သုံးသိန်း ကျော်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာ ဖြင့် ဧရိယာအများဆုံး စိုက်ပျိုး ထုတ်လုပ်သည့် တိုင်းဒေသကြီး ဖြစ်ပြီး ကုလားပဲကို အဓိက သီးနှံအဖြစ် စိုက်ပျိုးနိုင်သည့် အပြင် သီးထပ်သီးညှပ်လည်း စိုက်ပျိုးနိုင်သည့် အတွက် တောင်သူများအနေဖြင့် ဝင်ငွေရ သီးနှံအဖြစ် စိုက်ပျိုးလျက်ရှိ ကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင် ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင် မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင် သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွား ဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာ မည်ဖြစ်သောကြောင့် ကုလားပဲ ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဇလွန်မြို့နယ်တွင် ဒေသထွက် နာနတ်သီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ဇလွန် ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ နယ်တွင် ဒေသထွက် နာနတ်သီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ် ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်တွင် ဒေသထွက် နာနတ်သီးများထွက်ရှိပြီး ဒီဇင်ဘာလ ပထမပတ်မှစတင်ပြီး ယနေ့ထိ နာနတ်သီးများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် နာနတ်သီး များ တစ်ရက်လျှင် အလုံးရေ ၃၅၀၀၀ မှ ၄၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေ ကြောင်း သိရသည်။

"ဇလွန်မြို့နယ်ကနေ ထွက်ရှိတဲ့ နာနတ်သီးတွေ အရောင်းအဝယ်ကောင်း နေပါတယ်။ နာနတ်သီးတွေက ဒေသ ထွက်ကုန်ဖြစ်လို့ လတ်ဆတ်ပြီး အရည် အသွေးလဲ ကောင်းမွန်ပါတယ်။ နာနတ် သီးတွေကို ဒေသဈေးကွက်နဲ့ အခြားဒေသ ကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေတာကြောင့် အရောင်း အဝယ်ကောင်းနေတာပါ"ဟု ဇလွန် မြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

ဇလွန်မြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ် ကောင်းမွန်နေသည့် နာနတ်သီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၆၀၀၀၀ မှ ၂၈၅၀၀၀ ထိ ပေါက်ဈေး ရှိကြောင်း သိရသည်။


အဆိုပါဒေသထွက် နာနတ်သီးများနှင့် အခြားကုန်စိမ်းများကို ပုသိမ်၊ ပန်းတနော်၊ ဟင်္သာတ စသည့်ဒေသများသို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ နာနတ်သီးများ အရောင်းအဝယ် ကောင်းမွန်နေသော ကြောင့် နာနတ်သီးစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သား များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဆက်ဆံရခက်သူ

ချစ်နိုင်(စိတ်ပညာ)




အိမ်မှာခွေးသုံးကောင်နှင့် ကြောင်သုံးကောင်ရှိပါသည်။ သူတို့ကို မွေးမြူလာသော ရာဇဝင်ကိုကား မတင်ပြလိုတော့ပေ။ အကြောင်းအမျိုးမျိုးနှင့် သူတို့ရောက်လာကြသည်။ ရေစက်ဆုံ၍ အတူတွေ့ကြရသည်ဟု ကောင်းစွာကျွေးမွေး၍သူတို့နေရေးထိုင်ရေး ကျန်းမာရေးကို မိသားစုဝင်များကဲ့သို့ပင် ကြင်နာခင်မင်စွာ ဂရုစိုက်ဆက်ဆံပါသည်။

ခွေးသုံးကောင်ကလည်း ညအချိန် အိမ်လုံခြုံအောင် ကင်းစောင့်ပေးဖော်ရပါ၏။ အိမ်ရှင်ကို ချစ်ခင်အလေးထားတတ်ကြပါ၏။ လူနှင့်နီးနီးနေချင်သော ခွေးအမနှစ်ကောင်က မိမိတို့အပြင်မှ ပြန်လာကြလျှင် အားရဝမ်းသာ အမြီးနန့်ကာ အနီးကပ်တိုးဝှေ့ကြိုဆိုတတ်သည်။ ခွေးအထီးကတော့ ခပ်တည်တည်နှင့် မလှမ်းမကမ်းမှာသာ လာကြည့်နေလေ့ရှိသည်။ ဟိုခွေးအမနှစ်ကောင်လို ဖက်လဲတကင်း ကြိုခြင်းမျိုး မလုပ်။ လူနှင့်ဆက်ဆံထိတွေ့မှု အနီးအဝေး၊ ခွေးချင်းတောင် တစ်ကောင်နှင့်တစ်ကောင် မတူကြချေ။ အလေ့အထမတူပေ။

ကြောင်သုံးကောင်လည်း ဤသို့ပင် လူနှင့်ပွေ့ပွေ့ပိုက်ပိုက်နေချင်သော ကြောင်ချည်းပင်ဖြစ်သော်လည်း သူတို့၏ ပိုမိုခင်မင်ရင်းနှီးမှုချင်းတွင် လူရွေးသည်။ လိမ္မော်က ဖိုးဝလုံးကို ပိုကပ်သည်။ လုံလုံက ဖိုးရွှေလုံးနှင့် ပိုနီးစပ်သည်။ ဝါဝါကတော့ နှစ်ဦးစလုံးနှင့် ပွတ်သီးပွတ်သပ်နေတတ်သည်။ သူတို့အပေါ့အလေးသွားဖို့ရာ နေရာသီးသန့်အနေနှင့် ဆန်ကောတစ်ချပ်ထဲမှာ သဲထည့်၍ သန့်စင်နေရာ လုပ်ပေးထားသည်။ နေ့စဉ်လဲလှယ်ပေးသည်။

တစ်ခါတစ်ရံ ဖွဲဖောက်၍ ဝါဝါသည် ရေခဲသေတ္တာကို သေးပန်းချင်ပန်းသည်။ စာအုပ်စင်ကို သေးပန်းချင်ပန်းသည်။ နေ့စဉ် အမြဲတစေမဟုတ်သဖြင့် စိတ်ရှည်သည်းခံ၍ လှဲကျင်းသန့်ရှင်းပေးရလေသည်။ ကြောင်သေးကြောင်ချေးဆိုသည် နံစော်နေသည်မဟုတ်လား။

ကိုယ်ချစ်၍ ကျွေးမွေးထားသောကြောင်ကလေး ခွေးကလေးတွေ၌ပင် မိမိစိတ်တိုင်းကျသည်များ ရှိသကဲ့သို့ စိတ်အလိုမကျသော အချက်တချို့လည်း ရှိပေသည်။ ကိုယ်နှင့်အနီးကပ် နေထိုင်ဆက်ဆံနေရသဖြင့် တိရစ္ဆာန်ပင်ဖြစ်သော်လည်း မိသားစုလို မေတ္တာထားရပါတော့သည်။

တကယ်တော့ လူဆိုသည်ကား လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်း၊ လူ့အသိုက်အအုံနှင့်သာနေရသည်မဟုတ်လား။ တောဟေဝန်ဇာတ်လမ်း(Jungle Book by Rudyard Kipling) ဝတ္ထု(ရုပ်ရှင်ဇာတ်ကားများလည်း လူနှင့်ရော၊ ကာတွန်းပါရှိခဲ့ပါသည်) စာအုပ်ထဲက မော်ဂလီဇာတ်ကောင်လို၊ တာဇံရုပ်ရှင်ဇာတ်ကားထဲက မင်းသား ဂျော်နီဝိုက်စမူလာလို တောထဲတောင်ထဲမှာပဲ အသက်ရှင်ကျင်လည်၍မရပေ။

ရှေးရှေးသောပညာရှိတို့က လူဆိုသည်မှာ ဆက်ဆံရေးသတ္တဝါအမျိုးဟု သတ်မှတ်ခေါ်ဝေါ်ခဲ့၏။ လူဆိုသည်မှာ ဤကမ္ဘာတွင် အသိဉာဏ်အမြင့်ဆုံးဖြစ်သည်နှင့်အညီ နိုင်ငံရေးသတ္တဝါဟုခေါ်နိုင်သည်ဟုလည်း မိန့်ဆိုခဲ့သေးသည်။ အစုအဝေးအသင်းအဖွဲ့တွေနှင့်နေကြသဖြင့် တစ်စုနှင့်တစ်စု၊ တစ်ပြည်နှင့်တစ်ပြည်၊ နိုင်ငံရေးအရ ဆက်ဆံရေးများရှိလာကြရသည်ပင်။

ဆက်ဆံရေးသတ္တဝါခေါ်ခေါ်၊ နိုင်ငံရေးသတ္တဝါဆိုဆို၊ လူသားတစ်ဦးသည် အခြားလူသားများနှင့် အနီးအဝေး၊ အကြီးအသေး၊ လူစားအမျိုးမျိုးကို ရှောင်လွှဲမရဘဲ ထိတွေ့ဆက်ဆံနေရမည်ကား လောကဓမ္မတာပေတည်း။ ကိုယ့်မိသားစုထဲမှာဖြစ်စေ၊ ရပ်ရွာထဲမှာဖြစ်စေ၊ မိမိနှင့်အကြိုက်ချင်းညီ၍ အပြန်အလှန်ချစ်ခင်လေးစားသော ဆက်ဆံရေးရှိသူလည်း တွေ့ရပေမည်။ မိမိနှင့်သဘောထားမကိုက်ညီသူနှင့်လည်း ကြုံကောင်းကြုံရပေလိမ့်မည်။ အိမ်တွင်ဖြစ်စေ၊ ဈေးတွင်ဖြစ်စေ၊ ဘတ်စ်ကားပေါ်တွင်ဖြစ်စေ၊ ရုံးတွင်၊ အလုပ်ခွင်တွင်ပင်ဖြစ်စေ၊ မိမိနှင့်အဆင်မပြေ အထစ်အငေါ့ထိပ်တိုက်တွေ့ရသော လူတချို့နှင့်လည်း ဆုံရတတ်သေးသည်။ တစောင်းစေးနှင့် မျက်ချေးဆိုသကဲ့သို့ မသင်မတင့်မျက်နှာကြောမတည့်ရုံမျှမက ရန်လိုမုန်းတီးရသောလူစားမျိုးနှင့်လည်း မတည့်အတူနေ ဖြစ်ရတတ်လေသည်။

ဘဝခရီးလည်းတစ်လျှောက်တွင် အကောင်းအဆိုး၊ အတော်အညံ့၊ လူအမျိုးမျိုးနှင့် တစ်ခါတစ်ရံ အတူသွားလာရ၊ အတူလုပ်ကိုင်ရ၊ အတူတကွနေရစားရအချိန်မျိုးလည်း ဖြတ်သန်းရတတ်သည်။ ထိုကဲ့သို့သော လူစားမျိုးတွေကို မည်သို့ဆက်ဆံရပါမည်နည်း။

မတွေ့ချင်မကြုံချင်ပါသော်လည်း မိမိက တမင်ရွေးချယ်ခွင့်မရခဲ့ဘဲ ရေစက်ဆုံရသောလုပ်ငန်းခွင်၌ အထက်လူဖြစ်စေ၊ လက်အောက်ငယ်သားဖြစ်စေ၊ လုပ်ဖော်ကိုင်ဖက်အနေနှင့်ဖြစ်စေ ထိုလူစားမျိုးတွေနှင့် ကြုံရတတ်သည်၊ ဆုံရတတ်သည်သာ။ ဤပြဿနာသည် တိမ်မယောင်နှင့်နက်ပေ၏။ လွယ်မယောင်နှင့်ခက်ချေ၏။ နည်းမှန်လမ်းမှန်မကိုင်တွယ်တတ်ပါက ဘေးထွက်ဆိုးကျိုးများ၊ သူရောကိုယ်ပါ နှစ်ဖက်စလုံး ချောက်ကျရတတ်သောဆုံးရှုံးမှုမျိုးလည်းရှိတတ်ကြောင်း အတွေ့အကြုံအရ သင်ခန်းစာမြင်ရကြားရဖူး၏။

ရန်ကိုရန်ချင်း မတုံ့နှင်းနှင့်ဟု ဆိုစကားရှိထားပါသော်လည်း တမင်သက်သက် အနှောင့်အယှက်ဖြစ်လောက်အောင် ဆက်ဆံရေးခက်သောသူများလည်း ရှိတတ်သဖြင့် ထိုသူတို့နှင့် အဆင်ပြေစွာဆက်ဆံနည်းစာအုပ်များ နှစ်ဆယ်ရာစုအတွင်း အနောက်နိုင်ငံများတွင် ထွက်ခဲ့ကြသည်။ အချို့စာအုပ်များသည် ထူးထူးခြားခြား ရောင်းအားအကောင်းဆုံး စံချိန်တင်အောင် ထင်ရှားကျော်ကြားခဲ့သည်။

ပေါင်းသင်းဆက်ဆံရခက်သူများနှင့် အဆင်ပြေအောင်ဆက်ဆံနည်းအကြောင်း ထွက်ပေါ်ခဲ့သော စာအုပ်များအနက်မှ မြန်မာ့ရေမြေ၊ မြန်မာစာဖတ်ပရိသတ်နှင့်ကိုက်ညီမည့်စာအုပ်မျိုးကိုရွေး၍ မြန်မာဘာသာသို့ ပြန်ဆိုကြသူများ လေး၊ ငါး၊ ဆယ်ဦးရှိကြောင်းတွေ့ရပါသည်။ စိတ်ဝင်စားစရာကောင်းသော ဆက်ဆံရေးစိတ်ပညာဆိုင်ရာ စာအုပ်များဖြစ်ကြသဖြင့် စာကြည့်တိုက်မှ ငှားယူ၍လည်းကောင်း၊ ကိုယ်ပိုင်ဝယ်၍လည်းကောင်း လေ့လာဖတ်ရှုပါသည်။

မည်သည့်စာရေးဆရာ ဘာသာပြန်သော ဘယ်စာအုပ်က ပိုကောင်းသည်။ ဘယ်စာအုပ်က အကောင်းဆုံးဟုနှိုင်းယှဉ်ဝေဖန်သုံးသပ်ရန် စာရေးသူမတတ်စွမ်းပါ။ မူရင်းစာအုပ်ကိုလည်း ယခုအချိန်အထိ မဖတ်ဖူးခြင်းသည်လည်း အကြောင်းရင်းတစ်ခုဖြစ်ပါသည်။ မြန်မာဘာသာသို့ပြန်ဆိုခဲ့ကြသည့်ဆရာများအားလုံးကား အတွေ့အကြုံလည်း ရင့်ကျက်၊ ဘာသာပြန်လည်း ကျွမ်းကျင်၊ အင်္ဂလိပ်လိုကော မြန်မာစာပါ စာရေးကောင်းကြောင်း ထင်ရှားပြီးသောဆရာကြီးများဖြစ်ကြပါသည်။

ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာနပါမောက္ခ၊ ထိုမှ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်တာဝန်များအပြင် ပညာရေးဝန်ကြီးတာဝန်အထိ ထမ်းဆောင်ခဲ့ရသည့်ဆရာကြီး ဒေါက်တာကျော်စိန်သည်လည်း ဤအကြောင်းအရာကို ဘာသာပြန်ခဲ့သူများအနက် တစ်ဦးအပါအဝင်ဖြစ်ပါ၏။ ဒေါက်တာကျော်စိန်သည် ဇော်ဋ္ဌီကာ (ပ၊ ဒုနှစ်တွဲ)အပါအဝင် ထင်ရှားသော စာအုပ်အတော်များများ ပြုစုရေးသားခဲ့သည့် စာရေးဆရာကြီးတစ်ဦးလည်းဖြစ်ပါသည်။ ၁၉၈၃ ခုနှစ်က ရန်ကုန်တက္ကသိုလ်စစ်ဆေးရေးစိတ်ပညာ (Psychological Testing of Applied Psych–ology Diploma Course) သင်တန်း(၁) တစ်နှစ်ခွဲသင်တန်းကို မိမိတို့သင်တန်းသား ငါးဦး သီးသန့်စီမံဖွင့်လှစ်သင်ကြားပေးခဲ့သော ကျေးဇူးရှင်မိမိ၏ဆရာကြီးလည်းဖြစ်ပါသည်။ မင်္ဂလာဒုံတပ်မတော်ဆေးရုံ၊ စိတ်ရောဂါကုဌာနမှ ဒေါက်တာမျိုးသိန်း၊ ဒေါက်တာစိန်မြင့်တို့ထံတွင်လည်းကောင်း၊ ထိုစဉ်က တံတားလေး စိတ်ရောဂါကုဆေးရုံတွင် ဆေးရုံအုပ်ကြီး ဒေါက်တာ မြမြဝင်း ခေါ် ဒေါ်ထူးဘူ၊ ဒေါက်တာ သိန်းငွေးဖေတို့ထံတွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာနမှ ဒေါက်တာညီဝင်းမှန်၊ ဒေါက်တာခင်အေးဝင်း၊ ပါမောက္ခ ဒေါ်အေးသန်း စသည့်သူတို့ထံတွင်လည်းကောင်း ၁၈ လကြာ ပညာဆည်းပူးခဲ့ရဖူးပါသည်။ ဆက်ဆံရေးစိတ်ပညာကို ဆရာကြီးကိုယ်တိုင် တာဝန်ယူပို့ချသင်ပြခဲ့ပါ၏။

ထို့ကြောင့် ဤဘာသာရပ်နှင့်ဆိုင်သော ဤစာအုပ်မျိုးကို ဆရာကြီးဒေါက်တာကျော်စိန် ဘာသာပြန်ခြင်းသည် အသင့်လျော်ဆုံးဆောင်ရွက်ချက်ဟု စာရေးသူက မှတ်ယူပါ၏။ ထို့ထက်မှာ ပညာရှိချင်းနဖူးချင်းတိုက်မိလိုက်ပုံက ထိုစာအုပ်ကို ဆရာကြီး ဒေါက်တာ ကျော်စိန်က ဘာသာပြန်သကဲ့သို့ မိမိကို မန္တလေးတက္ကသိုလ်တွင် လေးနှစ်ကြာ စိတ်ပညာအထူးပြုဘွဲ့ရအောင် သင်ကြားပို့ချပေးခဲ့သူ ဆရာကြီး ဦးခင်မောင်သန်းကလည်း (ခနစီးပွားရေးမဂ္ဂဇင်းတွင် ရှိန်းထက်နောင် ကလောင်အမည်ခွဲဖြင့်) လစဉ်အခန်းဆက်ဆောင်းပါးအဖြစ် တစ်ချိန်တည်း တစ်ပြိုင်တည်းလိုလို ရေးသားတိုက်ဆိုင်နေခဲ့ပါသည်။

တက္ကသိုလ်များတွင် သင်ကြားရသောစိတ်ပညာဘာသာရပ်များအနက် ဆက်ဆံရေးစိတ်ပညာသည် လူအများက အထူးစိတ်ဝင်စားသော ဘာသာရပ်တစ်ခုဖြစ်ပါသည်။ စံလွဲစိတ်ပညာ၊ စိတ်ပညာဆိုင်ရာစစ်ဆေးခြင်း၊ စက်မှုစိတ်ပညာ၊ အာကာသစိတ်ပညာ၊ ကုခန်းစိတ်ပညာ၊ ကလေးစိတ်ပညာ၊ ဖွံ့ဖြိုးမှုစိတ်ပညာ၊ ပညာရေးစိတ်ပညာ၊ အကြံပေးစိတ်ပညာ စသည်အားလုံးထက် ဆက်ဆံရေးစိတ်ပညာကို လူအများက အသုံးချရကောင်းမှန်းကောင်းစွာသိမြင်ကြပေသည်။

ဆရာကြီးဒေါက်တာကျော်စိန်၊ ဆရာကြီး ဦးခင်မောင်သန်းတို့ရေးသောဆက်ဆံရေးဆိုင်ရာ ဤစာအုပ်မျိုးကို အခြားစာရေးဆရာ လေး၊ ငါး၊ ခြောက်ဦး ဘာသာပြန်စာအုပ်အသီးသီးကိုလည်း လေ့လာဖတ်ရှုသူများလေသည်။ နေ့စဉ်မိသားစုဘဝ၊ ရပ်ရေးရွာရေး၊ လုပ်ဆောင်မှုမှအစ၊ လုပ်ငန်းခွင်၊ ပြင်ပနေရာ ဌာနအသီးသီးတို့တွင် ဆက်ဆံရေးပညာတတ်မြောက်ကျွမ်းကျင်မှုသည် အဆင်ပြေအောင်မြင်စေရေးအတွက် ကြီးမားသည့်အထောက်အကူပြုသော အတတ်ပညာအဖြစ် ပညာတတ်အသိုင်းအဝိုင်းက လူများနားလည်ကြသည်။ စာဖတ်ဝါသနာပါသူများ သိမြင်ကြသည်။ ဆရာကြီးတို့၏ ဤစာအုပ်များကိုလည်း လေ့လာဖတ်ရှုကြသူများကြောင်း တွေ့ရှိရသဖြင့် (တပည့်ရင်းမိမိမှာ) ကြည်နူးဝမ်းသာဂုဏ်ယူမိပါသည်။

ကျောင်းစာဖတ်ဝိုင်း၊ သင်တန်းမျိုးစုံက စာဖတ်ဝိုင်း၊ စာပေသမားများ စာပေဆွေးနွေးပွဲ၊ စာကြည့်တိုက်များက ကျင်းပကြသော စာဖတ်ဝိုင်း စသည်တို့တွင်လည်း စိတ်ဝင်စားစွာဆွေးနွေးကြကြောင်း သိရှိရပါသည်။ (ပြန်ကြားရေးစာကြည့်တိုက်များ၊ ရပ်ကွက်ကျေးရွာစာကြည့်တိုက်များတွင်လည်း လက်တွေ့ဘဝတိုင်း အဆင့်တိုင်းအတွက် အသုံးဝင်သော ဤကဲ့သို့စာအုပ်မျိုးကို ထားရှိပေးသင့်ပါကြောင်း အလျဉ်းသင့်သဖြင့် တင်ပြလိုပါသည်။ ပါမောက္ခများကိုယ်တိုင် စေတနာထက်သန်စွာ တက္ကသိုလ်ပရိဝုဏ်ပြင်ပရှိလူတန်းစားအလွှာအားလုံး သိစေတတ်စေလိုသောဆန္ဒဖြင့် ပြုစုဘာသာပြန်ပေးခဲ့ခြင်းကို နားလည်မိပါသည်။

စာမျက်နှာ ၅ သို့

**❖ ရန်ကိုရန်ချင်း မတုံ့နှင်းနှင့်ဟု ဆိုစကားရှိထားပါသော်လည်း တမင်သက်သက် အနှောင့်အယှက်ဖြစ်လောက်အောင် ဆက်ဆံရေးခက်သောသူများလည်းရှိတတ်သဖြင့် ထိုသူတို့နှင့် အဆင်ပြေစွာဆက်ဆံနည်းစာအုပ်များ နှစ်ဆယ်ရာစုအတွင်း အနောက်နိုင်ငံများတွင် ထွက်ခဲ့ကြသည်။ အချို့စာအုပ်များသည် ထူးထူးခြားခြား ရောင်းအားအကောင်းဆုံး စံချိန်တင်အောင်ထင်ရှားကျော်ကြားခဲ့သည်။ ပေါင်းသင်းဆက်ဆံရခက်သူများနှင့် အဆင်ပြေအောင်ဆက်ဆံနည်းအကြောင်း ထွက်ပေါ်ခဲ့သောစာအုပ်များအနက်မှ မြန်မာ့ရေမြေ၊ မြန်မာစာဖတ်ပရိသတ်နှင့်ကိုက်ညီမည့်စာအုပ်မျိုးကိုရွေး၍ မြန်မာဘာသာသို့ ပြန်ဆိုကြသူများ လေး၊ ငါး၊ ဆယ်ဦးရှိကြောင်း တွေ့ရပါသည်။ ❖**

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေး မြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## မဲပေးကြဖို့ စဉ်းစားစို့

\- မဲတစ်ပြားဂုဏ်ရည်
သုံးသပ်မည်ဆိုပါက၊
တို့နိုင်ငံတိုးတက်မှု
စွမ်းဆောင်ပြမည့် သူကိုကွယ်
ရွေးချယ်ရန် အခွင့်အလမ်း
ပေးစွမ်းသည်ပ။

\- ထို့ကြောင့်သာပ
မဲပေးကြရန်ရွယ်ရည်
တွေးဆရမည်၊
တို့များတိုင်းပြည်
စည်ပင်ဖွံ့ဖြိုးစေရုံမက၊
အမျိုး ဘာသာ သာသနာနှင့်
ရိုးရာယဉ်ကျေးမှုများ
ထည်ဝါပြောင်းအောင် စွမ်းဆောင်ခြင်း
အမှန်ဆောင်ကြဉ်းနိုင်သူရွေးလို့
မဲပေးသင့်လှ။

\- လူ ပုဂ္ဂိုလ် ပါတီစွဲ
မထားဘဲ ပြည်အကျိုးသာ၊
ရှေးရှုကာမဲကိုရွေး
ပေးကြရမှာ၊
တို့ပြည်မြန်မာ
သာယာဖွံ့ဖြိုးနိုင်မည်မို့၊
ပေးခွင့်မဲတစ်ပြား
အကျိုးရှိအောင် ရွေးချယ်ခြင်း
ဆောင်ကြဉ်းကြစို့။ ။

အင်ကြင်းသူ(နေပြည်တော်)

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါး ၁၁၅၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ဘုတလင် ဒီဇင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၁၅၃ ဧကထိ ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၅၇၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောစပါးစိုက်ခင်းများကို ယခုနှစ် နိုဝင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၁၅၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၇ ဒသမ ၉၁ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ စပါး ၃၄၅၇၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ အခုလက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၁၅၃ ဧက ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေး အတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံ တောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဘုတလင်မြို့နယ်တွင် စပါး စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်း ပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဘုတလင်မြို့နယ်တွင် စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှား ကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှီး ပေါင်းထိုးခြင်း၊ မျိုးကွဲ နုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

## မိုးညိုမြို့နယ် မနော်နွယ်ကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးညို ဒီဇင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မနော်နွယ်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မနော်နွယ်ကုန်းကျေးရွာ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကော်မတီဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၂၇ ဒသမ ၇ သန်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၂၈ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**

á **စာမျက်နှာ ၄ မှအဆက်**

ကျေးဇူးရှင်ဆရာကြီး ဒေါက်တာ ကျော်စိန် (၁၉၃၂-၂၀၁၃)နှင့် ပါမောက္ခ ဦးခင်မောင်သန်း(စိတ်ပညာ) (၁၉၃၇-၂၀၁၀) မိမိ၏လမ်းပြရှေ့ဆောင် မီးပြတိုက်သဖွယ်ဖြစ်သော ကျေးဇူးကြီးမားအာစရိယ ဆရာသမားတို့အား ဤနေရာမှ အမှတ်တရရှိသေစွာ ကန်တော့အပ်ပါသည်။

**"ဆက်ဆံရန်ခက်ခဲသူများနှင့် အလွန်းသင့်နည်း"**

စာအုပ်တွင်ပါဝင်သောအခန်းများကို ဖော်ပြလိုပါသည်။ အခန်း ၁၀ ခု အကြောင်းအရာခေါင်းစဉ်များသည် အောက်ပါအတိုင်းဖြစ်ကြပါသည်-

**၁။ ရန်လိုသူနှင့် ဆက်ဆံနည်း၊**
**၂။ ဇွတ်တရွတ်နိုင်သူ၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းသူနှင့် ဆက်ဆံနည်း၊**
**၃။ လှည့်ဖျားတတ်သူ၊ လျှို့ဝှက်တတ်သူ၊**
**၄။ ပရိယာယ်များသူ၊ ဉာဏ်ဆင်သူ၊**
**၅။ ရိုင်းစိုင်းသူ၊**
**၆။ အတ္တများသူ၊ ကိုယ်ကျိုးသာကြည့်တတ်သူ၊**
**၇။ ချီတုံချတုံဖြစ်နေတတ်သူ၊**
**၈။ ခေါင်းမာသူ၊**
**၉။ စကားမပြောသူ၊ နှုတ်ပိတ်နေတတ်သူ၊**
**၁၀။ ညည်းသူ၊ ဝေဖန်တတ်သူ၊**

အခန်းတိုင်းတွင် မိမိ၏အထက်အရာရှိ၊ အထက်လူ၊ လုပ်ဖော်ကိုင်ဖက်များ၊ လက်အောက်ငယ်သားများ စသည်ဖြင့်အပိုင်း၊ အဆင့်ထပ်မံခွဲခြားလျက် အသေးစိတ် သိမြင်နားလည်အောင် ဖော်ပြပေးထားသောကြောင့် ဖတ်ရှုသူအတွက် အသုံးချစရာနည်းနာ၊ အတတ်ပညာကောင်း ဆက်ဆံရေးစိတ်ပညာစာအုပ်မျိုးဖြစ်ပါသည်။ လေ့လာသင့်ကြောင်း ထောက်ခံတင်ပြလိုပါသည်။

# နိုင်ငံတကာ သတင်းများ

## အိုင်အက်စ်အဖွဲ့ဝင်အဖြစ် ယူဆရသူတစ်ဦး၏ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

ဝါရှင်တန် ဒီဇင်ဘာ ၁၄

ဆီးရီးယားနိုင်ငံ၌ အစ္စလာမ္မစ်နိုင်ငံ အကြမ်းဖက်အုပ်စု (အိုင်အက်စ်) အဖွဲ့ဝင်တစ်ဦးအဖြစ် ယူဆရသူတစ်ဦး၏ တိုက်ခိုက်မှုကြောင့် အမေရိကန် ကြည်းတပ်တပ်ဖွဲ့ဝင် နှစ်ဦးနှင့် အရပ်သား စကားပြန်တစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၃ ရက်က သတင်းထုတ်ပြန်ထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုသည် ဆီးရီးယားနိုင်ငံ အလယ်ပိုင်း ပါလ်မီရာမြို့၌ ဖြစ်ပွားခဲ့ပြီး တိုက်ခိုက်မှုကျူးလွန်သူမှာ ဆီးရီးယားအစိုးရ လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးဖြစ်ကြောင်း သိရသည်။

ပါလ်မီရာမြို့၌ ဖြစ်ပွားခဲ့သည့် အဆိုပါယာဉ်တန်း တိုက်ခိုက်ခံရမှုအတွင်း အခြားအမေရိကန်တပ်ဖွဲ့ဝင်သုံးဦးလည်း ဒဏ်ရာရရှိခဲ့ကြကြောင်း အမေရိကန်တပ်မတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံဦးဆောင်သော အိုင်အက်စ်ချေမှုန်းရေး ညွန့်ပေါင်းအုပ်စုနှင့် နိုင်ငံရေးပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဆီးရီးယားအစိုးရကကြေညာခဲ့ပြီး တစ်လအကြာတွင် ဆီးရီးယားရှိ အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။

တိုက်ခိုက်မှု ကျူးလွန်သူမှာ ဆီးရီးယား လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးဖြစ်ပြီး အိုင်အက်စ်အုပ်စု၏ အစွန်းရောက် သဘောတရားများ ရိုက်သွင်းခံထားရသူဖြစ်နိုင်ကြောင်း ဆီးရီးယားတပ်မတော်မှ တာဝန်ရှိသူများက ပြောကြားထားသည်။

ဆီးရီးယားရှိ အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရမှုအတွက် ပြင်းပြင်းထန်ထန် လက်တုံ့ပြန်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားကြောင်း သိရသည်။ Ref : RT

Trs : KKO

## ရဟတ်ယာဉ်များသုံး၍ ဆေးခြောက်မှောင်ခိုတင်သွင်းသည့် မူးယစ်ဂိုဏ်းကို စပိန်ရဲတပ်ဖွဲ့ ဖြိုခွင်းနိုင်ခဲ့

မက်ဒရစ် ဒီဇင်ဘာ ၁၄

မော်ရိုကိုနိုင်ငံမှ မူးယစ်ဆေးဝါးများကို မှောင်ခိုတင်သွင်းရေးအတွက် ရဟတ်ယာဉ်များအသုံးပြုနေသော မူးယစ်ဂိုဏ်းတစ်ဂိုဏ်းကို ဖြိုခွင်းနိုင်ခဲ့သည်ဟု စပိန်ရဲတပ်ဖွဲ့က ဒီဇင်ဘာ ၁၃ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ မူးယစ်မှောင်ခိုဂိုဏ်းသည် မော်ရိုကိုနိုင်ငံမှ ဆေးခြောက်များကို ရဟတ်ယာဉ်များဖြင့် သယ်ဆောင်၍ မြေထဲပင်လယ်ကို ဖြတ်ပြီး စပိန်နိုင်ငံတောင်ပိုင်းသို့ ခိုးသွင်းနေကြောင်း စပိန်ရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

မူးယစ်မှောင်ခိုလုပ်ငန်းအတွက် အဆိုပါ မူးယစ်ဂိုဏ်းက သုံးစွဲနေသော ရဟတ်ယာဉ်များသည် တစ်ကြိမ်လျှင် ဆေးခြောက်ပမာဏ ကီလိုဂရမ် ၅၀၀ နှင့် ၇၀၀ ကြား သယ်ဆောင် ပျံသန်းနိုင်ကြောင်း စပိန်ရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားထားသည်။

မူးယစ်ဂိုဏ်းများသည် စပိန်နိုင်ငံတောင်ပိုင်းမှတစ်ဆင့် အခြား ဥရောပနိုင်ငံများသို့ ကုန်းလမ်းခရီးဖြင့် ဆေးခြောက်များကို တစ်ဆင့်ပို့ဆောင်လေ့ရှိကြောင်း စပိန်ရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

ရဟတ်ယာဉ်များဖြင့် မူးယစ်ကုန်ကူးနေသော မူးယစ်ဂိုဏ်းကို မာလာဂါပြည်နယ်၊ အယ်လ်မာရီယာပြည်နယ်၊ မာစီယာပြည်နယ်တို့တွင် ပြုလုပ်ခဲ့သည့် စီးနင်းမှုများအတွင်း ဖြိုခွင်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း စပိန်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

စီးနင်းမှုများအတွင်း စပိန်ရဲတပ်ဖွဲ့သည် ရဟတ်ယာဉ်တစ်စင်း၊ ဆေးခြောက် ၆၅၇ ကီလိုဂရမ်၊ လက်နက်ငယ်များ၊ ငွေစက္ကူများ၊ မော်တော်ယာဉ်များကို သိမ်းဆည်းရမိခဲ့ပြီး လူခြောက်ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ထိုင်းနယ်စပ်တစ်လျှောက် ဝင်ထွက်ပေါက်များကို ကမ္ဘောဒီးယားအစိုးရက အဝင်၊ အထွက်ပိတ်ပင်



ဖနောင်ပင် ဒီဇင်ဘာ ၁၄

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရယူထားခြင်းမရှိကြောင်း ထိုင်းအစိုးရက ပြောကြားခဲ့ပြီးနောက် ကမ္ဘောဒီးယားနိုင်ငံသည် နယ်စပ် ဝင်ထွက်ပေါက်များကို ပိတ်ထားလိုက်ပြီဖြစ်ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံ ခေါင်းဆောင်များနှင့် ဖုန်းခေါ်ဆိုဆွေးနွေးပြီးနောက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ပြန်လည် စောင့်ထိန်းရေးအတွက် ကြားဝင် ညှိနှိုင်းပေးနိုင်ခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဒီဇင်ဘာ ၁၂ ရက်တွင် ပြောကြားထားသည်။

သို့ရာတွင် ထိုင်းနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရယူထားခြင်းမရှိဘဲ ဆက်လက်တိုက်ခိုက်မည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် အနူတင်ချန်ဗီရာကူးလ်က ဒီဇင်ဘာ ၁၃ ရက်တွင် ပြောကြားခဲ့သည်။

အလားတူ ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံနယ်စပ်တစ်လျှောက်တွင် အပစ်အခတ်ရပ်စဲထားရေးအတွက် အစိုးရက ညွှန်ကြားထားခြင်းမရှိကြောင်း ထိုင်းကာကွယ်ရေးဝန်ကြီး နက်ဘာဖွန်နာဖာနတ်ကလည်း အတည်ပြုထားသည်။

ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံတို့အကြား လက်ရှိဖြစ်ပွားနေသည့် နယ်စပ်ပဋိပက္ခများသည် ဒီဇင်ဘာ ၈ ရက်တွင် စတင်ခဲ့သည်။

ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံတို့သည် ယခုနှစ် ဇူလိုင်လကလည်း နယ်စပ်ပြဿနာများကို အကြောင်းပြု၍ ငါးရက်ကြာ နယ်စပ်ပဋိပက္ခများဖြစ်ပွားခဲ့ရာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ကြားဝင်မှုဖြင့် အပစ်အခတ် ရပ်စဲနိုင်ခဲ့ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

## အစ္စရေးတပ်မတော်၏ တိုက်ခိုက်မှုကြောင့် ဟားမတ်စ်ထိပ်တန်းတပ်မှူး သေဆုံး

ဂျေရုဆလင် ဒီဇင်ဘာ ၁၄

ဂါဇာကမ်းမြောင်ဒေသ ဂါဇာမြို့၌ ဒီဇင်ဘာ ၁၃ ရက်က ပြုလုပ်ခဲ့သော တိုက်ခိုက်မှုတွင် ဟားမတ်စ်အုပ်စု ထိပ်တန်းခေါင်းဆောင် ရာအီဆာအက်ဒ်သေဆုံးခဲ့သည်ဟု အစ္စရေးတပ်မတော်က ယနေ့တွင် သတင်း ထုတ်ပြန်ထားကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ဟားမတ်စ်အုပ်စု၏ တိုက်ခိုက်မှုကြောင့် ဒီဇင်ဘာ ၁၃ ရက်က အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် ဟားမတ်စ်အုပ်စု ထိပ်တန်းတပ်မှူး ရာအီဆာအက်ဒ်ကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဟားမတ်စ်တပ်မှူး ရာအီဆာအက်ဒ်သည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က အစ္စရေးတောင်ပိုင်းတိုက်ခိုက်မှုကို ကြိုးကိုင်ခဲ့သူများထဲတွင် တစ်ဦးအပါအဝင်ဖြစ်ကြောင်း အစ္စရေးတပ်မတော်၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဟားမတ်စ်တပ်မှူး ရာအီဆာအက်ဒ် လုပ်ကြံခံရမှုသည် အစ္စရေးနှင့် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုတို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရယူခဲ့ပြီးနောက် ပထမဆုံး ဟားမတ်စ်အဆင့်မြင့်တာဝန်ရှိသူ တစ်ဦး လုပ်ကြံခံရမှုဖြစ်သည်။

အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့သည် အမေရိကန်အစိုးရ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် နှစ်နှစ်ကျော်ကြာ ဂါဇာပဋိပက္ခကို အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့် ယခုနှစ် အောက်တိုဘာလအတွင်း ရပ်ဆိုင်းထားသည်။

ဟားမတ်စ် ထိပ်တန်းတပ်မှူး ရာအီဆာအက်ဒ် လိုက်ပါလာသည့် မော်တော်ယာဉ်ကို အစ္စရေးတပ်မတော်ကတိုက်ခိုက်စဉ် ငါးဦးသေဆုံးခဲ့ပြီး အနည်းဆုံး ၂၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဂါဇာကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## အမေရိကန်နိုင်ငံ ဘရောင်းတက္ကသိုလ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား အနည်းဆုံး လူ နှစ်ဦးသေဆုံး၍ ကိုးဦး ဒဏ်ရာရ

ပရိဗီးဒန့်စ် ဒီဇင်ဘာ ၁၄

အမေရိကန်နိုင်ငံ ရုဒ်အိုင်လန်းကျွန်းပြည်နယ် ပရိဗီးဒန့်စ်မြို့ရှိ ဘရောင်းတက္ကသိုလ်၌ ဒီဇင်ဘာ ၁၃ ရက်က သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူနှစ်ဦး သေဆုံး၍ ကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သေနတ်ပစ်ခတ်မှု ကျူးလွန်သူသည် အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသူတစ်ဦးဖြစ်ပြီး ပစ်ခတ်မှု ကျူးလွန်ပြီးနောက် အခင်းဖြစ်ပွားရာနေရာမှ ထွက်ပြေးလွတ်မြောက်နေကြောင်း ပရိဗီးဒန့်စ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် ထွက်ပြေးလွတ်မြောက်နေသော သေနတ်သမား ဖမ်းဆီးရေးအတွက် ပရိဗီးဒန့်စ်ရဲတပ်ဖွဲ့က ကြိုးပမ်းလျက်ရှိသည်။




အဆိုပါ သေနတ်သမားသည် ဘရောင်းတက္ကသိုလ်၌ အတန်းတင်စာမေးပွဲများ ကျင်းပနေချိန်တွင် ပစ်ခတ်မှု ကျူးလွန်ခဲ့ခြင်းဖြစ်သည်။

ဘရောင်းတက္ကသိုလ် သေနတ်ပစ်ခတ်မှုတွင် ကျောင်းသားနှစ်ဦး သေဆုံး၍ အခြားကျောင်းသား ကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း တက္ကသိုလ် တာဝန်ရှိသူများက ပြောကြားထားသည်။

ဘရောင်းတက္ကသိုလ် သေနတ်ပစ်ခတ်မှုသည် ယခုနှစ်အတွင်း အမေရိကန်နိုင်ငံ၌ ဖြစ်ပွားခဲ့သည့် ၃၈၉ ကြိမ်မြောက် သေနတ်ပစ်ခတ်မှုဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ဘလူးအော်ရီဂျင်ကုမ္ပဏီက NS-37 မစ်ရှင်ကို ဒီဇင်ဘာ ၁၈ ရက်တွင် လွှတ်တင်ရန် စီစဉ်ထား




**ဝါရှင်တန် ဒီဇင်ဘာ ၁၄**

အမေရိကန်နိုင်ငံအခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် NS-37 မစ်ရှင်ကို ဒီဇင်ဘာ ၁၈ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

NS-37မစ်ရှင်ဖြင့် လွှတ်တင်မည့် New Shepard အာကာသ ဒုံးပျံယာဉ်ဖြင့် ပုဂ္ဂလိက အာကာသယာဉ်မှူး ခြောက်ဦးလိုက်ပါမည်ဖြစ်ကြောင်း ဘလူးအော်ရီဂျင် ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

NS-37 မစ်ရှင်အရ ပုဂ္ဂလိက အာကာသယာဉ်မှူး ခြောက်ဦးလိုက်ပါမည့် New Shepard အာကာသ ဒုံးပျံယာဉ်ကို ဝက်စ်တက္ကဆက်ဒေသ အာကာသစခန်းမှ တစ်ဆင့် ဒီဇင်ဘာ ၁၈ ရက်တွင် လွှတ်တင်မည်ဖြစ်သည်ဟု ဘလူးအော်ရီဂျင်ကုမ္ပဏီက ကြေညာထားကြောင်း သိရသည်။

New Shepard ဒုံးပျံယာဉ် ပုဂ္ဂလိက အာကာသခရီးသည် ခြောက်ဦးကို ကမ္ဘာမြေမျက်နှာပြင်အထက် ၆၂မိုင်အကွာရှိအာကာသ ဟင်းလင်းပြင် အနားစပ်နယ်မြေဆီသို့ ပို့ဆောင်ပေးမည်ဖြစ်သည်။

ကာမင့်မျဉ်း နယ်မြေဟုခေါ်သော အထက်ပါနယ်မြေတွင် NS-37 ပုဂ္ဂလိက အာကာသယာဉ်မှူးများအနေဖြင့် ဒြပ်ဆွဲအား သုညအခြေအနေကို ခံစားတွေ့ကြုံရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ယခုနှစ်၏ အကြိမ် ၃၀၀ မြောက် အာကာသမစ်ရှင်အဖြစ် စတားလင့်ခ်ဂြိုဟ်တု ၂၉ စင်းကို လွှတ်တင်ခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၁၄**

တစ်ကမ္ဘာလုံးအတိုင်းအတာအရ ယခုနှစ်၏ အကြိမ် ၃၀၀ မြောက် အာကာသမစ်ရှင်အဖြစ် စတားလင့်ခ်ဂြိုဟ်တု ၂၉ စင်းကို ဒီဇင်ဘာ ၁၃ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စတားလင့်ခ်ဂြိုဟ်တု ၂၉ စင်း သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ပင်မဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

လွှတ်တင်ပြီး တစ်နာရီခန့် အကြာတွင် ဖယ်လ်ကွန်-၉ ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ် ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။



ဒီဇင်ဘာ ၁၃ ရက် မစ်ရှင်အောင်မြင်မှုကြောင့် စပေ့အိတ်ကုမ္ပဏီ၏ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ကွန်ရက်တွင် ဝန်ဆောင်မှုများ ပေးနိုင်သည့် ဂြိုဟ်တုအစင်းပေါင်း ၉၁၀၀ ကျော်ထိ ရှိလာပြီဖြစ်သည်။

အဆိုပါမစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီအတွက် ယခုနှစ်၏ ၁၆၁ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ပြီး တစ်ကမ္ဘာလုံး အတိုင်းအတာအရဆိုပါက ယခုနှစ်၏ အကြိမ် ၃၀၀ မြောက် အာကာသမစ်ရှင် ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ကြယ်နှစ်စင်းကို တစ်ချိန်တည်း ဗဟိုပြုလှည့်ပတ်နေသော နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်တစ်စင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၁၄**

ကြယ်နှစ်စင်းကို တစ်ချိန်တည်း ဗဟိုပြုလှည့်ပတ်နေသော နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်တစ်စင်းကို အမေရိကန် သိပ္ပံပညာရှင်များကရှာဖွေတွေ့ရှိထားကြောင်း ဒီဇင်ဘာ ၁၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

HD 143811 AB b ဟူ၍ အမည်ပေးထားသော အဆိုပါဂြိုဟ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၄၄၆ နှစ်အကွာတွင် တည်ရှိသော နှစ်စင်းတွဲကြယ်စနစ်ကို ဗဟိုပြုလှည့်ပတ်လျက်ရှိသည်။

၎င်းဂြိုဟ်နှင့် မိခင်ကြယ်နှစ်စင်းကြား အကွာအဝေးသည် ယခင် ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ နှစ်စင်းတွဲ ကြယ်စနစ်များကို လှည့်ပတ်နေသော ဂြိုဟ်များထက် ပို၍ နီးကပ်ကြောင်း နေ့သ်ဝက်စ်သမ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

HD 143811 AB b ဂြိုဟ်သည် မိခင်ကြယ်နှစ်စင်းကို သာမန်ထက် ပို၍နီးကပ်သော ပတ်လမ်းမှ လှည့်ပတ်နေသည့်တိုင် ၎င်းဂြိုဟ်၏ တစ်နှစ်တာ အချိန်ကာလသည် ကမ္ဘာဂြိုဟ်နှစ်အားဖြင့် နှစ် ၃၀၀ နှင့် ညီမျှကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် HD 143811 AB b ဂြိုဟ်ကို ဂျီမီနီဆောက်သ်ရေဒီယိုတယ်လီစကုပ်ဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာ သိပ္ပံပညာရှင်များအနေဖြင့် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်များကို စင်းရေ ၆၀၀၀ ထိ ရှာဖွေတွေ့ရှိထားပြီး ဖြစ်သော်လည်း နှစ်စင်းတွဲကြယ်စနစ်ကို လှည့်ပတ်နေသော ဂြိုဟ်များမှာ အနည်းငယ်သာ ပါဝင်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## ကာကွယ်ဆေးများနှင့်အော်တစ်ဇင်ရောဂါဖြစ်ပွားမှုတို့ကြား ဆက်စပ်မှုမရှိကြောင်း WHO အတည်ပြု

**ဂျီနီဗာ ဒီဇင်ဘာ ၁၄**

ကာကွယ်ဆေးများနှင့် အော်တစ်ဇင်ရောဂါဖြစ်ပွားမှုတို့ကြား ဆက်စပ်မှုမရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကျွမ်းကျင်သူများ၏အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

ကျွမ်းကျင်သူများ၏ ထပ်မံ လေ့လာဆန်းစစ်ချက် ရလဒ်များအရ ကလေးဘဝ ရောဂါများအတွက် အသုံးပြုသည့် ကာကွယ်ဆေးများကြောင့် ကလေးများ၌ အော်တစ်ဇင်ရောဂါ မဖြစ်ပွားနိုင်မှုကို ထပ်လောင်း အတည်ပြုနိုင်ကြောင်း WHO ၏ကြေညာချက်တွင် ဖော်ပြထားသည်။

ကာကွယ်ဆေးများနှင့် ကလေးများကြား အော်တစ်ဇင်ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ မူလသဘောထားရပ်တည်ချက်ကို အမေရိကန်အစိုးရ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာန (CDC) က ပြောင်းလဲခဲ့ပြီးနောက် WHO ၏ ကြေညာချက် ပေါ်ထွက်လာခြင်း ဖြစ်ကြောင်း၊ ကာကွယ်ဆေးများကြောင့်ကလေးများတွင်အော်တစ်ဇင်ရောဂါဖြစ်ပွားနိုင်ခြင်း မရှိဟုဆိုသော ပြောကြားချက်များမှာ သက်သေ အထောက်အထားကိုအခြေခံသည့် ပြောကြားချက်များ မဟုတ်ကြောင်း CDC က မကြာသေးမီကာလက ကြေညာထားသည်။

သို့ရာတွင် WHO ကျွမ်းကျင်သူများသည် ၂၀၀၂ ခုနှစ်၊ ၂၀၀၄ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်အတွင်းပြုလုပ်ခဲ့သည့် လေ့လာချက်များကို ပြန်လည်ဆန်းစစ်ပြီးနောက် ကာကွယ်ဆေးနှင့်ကလေးများကြား အော်တစ်ဇင်ရောဂါ ဖြစ်ပွားမှုတို့ကြား ဆက်စပ်မှုမရှိကြောင်း ထပ်လောင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။

**Ref : Sputnik News**

**Trs : KKO**

## လူမှုမီဒီယာအသုံးများသော ကလေးများတွင် စိတ်အာရုံစူးစိုက်နိုင်စွမ်း ကျဆင်းလာနိုင်

**စတော့ဟုမ်း ဒီဇင်ဘာ ၁၄**

လူမှုမီဒီယာ အသုံးများသည့် ကလေးများတွင် စိတ်အာရုံစူးစိုက်နိုင်မှုစွမ်းရည် ကျဆင်းလာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကိုကိုးကား၍ ဒီဇင်ဘာ ၁၃ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

ဆွီဒင်နိုင်ငံ ကာရိုလင်စတာအင်စတီကျုမှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အင်စတာဂရမ်၊ ဖေ့စ်ဘွတ်ခ်၊ တစ်တော့နှင့် တွစ်တာကဲ့သို့ လူမှုမီဒီယာများအား သုံးစွဲချိန်များသည့် ကလေးများတွင် အာရုံစူးစိုက်နိုင်စွမ်း တဖြည်းဖြည်း ကျဆင်းလာတတ်ကြောင်း သိရသည်။


မိမိတို့၏ လေ့လာတွေ့ရှိချက်သည် မကြာသေးမီနှစ်များအတွင်း ကလေးများကြား ကလေးစိတ်အား တက်ကြွလွန်ကဲမှုပြဿနာ (ADHD) ပေါ်ထွက်မှုနှုန်း အဘယ်ကြောင့် မြင့်မားလာခဲ့ရသည်ကို ရှင်းပြနိုင်ဖွယ်ရှိကြောင်း ဆွီဒင် သုတေသန ပညာရှင်များက ပြောကြားသည်။

ဆွီဒင် သုတေသန ပညာရှင်များသည် အသက် ကိုးနှစ်နှင့် ၁၀ နှစ်ကြား ကလေး ၈၃၀၀ ကျော်တို့၏ လူမှုမီဒီယာသုံးစွဲမှုပုံစံများနှင့် ၎င်းတို့၏စိတ်အခြေအနေများကို လေးနှစ်ကြာ အချိန်ယူလေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ လူမှုမီဒီယာ သုံးစွဲချိန်များသည့် ကလေးများတွင် စိတ်အာရုံစူးစိုက်နိုင်စွမ်း အချိန်နှင့်အမျှ ကျဆင်းလာတတ်သည်ကို တွေ့ရကြောင်း ဆွီဒင် သုတေသန ပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

### ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက်ဆုတံဆိပ်ရရှိမှုအခြေအနေ

၁၄-၁၂-၂၀၂၅

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၁၃၂ | ၇၈ | ၆၇ | ၂၇၇ |
| ၂ | အင်ဒိုနီးရှား | ၄၃ | ၅၆ | ၅၃ | ၁၅၂ |
| ၃ | ဗီယက်နမ် | ၃၄ | ၃၄ | ၆၆ | ၁၃၄ |
| ၄ | စင်ကာပူ | ၂၆ | ၂၈ | ၃၃ | ၈၇ |
| ၅ | မလေးရှား | ၂၀ | ၂၃ | ၆၉ | ၁၁၂ |
| ၆ | ဖိလစ်ပိုင် | ၁၇ | ၃၂ | ၆၈ | ၁၁၇ |
| ၇ | မြန်မာ | ၃ | ၁၄ | ၂၀ | ၃၇ |
| ၈ | လာအို | ၂ | ၄ | ၁၃ | ၁၉ |
| ၉ | ဘရူနိုင်း | ၀ | ၃ | ၄ | ၇ |
| ၁၀ | တီမောလက်စ်တေ | ၀ | ၀ | ၂ | ၂ |

# ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံက ဆုတံဆိပ်များ ထပ်မံဆွတ်ခူးပြီး ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် ၁၄ ခု၊ ကြေးတံဆိပ် ၂၀ ခု ရရှိထား

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ အားကစားအဖွဲ့များက ယနေ့ ကျင်းပခဲ့သည့်ပြိုင်ပွဲများတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဆုတံဆိပ်များထပ်မံဆွတ်ခူးခဲ့ကာ ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် ၁၄ ခု၊ ကြေးတံဆိပ် ၂၀ ခု စုစုပေါင်း ဆုတံဆိပ် ၃၇ ခုဖြင့် နိုင်ငံအလိုက် အဆင့်(၇)နေရာ၌ ဆက်လက်ရပ်တည်နေကြောင်း သိရသည်။



ယနေ့ ကျင်းပခဲ့သည့်ပြိုင်ပွဲများတွင် မြန်မာနိုင်ငံအတွက်ဆုတံဆိပ်များကို ကီလို ၂၀ လမ်းလျှောက် အမျိုးသားပြိုင်ပွဲတွင် နိုင်လင်းထွန်းက ငွေတံဆိပ်၊ အမျိုးသမီးပြိုင်ပွဲတွင် ဇင်မေထက်က ငွေတံဆိပ်၊ တိုက်ကွမ်ဒို အမျိုးသမီးပြိုင်ပွဲတွင် ကေသွယ်မွန်လင်းက ငွေတံဆိပ်၊ ဘိလိယက်အသင်းလိုက်ပြိုင်ပွဲတွင် ပေါက်စ၊ အောင်ဌေး၊ နေသွေးဦးတို့က ရွှေတံဆိပ်ဆုကိုလည်းကောင်း အသီးသီး ဆွတ်ခူးခဲ့ကြကြောင်း သိရသည်။

အခြား အားကစားနည်းများအဖြစ် အမျိုးသမီးဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် မြန်မာအသင်းသည် ဗီယက်နမ်အသင်းနှင့် ကစားခဲ့ရာ လေးဂိုး နှစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည့်အတွက် အုပ်စုပွဲစဉ် နှစ်ပွဲကစားခဲ့ရာ နှစ်ပွဲလုံး ရှုံးနိမ့်ခဲ့ပြီး အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသည်။

အလားတူ အမျိုးသား၊ အမျိုးသမီး လေးယောက်တွဲ ပိုက်ကျော်ခြင်း ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းက (၁၅-၆)မှတ်၊ (၁၅-၁၁)မှတ် နှစ်ပွဲပြတ်ဖြင့်အနိုင်ရခဲ့ပြီး မြန်မာအသင်းတွင် ဇင်မင်းဦး၊ ဇော်မင်းခန့်၊ ဖူးဖူး၊ ဖြူဖြူသန်း၊ ရှိန်းဝဏ္ဏဇော်၊ နှင်းနှင်းဝေတို့ ပါဝင်ကစားခဲ့ကြသည်။

ဆီးဂိမ်းပြိုင်ပွဲ ယနေ့ ပွဲစဉ်များအပြီးတွင် မြန်မာနိုင်ငံက ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် ၁၄ ခု၊ ကြေးတံဆိပ် ၂၀ ခု စုစုပေါင်း ဆုတံဆိပ် ၃၇ ခုဖြင့် နိုင်ငံအလိုက် အဆင့်(၇)နေရာ၌ ဆက်လက် ရပ်တည်လျက်ရှိကြောင်း သိရသည်။

STA

# WBC ခရူဆာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို အာမေနီးယားလက်ဝှေ့သမား မီကယ်လီယန် ဆွတ်ခူး



**လော့အိန်ဂျလိစ် ဒီဇင်ဘာ ၁၄**

WBC ခရူဆာဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ဆွီဒင်လက်ဝှေ့သမား ဘာဒူဂျက်နှင့် အာမေနီးယား လက်ဝှေ့သမား မီကယ်လီယန်တို့ ဒီဇင်ဘာ ၁၃ ရက်တွင် အမေရိကန်နိုင်ငံ လော့အိန်ဂျလိစ်မြို့၌ ထိုးသတ်ခဲ့ပြီး မီကယ်လီယန်က ဒိုင်အမှတ်ဖြင့် အနိုင်ရကာ ကမ္ဘာ့ချန်ပီယံခါးပတ် ဆွတ်ခူးခဲ့ကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာဒူဂျက်နှင့် မီကယ်လီယန်တို့သည် ပြီးခဲ့သည့် မေလက ဆော်ဒီအာရေဗျနိုင်ငံ ရီယက်ဒ်မြို့၌ ထိုးသတ်ခဲ့ကြပြီး ယင်းပွဲစဉ်တွင် ဘာဒူဂျက်က အနိုင်ရကာ ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့သည်။

ထို့နောက် မကျေပွဲစဉ်ပြန်လည်ထိုးသတ်ခဲ့ကာ ပထမအကြိမ်ထိုးသတ်ခဲ့စဉ်က အမှားများကို အကောင်းဆုံး ပြင်ဆင်လာခဲ့သည့် မီကယ်လီယန်က ပြန်လည်အနိုင်ရခဲ့ခြင်းဖြစ်သည်။

အကြိတ်အနယ်ရှိသည့် မကျေပွဲစဉ်ဖြစ်ခဲ့ပြီး စည်းကမ်းချိုးဖောက်မှုကြောင့်လည်း နှစ်ဦးလုံး အမှတ်တစ်မှတ်စီ လျှော့ခံခဲ့ရသည်။

မီကယ်လီယန်သည် ဘာဒူဂျက်ကို ဦးခေါင်းနောက်ဘက်ပိုင်းမှ ထိုးခဲ့သည့်အတွက် တစ်မှတ် လျှော့ခံခဲ့ရသကဲ့သို့ ဘာဒူဂျက်ကလည်း ရှစ်ချီအပြီး အချက်ပေးခေါင်းလောင်းထိုးပြီးချိန် ဆက်လက်ထိုးသတ်ခဲ့သည့်အတွက် ရမှတ်တစ်မှတ် လျှော့ခံခဲ့ရသည်။

အမှတ်ပေးဒိုင် သုံးဦး ရှိသည့်အနက် အမှတ်(၁)ဒိုင်က မီကယ်လီယန်ကို (၁၁၅-၁၁၁)မှတ်၊ အမှတ်(၂)ဒိုင်က (၁၁၆-၁၁၀)မှတ်၊ အမှတ်(၃)ဒိုင်ကလည်း (၁၁၆-၁၁၀)မှတ်ဖြင့် အသီးသီးအနိုင်ပေးခဲ့သည်။

ဘာဒူဂျက်က “ဘာအကြောင်းပြချက်မှ မပေးလိုပါဘူး။ ဒီညမှာတော့ မီကယ်လီယန်က ပိုကောင်းခဲ့ပါတယ်။ ပိုကောင်းတဲ့သူက အနိုင်ရခဲ့တာပါ။ ကျွန်တော့်အနေနဲ့ ဒီညမှာ စွမ်းဆောင်ရည်ပိုင်းက အကောင်းဆုံးပုံစံမှာ ရှိမနေပါဘူး” ဟု ပြောကြားခဲ့သည်။

မီကယ်လီယန်က“ပထမအကြိမ်တွေ့ဆုံခဲ့တုန်းကထက် ကျွန်တော် အကောင်းဆုံး လုပ်နိုင်ခဲ့ပါတယ်။ အခုလို ကမ္ဘာ့ချန်ပီယံခါးပတ်ကို ပြန်လည်ရယူနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Boxing Scene

Trs : AZL

# Alfred Dunhill Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို တောင်အာဖရိကမှ ဂျေဒန် ဆွတ်ခူး

**ကိပ်တောင်း ဒီဇင်ဘာ ၁၄**

တောင်အာဖရိက နိုင်ငံတွင် ကျင်းပခဲ့သည့် Alfred Dunhill Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမား ဂျေဒန်က ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျေဒန်သည် နောက်ဆုံးနေ့အပြီးတွင် တစ်နိုင်ငံတည်းသားဖြစ်သည့် နောရစ်နှင့်အတူ စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက် စီလျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ခဲ့ပြီး ချန်ပီယံအဆုံးအဖြတ်အတွက် Play-off အဆင့်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့သည်။

Play-off အဆင့်တွင် ဂျေဒန်က အနိုင်ရကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲကို ပုံမှန်အားဖြင့် ၇၂ ကျင်း ကစားရမည်ဖြစ်သော်လည်း မိုးလေဝသအခြေအနေကြောင့် ၆၄ ကျင်းဖြင့်သာ လျှော့၍ကျင်းပခဲ့ခြင်း ဖြစ်သည်။

နောရစ်သည် လက်ရှိ ချန်ပီယံတစ်ဦးဖြစ်ပြီး လက်ရှိ ချန်ပီယံကို ကာကွယ်နိုင်ရန် နီးစပ်ခဲ့သော်လည်း အမှားအချို့ကြောင့် အခွင့်အရေးကောင်းဖြင့် လွဲချော်ခဲ့သည်။

ဂျေဒန်က “မိုးလေဝသအခြေအနေကြောင့် ၇၃ ကျင်းထိ မရိုက်လိုက်ရဘူး။ ၆၄ ကျင်းပဲ ရိုက်လိုက်ရပါတယ်။ တော်တော်လေးကို ခက်ခဲတဲ့ ပွဲစဉ်ဖြစ်ပြီး Play-off အဆင့်ထိ ကစားခဲ့ရပါတယ်။ ဒီပြိုင်ပွဲမှာ အရင်နှစ်တွေကလဲ အောင်မြင်မှုရဖို့ နီးစပ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့လဲ ချန်ပီယံဖြစ်ခွင့် မရခဲ့ပါဘူး။ အခုတစ်ကြိမ်မှာလဲ လက်ရှိချန်ပီယံနဲ့ အကြိတ်အနယ် ကစားခဲ့ရပါတယ်။ အခုလို လက်ရှိချန်ပီယံကို ကျော်ဖြတ်ပြီး အနိုင်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဒီဆုဟာ ရာသီသစ်အတွက် ပြင်ဆင်ရာမှာ ခွန်အားဖြစ်စေပါလိမ့်မယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL

# အဲဗာတန်ကွင်းလယ်ကစားသမား ဒူဘူရီဟောကိုခေါ်ယူရန် နည်းပြဂွါဒီယိုလာ စီစဉ်

**မန်ချက်စတာ ဒီဇင်ဘာ ၁၄**

ကွင်းလယ်ကစားသမား ဒူဘူရီဟောသည် ချဲလ်ဆီးအသင်းမှ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ခြေစွမ်းပိုင်း တိုးတက်လာသောကြောင့် မန်စီးတီးအသင်း နည်းပြဂွါဒီယိုလာက ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။



လက်ရှိတွင် မန်စီးတီးအသင်း ကွင်းလယ်ပိုင်းတွင် ကိုဗာဆစ်နှင့် ရိုဒရီတို့ ဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်းမရှိသောကြောင့် ဂွန်ဇာလက်ကိုသာ ကွင်းလယ်ပိုင်းတွင် အားထားအသုံးပြုနေရ၍ နည်းပြဂွါဒီယိုလာက ဒူဘူရီဟောကို ခေါ်ယူရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ဒူဘူရီဟောသည် နည်းပြမာရက်စ်ကာ ချဲလ်ဆီးအသင်းသို့ ရောက်ရှိပြီးနောက် ခေါ်ယူခြင်းခံရသော်လည်း ပြိုင်ပွဲစုံတွင် လူစားဝင်ကစားသမားအဖြစ် ကစားခဲ့ရကာ သွင်းဂိုး ငါးဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ်သာ ပြုလုပ်နိုင်ခဲ့သည်။

ထို့နောက် ပြီးခဲ့သည့်နွေရာသီ အပြောင်းအရွှေ့ ကာလတွင် အဲဗာတန်အသင်းက ခေါ်ယူခဲ့ပြီး နည်းပြ မိုယက်လက်အောက်တွင် ခြေစွမ်းပိုင်း ကောင်းမွန်လာသောကြောင့် မန်စီးတီးအသင်းနည်းပြဂွါဒီယိုလာက ၎င်းကို ခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း ကွင်းလယ်ပိုင်း ဒဏ်ရာရကစားသမား များပြားလာမှုကြောင့် ဆုဖလားလက်မဲ့ရာသီနှင့် ကြုံတွေ့ခဲ့ရသည်။

လက်ရှိတွင်လည်း အဓိက ကစားသမားများဖြစ်သည့် ကိုဗာဆစ်နှင့် ရိုဒရီတို့သည် ဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်းမရှိဘဲ ကွင်းလယ်ပိုင်း လိုအပ်ချက်အတွက် ပရီးမီးယားလိဂ်အတွေ့အကြုံရှိသည့် ဒူဘူရီဟောကိုသာ လာမည့် အပြောင်းအရွှေ့တွင် ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# ဆီးဂိမ်းပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့က ပူးတွဲကြေးတံဆိပ်ဆု ဆွတ်ခူး



**ရန်ကုန် ဒီဇင်ဘာ ၁၄**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသား၊အမျိုးသမီးသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲများ ပြီးဆုံးခဲ့ပြီးနောက် ဆုပေးပွဲအခမ်းအနားကို ယနေ့ ညနေပိုင်း၌ ထိုင်းနိုင်ငံ ပတ္တရား ခြင်းလုံးအားကစားရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဆီးဂိမ်းပြိုင်ပွဲ အမျိုးသား သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ယနေ့ညနေပိုင်းက ကျင်းပခဲ့ရာ မလေးရှားအသင်းက အိမ်ရှင်ထိုင်းအသင်းကို အနိုင်ရကာ ရွှေတံဆိပ်ဆွတ်ခူးခဲ့ပြီး ထိုင်းအသင်းက ငွေတံဆိပ်ဆုကို လည်းကောင်း၊ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့က ပူးတွဲကြေးတံဆိပ်ဆုကို လည်းကောင်း အသီးသီးဆွတ်ခူးခဲ့ကြသည်။

အလားတူ ဆီးဂိမ်းပြိုင်ပွဲ အမျိုးသမီး သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အိမ်ရှင်ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့ ကစားခဲ့ရာ ထိုင်းအသင်းက အနိုင်ရပြီး ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့ကာ ဗီယက်နမ်အသင်းက ငွေတံဆိပ်ဆုကိုလည်းကောင်း၊ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့က ပူးတွဲကြေးတံဆိပ်ဆုကို လည်းကောင်း အသီးသီးဆွတ်ခူးခဲ့ကြသည်။

ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာခြင်းလုံးအားကစားအဖွဲ့က အမျိုးသား၊ အမျိုးသမီး ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ၌ ငွေတံဆိပ် နှစ်ခု၊ အမျိုးသား၊ အမျိုးသမီး သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ကြေးတံဆိပ် နှစ်ခုကို ဆွတ်ခူးထားပြီး အခြားပြိုင်ပွဲ အမျိုးအစားများကိုလည်း ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။ **STA**

# ကလပ်တစ်သင်းတည်းတွင် ဂိုးပါဝင်ပတ်သက်မှု အများဆုံးသူအဖြစ် ဆာလာဟ်မှတ်တမ်းဝင်

**လန်ဒန် ဒီဇင်ဘာ ၁၄**

လီဗာပူးအသင်း တိုက်စစ်ကစားသမား ဆာလာဟ်သည် လီဗာပူးအသင်းက ဘရိုက်တန်အသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် ဂိုးဖန်တီးမှု တစ်ကြိမ် ပြုလုပ်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် ကလပ်တစ်သင်းတည်း ဂိုးပါဝင်ပတ်သက်မှု အများဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လီဗာပူးအသင်းက ဘရိုက်တန်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် ဆာလာဟ်သည် လူစားဝင်ကစားခဲ့ပြီးနောက် အသင်းဖော် အီကီတီကီ၏ သွင်းဂိုးကို ဖန်တီးမှုပြုလုပ်ပေးခဲ့ကာ အသင်းနှင့်အတူ ဂိုးပါဝင်ပတ်သက်မှု(သွင်းဂိုးနှင့် ဂိုးဖန်တီးမှု)၂၇၇ ကြိမ်ရှိလာခဲ့ပြီး ကလပ်တစ်သင်းတည်းအတွက် ဂိုးပါဝင်ပတ်သက်မှု အများဆုံး ကစားသမားအဖြစ် စံချိန်သစ် တင်နိုင်ခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် အစောပိုင်းက ဆာလာဟ်သည် မန်ယူအသင်းကစားသမားဟောင်း ရွန်းနီနှင့်အတူ ဂိုးပါဝင်ပတ်သက်မှု ၂၇၆ ကြိမ်ဖြင့် ပူးတွဲရပ်တည်နေသော်လည်း ဘရိုက်တန်အသင်းနှင့်ပွဲစဉ်တွင် ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်ခဲ့ပြီးနောက် ရွန်းနီကို တစ်ကြိမ်အသာဖြင့် ကျော်ဖြတ်ကာ စံချိန်သစ်တင်ခဲ့ခြင်းဖြစ်သည်။

ဆာလာဟ်သည် နည်းပြစလော့နှင့် ဆက်ဆံရေး အဆင်မပြေဖြစ်ခဲ့သည့်အပြင် အသင်းကို ဝေဖန်မှုများ လုပ်ဆောင်ခဲ့ပြီးနောက် ဝက်စ်ဟမ်းအသင်း၊ ဆန်းဒါးလန်းအသင်း၊ လိဒ်အသင်းတို့ ပွဲစဉ်များတွင် ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရကာ အင်တာမီလန်အသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင်လည်း အသင်းကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရသည်။

ဆာလာဟ်အနေဖြင့် ဘရိုက်တန်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် အသင်း ကစားသမားစာရင်း၌ ပြန်လည်ပါဝင်ခဲ့ပြီး ပွဲချိန် ၂၆ မိနစ်တွင် လူစားဝင်ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**




# ဆီးဂိမ်းပြိုင်ပွဲ မွေထိုင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ စူပါရေချမ်းနှင့် နော်ဥမ္မာစိုးတို့ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ မွေထိုင်းပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို ယနေ့တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ စူပါရေချမ်းနှင့် နော်ဥမ္မာစိုးတို့က ပြိုင်ဘက် ကစားသမားများကို အသီးသီးအနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဆီးဂိမ်းပြိုင်ပွဲ မွေထိုင်းပြိုင်ပွဲ အမျိုးသား ၆၃ ဒသမ ၅ ကီလိုတန်း ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် မြန်မာနိုင်ငံမှ စူပါရေချမ်းနှင့် လာအိုနိုင်ငံမှ Keopaseuth တို့ ထိုးသတ်ခဲ့ရာ စူပါရေချမ်းက တတိယအချီတွင် အလဲထိုးဖြင့် အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် အိမ်ရှင်ထိုင်းဖိုက်တာ Sap-manee နှင့် ဆက်လက်ထိုးသတ်ရမည်ဖြစ်သည်။

အလားတူ နော်ဥမ္မာစိုးသည်လည်း အမျိုးသမီးမွေထိုင်းပြိုင်ပွဲ ၅၇ ကီလိုတန်း ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် ဖိလစ်ပိုင်ဖိုက်တာ Costales နှင့် ထိုးသတ်ခဲ့ရာ ဒိုင်အမှတ်ဖြင့် အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့သည်။

ထို့အတူ မြန်မာလက်ဝှေ့အဖွဲ့ကလည်း ဒီဇင်ဘာ ၁၅ ရက်တွင် ထပ်မံဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး မွေထိုင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များအဖြစ် ထွန်းမင်းအောင်သည် ထိုင်းဖိုက်တာနှင့်လည်းကောင်း၊ စောကဲဒိုသည်လည်း ထိုင်းဖိုက်တာနှင့်လည်းကောင်း၊ အဲလိဇဘတ်သည် ဗီယက်နမ်ဖိုက်တာနှင့် လည်းကောင်း၊ မာလာဝင်းသည် ထိုင်းဖိုက်တာနှင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ထိုးသတ်သွားမည် ဖြစ်ကြောင်း သိရသည်။ **STA**

# ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားဖူဆယ်ပြိုင်ပွဲအတွက် ပွဲကြိုညှိနှိုင်းအစည်းအဝေးနှင့် သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားဖူဆယ် ပြိုင်ပွဲအတွက် ပွဲကြိုညှိနှိုင်း အစည်းအဝေးနှင့် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက နွန်သာဘူရီမြို့ရှိ ပြိုင်ပွဲဝင်အသင်းများ တည်းခိုရာ ဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။




အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မြန်မာဖူဆယ်အသင်းနည်းပြ Mr. Pattaya တက်ရောက်ခဲ့ပြီး မီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားခဲ့သည်။

မြန်မာအသင်းနည်းပြ Mr. Pattayaက "ကျွန်တော်တို့လဲ အခြားအသင်းတွေလို ပြင်ဆင်ချိန် အများကြီးမရခဲ့ပါဘူး။ ကျွန်တော်တို့အနေနဲ့ ကိုယ့်မှာရှိတဲ့ အင်အားနဲ့ အကောင်းဆုံးကြိုးစား ယှဉ်ပြိုင်သွားမှာပါ။ ပြိုင်ပွဲဝင် အသင်းတွေမှာ နည်းပြကောင်းတွေရှိနေကြလို့ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ဆီးဂိမ်းပြိုင်ပွဲ ဖြစ်လာမှာပါ။ ကျွန်တော်တို့အသင်းအနေနဲ့ တစ်ပွဲချင်းစီကို အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားမှာပါ။ ပြီးတော့ ကျွန်တော်တို့အသင်းအတွက်လဲ သိပ်ကို အကျိုးရှိတဲ့ ပြိုင်ပွဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အသင်းကောင်းတွေနဲ့ ရင်ဆိုင်ရမှာဖြစ်လို့ တန်ဖိုးရှိတဲ့ အတွေ့အကြုံတွေ ရရှိမှာကြောင့် ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသား ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် မြန်မာအသင်းသည် ဒီဇင်ဘာ ၁၅ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် အင်ဒိုနီးရှားအသင်း၊ ဒီဇင်ဘာ ၁၆ ရက် မြန်မာစံတော်ချိန် ည ၆ နာရီခွဲတွင် အိမ်ရှင် ထိုင်းအသင်း၊ ဒီဇင်ဘာ ၁၇ ရက် မြန်မာစံတော်ချိန် ည ၆ နာရီခွဲတွင် မလေးရှားအသင်း၊ ဒီဇင်ဘာ ၁၉ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဗီယက်နမ်အသင်းတို့နှင့် အသီးသီး ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

**STA**

## အားကစားသတင်းအတိုအထွာများ

- ❑ မန်ယူအသင်းသည် အေတီကိုအသင်း ကွင်းလယ်ကစားသမား ဂယ်လာကို ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အငှားစာချုပ်ဖြင့် ခေါ်ယူရန်ဆုံးဖြတ်ထားပြီး စာချုပ်တွင် အပြီးသတ် ဝယ်ယူခွင့်လည်း ပါရှိမည်ဖြစ်ကြောင်း သိရသည်။
- ❑ ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဘိုင်ယန်မြူးနစ်အသင်းက ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်စ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၀၅ သန်းဖြင့် ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။
- ❑ စပါးအသင်းက ဘုန်းမောက်အသင်းတွင် ခြေစွမ်းပြကစားနေသည့် တောင်ပံကစားသမား ဆီမီညိုကို လုပ်ခလစာတိုးမြှင့်ပေးမည့်ကမ်းလှမ်းချက်ဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**ML**

# မြန်မာတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုများ

နေလင်းသူ

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုး မှီတင်းနေထိုင်သော ပြည်ထောင်စုဖြစ်သည်နှင့်အညီ မတူကွဲပြားသော ရိုးရာယဉ်ကျေးမှုများနှင့်အတူ အမွေအနှစ်စုံလင်စွာ အမြဲရှင်သန်တည်ရှိနေသည်။ ပထဝီအနေအထားအရ ကွဲပြားခြားနားမှုများဖြစ်သည့် မြေပြန့်လွင်ပြင်များ၊ မြစ်ချောင်းများ၊ စိမ်းလန်းသော တောင်တန်းများနှင့် ကမ်းရိုးတန်းဒေသများသည် သဘာဝပတ်ဝန်းကျင်အပေါ်မူတည်၍ ရှင်သန်နေထိုင်ကြသော လူမျိုးစုပေါင်းစုံကို ပုံဖော်ပေးခဲ့သည်။ ဤလူမျိုးစုများကြားတွင် အဓိကအားဖြင့် တိုင်းရင်းသားများဖြစ်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတို့သည် ၎င်းတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ ဘာသာစကား၊ စာပေ၊ ဝတ်စားဆင်ယင်မှုနှင့် ယုံကြည်ကိုးကွယ်မှုများဖြင့် အမိမြန်မာပြည်ကြီးကို လှပစေသောပန်းချီကားတစ်ချပ်ပမာ ဖန်တီးထားကြသည်။

**တောင်တန်းဒေသမှ ထင်ရှားသောယဉ်ကျေးမှုများ**

တောင်တန်းဒေသများသည် လမ်းပန်းဆက်သွယ်ရေးအခက်အခဲနှင့် သဘာဝအတားအဆီးများကြောင့် ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်ရန် ခက်ခဲခဲ့သည့်အတွက် ၎င်းတို့၏ ရိုးရာဓလေ့ထုံးစံများကို ကာလကြာရှည်စွာ မူရင်းအတိုင်း ခိုင်ခိုင်မာမာ ထိန်းသိမ်းထားနိုင်ခဲ့သည်။ ကချင်၊ ကယားနှင့် ချင်းလူမျိုးတို့သည် ဤတောင်ပေါ်ယဉ်ကျေးမှုများတွင် အထင်ရှားဆုံးသော ကိုယ်စားပြုလူမျိုးများဖြစ်ကြသည်။

**ကချင်လူမျိုး**

ကချင်လူမျိုးများသည် အေဒီ ၁၆၀၀ ပြည့်နှစ်ခန့်မှစ၍ မြန်မာနိုင်ငံမြောက်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းအနှံ့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အိန္ဒိယနိုင်ငံ အာသံပြည်နယ်တို့တွင် ပျံ့နှံ့နေထိုင်လာခဲ့ကြသည်။ ၎င်းတို့သည် တိဗက်-မြန်မာနွယ်ဝင်များဖြစ်ကြပြီး လူမျိုး ၁၂ မျိုးရှိသည်။ ကချင်တို့၏ အထင်ရှားဆုံးဓလေ့မှာ မနောပွဲဖြစ်သည်။ မနောပွဲသည် ဘိုးဘွားဘီဘင်တို့၏ကျေးဇူးတရားကို ဂုဏ်ပြုသည့်ပွဲတော်ဖြစ်ပြီး စုစည်းညီညွတ်မှုနှင့် အောင်မြင်မှု၏ သင်္ကေတဖြစ်သည်။ မနောတိုင်များကြားတွင် ရိုးရာဝတ်စုံပြည့်ဝတ်ဆင်ကာ တန်းစီကခုန်ကြသည်။ အမျိုးသမီးဝတ်စုံတွင် ခေါင်းပေါင်းနှင့်ငွေဒင်္ဂါးများကို အလှဆင်လေ့ရှိပြီး အမျိုးသားများသည် ရိုးရာလွယ်အိတ်နှင့် ဓားများဖြင့်ဆင်ယင်လေ့ရှိသည်။

**ကယားလူမျိုး**

ကယားလူမျိုးများသည် ကယားပြည်နယ်တွင် အဓိကနေထိုင်ကြသည်။ ကယားပြည်နယ်တွင် ဌာနေတိုင်းရင်းသားကိုးမျိုးအပြင် အခြားလူမျိုးများလည်းနေထိုင်ကြသည်။ ကယားလူမျိုးတို့၏ ထူးခြားချက်များစွာထဲမှ ကယန်း(Kayan)မျိုးနွယ်စု အမျိုးသမီးများ၏ လည်ပင်းကွင်းရစ်ပတ်သောဓလေ့မှာ ကမ္ဘာကျော်သည်။ ဤဓလေ့သည် ရှေးယခင်က အလှအပနှင့် မျိုးရိုးဂုဏ်ကို ဖော်ညွှန်းသော်လည်း ယခုအခါ အမွေအနှစ်တစ်ခုအဖြစ် ထိန်းသိမ်းထားသည်။ ရိုးရာအကများတွင် ကိန္နရီ၊ ကိန္နရာပုံသဏ္ဍာန်များပါဝင်သည်။ အရေးပါသောပွဲတော်မှာ နှစ်စဉ်ကျင်းပသော ကေ့ထိုးဘိုး ခေါ် တံခွန်တိုင်ပွဲတော်နှင့် ဒီးကူးပွဲတော်(အဲ့ဒိုပေါ်မီပွဲတော်)ဖြစ်သည်။ ဤပွဲတော်သည် ကောက်စပါးများပေါများစေရန်နှင့် အိမ်သူ၊ အိမ်သားများဘေးကင်းရန်၊ ရာသီဥတုကောင်းမွန်ရန်၊ စီးပွားတိုးတက်ကြီးပွားစေရန်၊ ကျန်းမာရေးကောင်းမွန်စေရန်ရည်ရွယ်သည့် ၎င်းတို့၏ အသက်သွေးကြောပမာအရေးပါသည့် ပွဲတော်ဖြစ်သည်။

**ချင်းလူမျိုး**

ချင်းလူမျိုးများသည် မြန်မာနိုင်ငံအနောက်ဘက်ခြမ်း တောင်တန်းဒေသများတွင် နေထိုင်ကြပြီး လူမျိုး ၅၃ မျိုးရှိသည်။ ၎င်းတို့၏ ယဉ်ကျေးမှုအမှတ်သင်္ကေတတစ်ခုမှာ အမျိုးသမီးတို့၏ မျက်နှာတွင် ပါးရဲထိုး ခေါ် မင်ကြောင်ထိုးခြင်း ဓလေ့ဖြစ်သည်။ ချင်းလူမျိုးတို့သည် ခရစ်ယာန်ဘာသာကို အများဆုံးကိုးကွယ်ကြသော်လည်း ရိုးရာနတ်ကိုးကွယ်မှုအငွေ့အသက်များသည် ယနေ့ထိတိုင် ကျန်ရှိနေသေးသည်။ ခွာဒိုပွဲ(Khuado Pawi)ဟုခေါ်သော တောင်ယာသီးနှံများ တစ်နှစ်တာရိတ်သိမ်းပြီးစီးမှုအောင်ပွဲကို နှစ်စဉ်ကျင်းပလျက်ရှိသည်။

**မြေပြန့်နှင့် မြစ်ဝှမ်းဒေသတို့မှ ထင်ရှားသော ယဉ်ကျေးမှုများ**

မြေပြန့်နှင့် မြစ်ဝှမ်းဒေသတို့တွင် နေထိုင်ကြသော ဗမာနှင့် မွန်လူမျိုးတို့၏ ယဉ်ကျေးမှုသည် မြန်မာနိုင်ငံ၏ အဓိကယဉ်ကျေးမှုအုတ်မြစ်ကို တည်ဆောက်ပေးရာတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ လက်ရှိ မြန်မာ့လူ့အဖွဲ့အစည်း၏ ဘာသာရေး၊ စာပေ၊ အနုပညာနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများကိုလည်း ပုံဖော်ခဲ့သည်။

**ဗမာလူမျိုး**

ဗမာလူမျိုးများသည် လူမျိုး ကိုးမျိုးရှိကာ မြန်မာနိုင်ငံ၏ လူဦးရေအများဆုံးလူမျိုးစုဖြစ်ပြီး နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဗဟိုချက်ကို ပုံဖော်ပေးသည်။ ဗမာလူမျိုးများသည် မြောက်ပိုင်းမှ ဧရာဝတီမြစ်ဝှမ်းသို့ ဆင်းသက်လာကြပြီး ပုဂံခေတ်တွင် နိုင်ငံကို စည်းလုံးညီညွတ်အောင်တည်ထောင်ခဲ့သည်။ ဤသို့ စည်းလုံးညီညွတ်မှုတည်ဆောက်ရာတွင် မွန်တို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို လွှမ်းမိုးလက်ခံခဲ့သည်။ ဗမာ့ယဉ်ကျေးမှုသည် ထေရဝါဒဗုဒ္ဓဘာသာအပေါ် အခိုင်အမာအခြေခံထားသည်။ ရဟန်းခံရှင်ပြုပွဲများ၊ ဘုရားပွဲတော်များနှင့် နှစ်စဉ်ကျင်းပသော သင်္ကြန်ပွဲတော်များသည် လူမှုဘဝတွင် အရေးပါသော ဓလေ့များဖြစ်သည်။ အနုပညာနယ်ပယ်တွင် ပန်းဆယ်မျိုး အနုပညာလက်ရာများနှင့် ဇာတ်သဘင်များ ထွန်းကားလျက်ရှိသည်။ ရိုးရာဝတ်စုံများဖြစ်သည့် ပုဆိုး၊ ထဘီနှင့် အင်္ကျီလက်ရှည်တို့ကို ဝတ်ဆင်ကြသည်။

**မွန်လူမျိုး**

မွန်လူမျိုးများသည် အရှေ့တောင်အာရှတွင် ရှေးအကျဆုံး ဌာနေတိုင်းရင်းသားများထဲမှ တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ အောက်ပိုင်း၊ အထူးသဖြင့် မြစ်ဝကျွန်းပေါ်နှင့် မြစ်ဝှမ်းဒေသများတွင် အစောဆုံး ယဉ်ကျေးမှု နိုင်ငံတော်များကို တည်ထောင်ခဲ့သည်။ မွန်တို့သည် ထေရဝါဒဗုဒ္ဓဘာသာကို အစောဆုံးယုံကြည်ကိုးကွယ်ခဲ့ကြပြီး သထုံမြို့သည် ဗုဒ္ဓဘာသာစာပေများနှင့် ရဟန်းတော်များ၏ ဗဟိုအချက်အချာများဖြစ်ခဲ့သည်။ မွန်တို့သည် ဗုဒ္ဓဘာသာ၊ အက္ခရာ၊ အနုပညာနှင့် ဗိသုကာလက်ရာများကိုပါ ဖန်တီးခဲ့ကြကာ မြန်မာ့ယဉ်ကျေးမှု၏ မူလအစကို ပေးခဲ့သူများဖြစ်သည်။ ရွှေတိဂုံဘုရားကဲ့သို့သော ထင်ရှားသည့် စေတီပုထိုးများသည် မွန်တို့၏ ဗိသုကာလက်ရာကို အခြေခံပြီး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မွန်စာအရေးအသားသည် ပျူနှင့်ဗမာတို့၏ အရေးအသားများ ပေါ်ပေါက်လာစေရန် အဓိကလွှမ်းမိုးမှုရှိခဲ့သည်။

**ကမ်းရိုးတန်းနှင့် ကုန်းတွင်းပိုင်းမှ ထင်ရှားသော ယဉ်ကျေးမှုများ**

မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ ကမ်းရိုးတန်းနှင့် ကုန်းတွင်းပိုင်းဒေသများတွင် နေထိုင်ကြသည့် ကရင်၊ ရခိုင်နှင့် ရှမ်းလူမျိုးစုများသည် နိုင်ငံ၏ စုပေါင်းယဉ်ကျေးမှုကို အရောင်အသွေးစုံလင်စွာ ဖန်တီးပေးသည်။

**❖ ယဉ်ကျေးမှုမတူခြားနားခြင်းသည် နိုင်ငံတော်၏ အားသာချက်ဖြစ်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးကို အကောင်အထည်ဖော်ရန်အတွက် ရိုးရာဓလေ့များကိုလေးစားသည့် ယဉ်ကျေးမှုဆိုင်ရာအသိပညာများ မွေးမြူရန်မဖြစ်မနေလိုအပ်သည်။ မြန်မာတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုများသည် တောင်တန်းဒေသ၏ ကြံ့ခိုင်မှု၊ မြစ်ဝှမ်း၏ ရေစီးသဖွယ်စီးဆင်းမှု၊ ကမ်းရိုးတန်း၏ ပင်လယ်နှင့်ဆက်နွယ်မှု စသည့် ဒေသဆိုင်ရာအမှတ်အသားများ အလိုက် ကွဲပြားခြားနားနေသည်။ ❖**

**ကရင်လူမျိုး**

ကရင်လူမျိုးများသည် မြန်မာနိုင်ငံအရှေ့ဘက် ကုန်းတွင်းပိုင်းနှင့် ကမ်းရိုးတန်းဒေသ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် အဓိကနေထိုင်ကြ၍ လူမျိုး ၁၁ မျိုးရှိပြီး ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဘာသာစကားတွင် ကွဲပြားမှုရှိသည်။ ကရင်လူမျိုးများသည် ခိုင်မာသော မိသားစုနှောင်ကြိုးနှင့် အသိုင်းအဝိုင်းကိုအခြေခံသော ဓလေ့များဖြင့် ထူးခြားသည်။ ရွာသားအချင်းချင်း ကောက်သစ်စားပွဲ၊ မင်္ဂလာပွဲ၊ နာရေး စသည့်ကိစ္စများတွင် ဝိုင်းဝန်းကူညီခြင်းသည် လူမှုရေးဓလေ့တစ်ခုဖြစ်သည်။ တောင်ပေါ်နေကရင်များက နတ်ကိုးကွယ်ကြ၍ မြေပြန့်ဒေသနှင့် မြစ်ဝကျွန်းပေါ် ကရင်အများစုမှာ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာဝင်များဖြစ်သည်။ ကရင်လူမျိုးတို့၏ အရေးပါဆုံးပွဲတော်မှာ ကရင်နှစ်သစ်ကူးပွဲနှင့် မိသားစု၊ ဆွေမျိုးများကြား ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးမှုနှင့်ကံကောင်းခြင်းများအတွက် ရည်ရွယ်သော လက်ချည်ပွဲဓလေ့ဖြစ်သည်။ ကရင်အမျိုးသားများသည် ဂျပ်ခုတ်လုံချည်နှင့် အောက်ခံရှပ်အင်္ကျီလက်ရှည်အပေါ်တွင် သင်တိုင်းများကို ထပ်ဝတ်သည်။ ခေါင်းပေါင်းပေါင်းသည်။ အမျိုးသမီးများမှာကန့်လန့်အစင်းများဖော်ထားသည့် ခါးလယ်ထိရှည်သော သင်တိုင်းကို ဝတ်ဆင်သည်။ လုံချည်တွင်လည်း အနက်အပေါ်တွင် အနီ၊ အဖြူအရောင်များဖော်ထားသည်။ ၎င်းတို့၏ ယဉ်ကျေးမှုသင်္ကေတမှာ ဖားစည်နှင့် ကျွဲချိုဖြစ်သည်။

**ရခိုင်လူမျိုး**

ရခိုင်လူမျိုးများသည် မြန်မာနိုင်ငံအနောက်ဘက် ကမ်းရိုးတန်းဒေသတွင် နေထိုင်ကြပြီး သမိုင်းဝင်မြောက်ဦးခေတ်ကို တည်ထောင်ခဲ့သည်။ ရခိုင်လူမျိုးများသည် ဗမာလူမျိုးထက်စော၍ ထေရဝါဒဗုဒ္ဓဘာသာကို ပိုမိုခိုင်မာစွာ လက်ခံကျင့်သုံးခဲ့ပြီး မြောက်ဦးခေတ်သည် အနုပညာနှင့် ဗိသုကာပညာ အထွတ်အထိပ်သို့ ရောက်ရှိခဲ့သောခေတ်ဖြစ်သည်။ ရခိုင်လူမျိုးများသည် အများစုအားဖြင့် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကို အဓိကထားသည့် စီးပွားရေးပုံစံဖြင့် ရပ်တည်ကြသည်။ ရခိုင်တို့၏ အဓိကပွဲတော်များသည် ဗုဒ္ဓဘာသာနှင့်ဆက်နွှယ်နေပြီး သင်္ကြန်ပွဲတော်(ရေသဘင်ပွဲ)သည် နှစ်သစ်ကူးခြင်းကို ကြိုဆိုသည့် ပွဲတော်တစ်ခုဖြစ်သည်။ သံဃာတော်များကို ဆွမ်းတော်ကြီးလောင်းလှူပွဲများသည်လည်း ရခိုင်တို့၏ ထူးခြားသောရိုးရာပွဲတော်တစ်ခုဖြစ်သည်။ ရခိုင်စည်တော်သည် ၎င်းတို့၏ ရိုးရာအနုပညာနှင့်အကများတွင် မရှိမဖြစ်သော တူရိယာဖြစ်သည်။ ရခိုင်စာပေသည် ဗမာစာပေနှင့် အခြေခံတူသော်လည်း အသံထွက်နှင့်အရေးအသားအနည်းငယ်ကွဲပြားမှုရှိပြီး ရှေးရခိုင်ကျောက်စာများသည် မြန်မာစာပေသမိုင်းတွင် အရေးပါသည့်အခန်းကဏ္ဍမှပါဝင်သည်။

**ရှမ်းလူမျိုး**

ရှမ်းလူမျိုးများသည် မြန်မာနိုင်ငံ၏ အကြီးဆုံးလူမျိုးစုများထဲမှ တစ်ခုဖြစ်ပြီး လူမျိုး ၃၃ မျိုးရှိသည်။ ဗမာလူမျိုးနည်းတူ ထေရဝါဒဗုဒ္ဓဘာသာကို အလေးထားကိုးကွယ်ကြပြီး ရိုးရာနတ်ကိုးကွယ်မှုများလည်း ကျန်ရှိနေသေးသည်။ ပိုးထည်များရက်လုပ်ခြင်း၊ တောင်ယာစိုက်ပျိုးခြင်းတို့ဖြင့် အသက်မွေးကြသည်။ အမျိုးသားများသည် လည်ပင်းကွဲအင်္ကျီ၊ ပင်နီဘောင်းဘီနှင့် ခေါင်းပေါင်းပေါင်းလေ့ရှိသည်။ အမျိုးသမီးများက တိုနီ(Toni)ဟုခေါ်သော ရှမ်းထဘီနှင့် လှပသပ်ရပ်သည့် အင်္ကျီများကို ဝတ်ဆင် ကြသည်။ ရှမ်းအိုးစည်သည် ရှမ်းရိုးရာဂီတ၏ အမှတ်သင်္ကေတဖြစ်သည်။ ရှမ်းလူမျိုးတို့၏ အဓိကပွဲတော်မှာ ရှမ်းရိုးရာနှစ်သစ်ကူးပွဲတော်နှင့် မီးပုံးပျံပွဲတော် (တန်ဆောင်တိုင်)ဖြစ်သည်။

**ယဉ်ကျေးမှုပေါင်းကူးခြင်းနှင့် စိန်ခေါ်မှုများ**

ဤမတူခြားနားသော ယဉ်ကျေးမှုများသည် အတူယှဉ်တွဲနေထိုင်သောအခါ လှပသောယဉ်ကျေးမှုဖလှယ်မှုများဖြစ်ပေါ်လာသည်။ ရိုးရာယဉ်ကျေးမှုတည်တံ့ခိုင်မြဲရေးသည် နိုင်ငံတော်၊ တိုင်းရင်းသားလူမျိုးများနှင့် ပြည်သူတစ်ရပ်လုံး၏အမျိုးသားရေးတာဝန်ဖြစ်ပြီး ရိုးရာလည်းမပျက်၊ ခေတ်နှင့်လည်းအညီ ပေါင်းစပ်ဖန်တီး၍ မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းအမွေပေးနိုင်မှသာလျှင် တိုင်းရင်းသားရိုးရာအမွေအနှစ်များ ထာဝရရှင်သန်နေမည်ဖြစ်သည်။

ယဉ်ကျေးမှုမတူခြားနားခြင်းသည် နိုင်ငံတော်၏ အားသာချက်ဖြစ်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးကို အကောင်အထည်ဖော်ရန်အတွက် ရိုးရာဓလေ့များကိုလေးစားသည့် ယဉ်ကျေးမှုဆိုင်ရာအသိပညာများမွေးမြူရန် မဖြစ်မနေလိုအပ်သည်။ မြန်မာတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုများသည် တောင်တန်းဒေသ၏ ကြံ့ခိုင်မှု၊ မြစ်ဝှမ်း၏ ရေစီးသဖွယ်စီးဆင်းမှု၊ ကမ်းရိုးတန်း၏ ပင်လယ်နှင့်ဆက်နွယ်မှု စသည့်ဒေသဆိုင်ရာအမှတ်အသားများ အလိုက် ကွဲပြားခြားနားနေသည်။ မတူကွဲပြားမှုကို တန်ဖိုးထားပြီး တစ်ဦးနှင့်တစ်ဦး လေးစားစွာလက်တွဲကူညီဆောင်ရွက်ခြင်းဖြင့် မြန်မာတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုများကို လက်ဆင့်ကမ်းထိန်းသိမ်းနိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

၁။ တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ

၂။ www.moi.gov.mm

# Zootopia-2 ရုပ်ရှင်ဇာတ်ကားသစ်၏ ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်လွန်ခဲ့




**နယူးယောက် ဒီဇင်ဘာ ၁၄**

Zootopia-2 ကွန်ပျူတာ အန်နီမေးရှင်း ရုပ်ရှင်ဇာတ်ကားသစ်၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ ဒီဇင်ဘာ ၁၃ ရက်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန် ဒေါ်လာ တစ်ဘီလီယံကျော်လွန်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ Zootopia-2 ဇာတ်ကားသည် ၂၀၂၅ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်လွန်ခဲ့သည့် ဒုတိယမြောက် ရုပ်ရှင်ဇာတ်ကားဖြစ်လာခဲ့သည်။

ဒစ္စနီးရုပ်ရှင် ကုမ္ပဏီသည် Zootopia-2 ကွန်ပျူတာအန်နီမေးရှင်းဇာတ်ကားကို ဒီဇင်ဘာ ၂၆ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Zootopia-2 ဇာတ်ကားသည် စတင်ရုံတင်ပြီး ရက် ၂၀ မပြည့်မီမှာပင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်လွန်ခဲ့သည့် ဟောလီးဝုဒ်စတူဒီယိုဇာတ်ကားမှာ ဒစ္စနီးကုမ္ပဏီကပင် ရိုက်ကူးထုတ်လုပ်ခဲ့သည့် Lilo and Stitch ကွန်ပျူတာ အန်နီမေးရှင်း ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Zootopia-2 ဇာတ်ကားကို ဒါရိုက်တာ ဂျရတ်ဘုရှ်နှင့် ဘိုင်ရွန် ဟိုးဝပ်တို့က ရိုက်ကူးပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# One Attempt Remaining ၌ မင်းသမီး ဂျင်နီဖာဂါနာ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဒီဇင်ဘာ ၁၄**

Netflix ကုမ္ပဏီ၏ One Attempt Remaining အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး ဂျင်နီဖာဂါနာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၃ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

မင်းသမီး ဂျင်နီဖာဂါနာသည် One Attempt Remaining ဇာတ်ကားအတွက် ထုတ်လုပ်သူတစ်ဦး အဖြစ်လည်း တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသည် ဒေါ်လာ သန်းပေါင်းများစွာတန်သော ဒစ်ဂျစ်တယ်ငွေ မဲပေါက်ခဲ့သော်လည်း စကားဝှက်မေ့လျော့နေသည့် ဇနီးမောင်နှံဟောင်းနှစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

One Attempt Remaining ဟာသဇာတ်ကားကို အမေရိကန် အမျိုးသမီးဒါရိုက်တာ ကေးကန်နန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

One Attempt Remaining ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျေးဘိုသီနှင့် ဘလက်ဘာအလင်နီတို့က ရေးသားပေးထားသည်။

**Ref : Russia Today**
**Trs : KKO**





# ဇော်မွှေး ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် လိပ်ပြာခွဲချိန်ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာလ စတုတ္ထပတ်တွင် ရုံတင်ပြသမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ဇော်မွှေး ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် လိပ်ပြာခွဲချိန် ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာလ စတုတ္ထပတ်တွင် ရုံတင်ပြသမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ လိပ်ပြာခွဲချိန် ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမ ဂျူလီယာမြင့်သိန်း၏ ထင်ရှားသည့် ဖြည်ရန်ကျန်သော ဆက်ထုံးများဝတ္ထုကို မိုးနီလွင်က ဇာတ်ညွှန်းရေးထားကာ ဒါရိုက်တာ မီးပွားက ဇော်မွှေးရုပ်ရှင်ထုတ်လုပ်ရေးအတွက် အကောင်းဆုံး ပုံဖော်ဖန်တီး ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

"ဇာတ်လမ်းကလဲ ပရိသတ် တွေကြိုက်ကြတဲ့ဝတ္ထုကို ဖန်တီး ထားတာပါ။ သည်းထိတ်ရင်ဖို အချစ်ဇာတ်လမ်းလေး ဖြစ်တာ



ကြောင့် ပရိသတ်ကြိုက်ကြမယ်လို့ ထင်ပါတယ်။ သရုပ်ဆောင်တွေ အားလုံးလဲ ကြိုးစားထားကြသလို ဒါရိုက်တာ ဦးပွားက ကြိုးစားရိုက်ကူးထားတာဖြစ်လို့ ပရိသတ်တွေ အားပေးရကြိုး နပ်မှာပါ"ဟု လိပ်ပြာခွဲချိန် ရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် ခင်ဝင့်ဝါက ပြောပြသည်။

လိပ်ပြာခွဲချိန် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် အလင်းရောင်၊ ရဲရင့်သော်၊ ခင်ဝင့်ဝါ၊ ဖူးစုံ၊ မေတိုးခိုင်၊ ဖုန်းသီရိကျော်၊ သံသာညီ၊ စိုးမိုးကြည်နှင့် အနုပညာရှင်များစွာ ပါဝင်ထား ကြောင်း သိရသည်။

ASH

# အမရပူရမြို့နယ် လက်သစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**အမရပူရ ဒီဇင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားခြင်းဖြင့် ကျေးလက်ဒေသများတွင် ဆင်းရဲမှု လျှော့ချနိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက လက်သစ်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက မြစိမ်းရောင် ကျေးရွာစီမံကိန်း အကြောင်းကို မိတ်ဆက်ပြောကြားပြီး စီမံကိန်းနှင့် ပတ်သက်၍ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍မြို့နယ်စီမံကိန်းတာဝန်ခံက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားပြီး အစည်းအဝေးသို့တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လက်သစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများကို ကဏ္ဍအလိုက် စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ စီမံကိန်းရန်ပုံငွေများကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးထံမှ သိရသည်။

**အောင်ရဲကျော်**

# Phantom Son ဇာတ်ကား၌ မင်းသား စပိုက်ခ်ဖန်း ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဒီဇင်ဘာ ၁၄**

Phantom Son အမည်ရှိစိတ္တဇလှို့ဝှက်သည်းဖို ဇာတ်ကား၌ Alien:Romulus မင်းသား စပိုက်ခ်ဖန်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၃ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

Phantom Son ဇာတ်ကား၌ မင်းသားစပိုက်ခ်ဖန်းသည် မင်းသမီး ရီနီဇယ်ဝီဂျာနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Phantom Son ဇာတ်ကားသည် လမ်းပေါ်၌ အသက်ရှင်ရေးအတွက် ရုန်းကန်နေရသောလူငယ်တစ်ဦးနှင့် ၎င်းကိုသားအဖြစ် မွေးစားခဲ့သော အမျိုးသမီးတစ်ဦးတို့ ကြုံတွေ့ရမည့်အဖြစ်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်ယိစ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အိုင်ယန် စကော့မက်ကူးလောက ရေးသားပေးထားသည်။

Phantom Son ဇာတ်ကားကို ၂၀၂၆ ခုနှစ် မတ်လတွင် စတင်ရိုက်ကူးရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**





# The Message sent by Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the 51st Anniversary of Rakhine State Day (15 December 2025)

**Esteemed national brethren in Rakhine State,**

On the auspicious occasion of the 51st Anniversary of Rakhine State Day, which falls today, 15 December 2025, I extend my greetings and first offer my best wishes to all Rakhine national brethren residing in Rakhine State and in various regions, as well as to all Union-born ethnic national people across the country, wishing them complete physical and mental well-being and the fulfillment of all beneficial hopes and aspirations.

Rakhine State Day is an auspicious and prestigious day, rich in special significance, for the Union-born Rakhine ethnic people. Under the Constitution adopted in 1974, when regions and states were designated, Rakhine State was included as one of the states. In 1974, in order to approve the Constitution, a nationwide referendum was held from 15 to 31 December 1973. The Rakhine State People's Council designated 15 December—the first day of that referendum—as Rakhine State Day. The Rakhine State Day ceremony, which is an auspicious occasion for all Rakhine ethnic people, has been observed annually with grandeur and enthusiasm, and it has now reached its 51st year.

Rakhine State is a state rich in cultural heritage and artistic works, together with the long ancient history of the Rakhine ethnic people. It is a region where the Buddha Sasana has flourished brightly, and, as expressed in the saying "clusters of orchid flowers and countless Rakhine pagodas," it is home to many historic ancient stupas and temples, making it a state abundant in cultural heritage.

Rakhine State is geographically located along the western coastal region and covers an area of 14,200 square miles. As it shares borders with neighboring countries, it is an important state for the nation. With forests, mountains, rivers and streams, lush green woodlands, and a long and beautiful coastline, it is rich in land and water resources and is also a proud and scenic state capable of producing valuable natural products.

**Esteemed national brethren,**

At present, this is a period during which the National Defence and Security Council is exercising and carrying out the three branches of State power—legislative, executive, and judicial—in accordance with the Constitution of the Republic of the Union of Myanmar. Until a new government that emerges from a general election is formed, the National Defence and Security Council has also set four key objectives and is continuously implementing them, namely: promoting national economic development, improving the socioeconomic lives of the people, and enhancing the national education and health sectors.

The National Defence and Security Council has formed the National Peace and Security Commission, and at present it is proceeding, in line with the final point of the four objectives—"to implement multiparty democratic system, with the participation of the people, to ensure the success of multiparty democratic general election process and successfully moving towards with the multiparty democratic system aspired by the entire people"—to ensure the successful holding of elections.

In order to successfully hold the free and fair multiparty democratic general election earnestly desired by the people, to ensure that the rights of all eligible voters are not infringed, and to conduct a dignified general election that is systematic and in accordance with proper procedures, the election processes have already begun to be implemented transparently in line with the relevant laws and by-laws. As the multiparty democratic general election is to be held in phases starting from 28 December, the most essential requirement for its successful conduct is nationwide stability and peace. Therefore, it is urged that all ethnic national people work together with the Government, with a strong sense of national spirit, to collectively strive for and implement this objective.

**Esteemed national brethren,**

In promoting national economic development, efforts are being made to implement measures to advance sectors closely linked to the economy, including education, health, the rule of law, and transport and communications. In carrying out production activities, it is essential to ensure the growth and success of micro, small and medium-sized enterprises (MSMEs), which form the most fundamental base of the economy. If these enterprises can be integrated with technology and enabled to produce value-added products, greater benefits will be achieved and the national economy will be strengthened. By comprehensively implementing agriculture- and livestock-based MSME activities that already have a foundation in Rakhine State, without leaving out even the most remote areas, the socioeconomic lives of ethnic national people will improve. Therefore, it is urged that regional and state governments, including Rakhine State, place strong emphasis on advancing the national economy.

For the development of Rakhine State, the Government has approved K10 billion in funding from the National Economic Development Fund to support the implementation of agricultural activities, livestock breeding, cooperative enterprises, and industrial and handicraft businesses. At present, these funds have been allocated to farmers, livestock breeders, cooperative societies, and industrial and handicraft operators, and implementation activities are already under way.

Promoting and advancing the agricultural and livestock sectors in Rakhine State in this manner will improve the socioeconomic lives of the predominantly rural population and enhance the country's key production industries. Such efforts reflect the State's goodwill toward Rakhine State and the Rakhine ethnic people, as well as the spirit of ethnic brotherhood, a genuine sense of patriotism, and a strong Union spirit.

The Government is implementing the education sector with the KG+9 as a compulsory education in order to nurture a fully developed, knowledgeable, and well-rounded human community. It is encouraged that within Rakhine State, efforts be prioritized to increase school enrollment rates for all school-age children, enhance students' academic achievement, and raise promotion rates from one grade to the next.

In the future, to cultivate young people who are fully capable, well-rounded, and reliable not only for the state but also for the nation, a comprehensive education is essential. Equally indispensable is the development of knowledge, general understanding, and correct thinking and values. Therefore, it is urged that, across the entire country, efforts be jointly undertaken to successfully advance the education sector in line with its objectives.

**Esteemed national brethren,**

Rakhine State has faced numerous difficulties in all aspects of transportation and connectivity. However, due to the successive efforts of the government in prioritizing the development of Rakhine State, it is well recognized that the state has undergone significant improvements and progress compared to the past.

However, at present, it can be observed that some powerful countries are seeking to exert influence over our nation's geopolitically important territory, taking advantage of the lack of stability and peace within the country, including in Rakhine State, by fostering unrest and violent activities to create instability.

Since October 2023, the activities of armed terrorist groups such as the MNDAA, TNLA, and AA have further worsened the socioeconomic conditions of ethnic national communities. Many innocent civilians have suffered hardship and distress due to the destructive actions of these armed groups. The continuous armed attacks by these terrorists are politically motivated, carried out based on misguided ideas, and amount to nothing more than violent acts. It has been observed that, rather than advancing along the path of multiparty democracy and working together to build a strong Union, they prioritize pursuing their own separate agendas. They have also exploited and manipulated young people through drugs, drawing them into harsh conditions during conflicts. They now understand that their demands cannot be met through armed terrorism and that conflicts can only be resolved peacefully through political dialogue at the negotiation table. Therefore, it is urged that they abandon armed methods and return to the correct democratic path.

It has been observed that the regions and states most affected by armed conflicts are those with weaker development. These areas have long struggled to develop due to a lack of freedom and various historical and situational factors, and the ongoing armed conflicts have further worsened their conditions, leaving them in a state of extreme hardship, as if "hardship is piled by worsening problems". Looking at countries around the world, it is evident that even remote rural areas achieve development when stability and peace are maintained.

Our country, Myanmar, is rich in natural resources and has fertile land and water suitable for agriculture and livestock breeding. Once stability and peace are achieved, even the historically underdeveloped areas, including rural regions, will inevitably experience development. Therefore, in consideration of the local people in underdeveloped regions who are suffering from poverty due to violent incidents, it is urged that everyone work together to maintain and promote stability and peace.

**Esteemed national brethren,**

All ethnic national people living in Myanmar are Union-born brethren who, for many centuries, have lived together in harmony, sharing the same land and water. At present, however, it is a critical time for everyone to reflect and act in the interest of their regions and the nation, *See Page 13*

# Press conference on national-level online scam-elimination campaign of the government of Republic of Union of Myanmar held


The press conference on national-level online scam-elimination campaign of the government of Republic of Union of Myanmar in progress.

**Nay Pyi Taw December 14**

A press conference on the national-level online scam-elimination campaign of the government of the Republic of Union of Myanmar was held at Studio A of Myanmar Radio and TV on Pyay Road in Kamayut Township, Yangon Region this morning. Maj-Gen Zaw Min Tun, Leader of the Information Team of the National Defence and Security Council, Deputy Minister for Information, and officials answered the questions raised by the news media.

In his explanation on the government's anti-online scam operations in Laukkai and Muse areas, Shan State (North), and at Shwe Kokko, KK Park and Kyaukkhet areas in Myawady Township, Kayin State, Maj-Gen Zaw Min Tun said the government has repeatedly told the media that Myanmar is not the birthplace of online fraud and online gambling. Setting up bases in Myanmar border areas that were under the domination of insurgent groups, the illegal business of online scam and gambling was being conducted, he said, adding the Myanmar government has never allowed or admitted online scam, instead it is actively crushing the illegal business in cooperation with the international community. After the Tamadaw has assumed the responsibilities of the State due to vote rigging in the 2020 election, political stability surfaced, alongside the attempts of some EAOs to ruin regional security and rule of law by providing the perpetrators with arms and military training, and taking the deterioration of security as an opportunity, the illegal business grew larger, he explained. In 2022, various kinds of illegal businesses including online scam was found in Laukkai area in Shan State (North) when it was scanned thoroughly, he said, adding online fraud increased, making good use of the decline in security. He then clarified the formation of a joint task force with China in crushing the criminal business and transfer of illegal foreigners who were involved in online scam to the relevant countries in accord with the law, identification and arrest of suspects by sharing information between Myanmar Police Force, Ministry of Home Affairs, and the Ministry responsible for security affairs of the People's Republic of China under the campaign to ensure the rule of law and combat online fraud between the two countries, an effective joint crackdown on the forced recruitment for online scam and gambling business at the border areas of Myanmar through trilateral cooperation among Myanmar, Thailand and China, complete demolition and clearing of illegal buildings to totally prevent the reoccurrence of online fraud and gambling in Myawady region, and Myanmar government's policy and methods to continue its anti-online scam and gambling campaign.

Deputy Minister for Home Affairs Maj-Gen Aung Kyaw Kyaw explained Myanmar's ongoing anti-online scam and gambling activities, and Chief of MPF Police Lt-Gen Win Zaw Moe, on salient points of anti-trafficking in persons and counternarcotics drives.

Maj-Gen Zaw Min Tun and officials answered the questions raised by reporters of news agencies, and later, the press conference came to an end.

After the press conference, attendees looked around the seized items used in online fraud and documentaries, displayed there.

Present were members of the Information Team of NDSC, heads of foreign missions in Yangon and officials, representatives of the relevant departments, media persons of local news agencies, dailies, local TV channels, foreign news agencies based in Myanmar. 100


Maj-Gen Zaw Min Tun answers media questions.

*From Page 12*

rather than allowing domestic traitors or powerful foreign countries to exploit ethnic groups for their own benefits, bringing hardship to the people and destroying local development and resources without consideration. It is urged to be mindful that if ethnic groups remain divided, the nation's strength will be weakened, and history will record them as peoples who had to follow the will of others.

Only by following the Nationwide Ceasefire Agreement (NCA) path for Union peace can we build the peaceful and prosperous nation that we all hope for. Achieving peace in our country can succeed only by meeting and negotiating through political means, based on the Union spirit, among national brethren, without foreign interference or domestic sabotage. The State also continues to invite dialogue, always keeping the door to peace open. As the saying goes, "True strength of the nation lies within," it is urged that all ethnic national people work together in unity, collectively and harmoniously, to advance the national interest.

In Rakhine State, ethnic groups such as the Rakhine, Kaman, Khami, Daingnet, Maramagyi, Mro, and Thet live alongside other ethnic nationalities, including the Bamar and Chin. The peace and development of the state rely on the unity of all ethnic groups living there and on a strong Union spirit. The active cooperation and joint efforts of national brethren residing in Rakhine State toward peace and regional development foster stability and progress within the state and serve as a source of strength for the construction of the nation.

In conclusion, the foremost requirement for the successful conduct of the upcoming multiparty democratic general election in our country is regional security and stability. If all voters actively participate, the election process can be carried out successfully, and the multiparty democratic system, earnestly desired by the people, can advance smoothly and effectively. It is also hoped that the ethnic people of Rakhine State, guided by a Union spirit and a sense of patriotism, will act in the interest of the people of the state, the state itself, and the Union. With these wishes for enduring peace, happiness, and prosperity, I respectfully send my greetings in commemoration of the 51st Anniversary of Rakhine State Day.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Acting President of the Republic of**
**the Union of Myanmar**
**Chairman, State Security and Peace Commission**

# 16 more buildings used for online fraud and gambling operations in KK Park area demolished; searches and inspections continue in Myawady Township to prevent such crimes



An illegally constructed three-story residential building in Section (3) of the KK Park area.

Before demolition. After demolition.

**Nay Pyi Taw December 14**

The Government of Myanmar, through joint forces comprising security personnel, administrative bodies, and local authorities, has been conducting clearance operations inside illegal buildings in the Shwe Kokko and KK Park areas—the main hubs for online fraud and gambling activities. These operations involve systematically seizing assets used in online scam and gambling operations and demolishing illegal structures.


As part of the ongoing crackdown on online fraud and gambling, today, 16 more illegal buildings within Section (3) of the Myawady–Maehtawthalay (KK Park) area, used for such crimes, were demolished. This includes one three-story building and fifteen two-story buildings, bringing the total number of demolished illegal structures in the KK Park area to 429 out of 635.

Furthermore, to prevent illegal foreign nationals from residing and engaging in online fraud and gambling in and around Myawady Township, Kayin State, joint teams including security forces, administrative bodies, and local authorities have been conducting search and clearance operations since December 8. Today, inspections were carried out at 36 buildings, including 6 one-story, 4 two-story, 20 three-story, and 6 four-story structures. No evidence of online fraud and gambling activities or illegal foreign nationals was found.

Additionally, today, assets used for online fraud and gambling in the KK Park and Shwe Kokko areas of Myawady Township were systematically burned and destroyed to prevent their reuse.

It is reported that the government is treating the prevention of online fraud and gambling as a national duty. In addition to mobilizing domestic forces, the government will continue to coordinate and collaborate with neighbouring countries to ensure such activities cannot take root in Myanmar.

100



The scene of search and inspection operations being carried out within Myawady Township to ensure there is no online fraud and gambling or illegal presence of foreign nationals.



Materials used for online fraud and gambling within the Shwe Kokko area of Myawady Township are seen being burned and destroyed.

# At least 12 dead in mass shooting at Sydney's Bondi Beach

**Sydney December 14**

At least 12 people have died after a shooting at Sydney's Bondi Beach on Sunday night, said New South Wales Premier Chris Minns.

One of the offenders was among the dead and another one is in custody, the Australian Broadcasting Corporation (ABC) cited Minns as saying.

NSW Police Commissioner Mal Lanyon declared the attack to be "a terrorist incident."

The state's ambulance service said that 16 people had been taken to hospital, with several others treated at the scene.

A second gunman was among those taken to hospital. At least two police officers were also injured.

Nine Network television reported that up to 20 people had been shot.

Authorities said there is no longer an active threat but have urged people to avoid the area.

One of the gunmen was Naveed Akram from Bonnyrigg in Sydney's southwest, the ABC reported, quoting a senior law enforcement official.

The official, speaking on condition of anonymity, said Akram's home in Bonnyrigg is currently being raided by police.

Many members of the Jewish community had assembled at the beach to celebrate Hanukkah, the Jewish Festival of Lights, earlier in the evening.

A Hanukkah event in Melbourne has been cancelled, and the Jewish community there is on high alert following the mass shooting in Sydney, the local Herald Sun newspaper reported.

The shooting occurred at around 6:40 p.m. local time when at least two men armed with high-powered guns opened fire on a crowd of people.

A warning issued by police shortly before 7 p.m. advised members of the public to avoid the area and for anyone at the scene to take shelter.

Video footage and photographs from the scene showed people fleeing from the beach and firearms lying on the ground.

Australian Prime Minister Anthony Albanese said in a statement that the scenes at Bondi are "shocking," and NSW Premier Chris Minns described the incident as deeply distressing.

Xinhua



Police officers are seen near the shooting site at Bondi Beach in Sydney, Australia, on Dec. 14, 2025.

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၇၂၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ ဒီဇင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၇၂၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူခရိုင်တွင် ဟင်းသီးဟင်းရွက် ၈၀၀၃ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကန့်ဘလူမြို့နယ်တွင် ၆၆၂၂ ဧကနှင့် ကျွန်းလှမြို့နယ်တွင် ၅၇၈ ဧက စုစုပေါင်းဧက ၇၂၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကန့်ဘလူခရိုင်မှာ ဟင်းသီးဟင်းရွက်ဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်" ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြသည်။

ကန့်ဘလူခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက် အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင်ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)




# မင်းလှမြို့နယ် သဖန်းချောင်းကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး



**မင်းလှ ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မင်းလှမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဖန်းချောင်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း(RBF) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူနှင့် ဝန်ထမ်းများက သဖန်းချောင်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF) ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် အစုအဖွဲ့ငါးဖွဲ့မှ ဆိတ်မွေးမြူရေးလုပ်ငန်းနှင့် နွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ လစဉ် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းလှမြို့နယ် သဖန်းချောင်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF)ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုဘဏ္ဍာနှစ်တွင် ဆိတ်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် အစုအဖွဲ့နှစ်ဖွဲ့နှင့် နွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် အစုအဖွဲ့သုံးဖွဲ့ကို တစ်ဖွဲ့ လျှင် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၆၀ စုစုပေါင်း အစုအဖွဲ့ငါးဖွဲ့ကို ငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားပြီး လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို**

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီလင်းက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ သာ တင်ပို့ ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလ တစ်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ လအတွင်း ရေကြည်မြို့နယ်ကနေ ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ကျော်ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရေကြည်မြို့နယ်က ဆန်နဲ့ စပါးတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လက်ရှိလဲ ရက် ၉၀ ဆန်အိတ်ရေ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်နေပါတယ်။ တင်ပို့ရောင်းချနေတဲ့ ရက် ၉၀ ဆန်တွေက အရည်အသွေး ကောင်းမွန်ပါတယ်" ဟု ရေကြည်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီလင်းက ပြောပြသည်။



ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ ဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ၉၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်များ အဆက်မပြတ် တင်ပို့ရောင်းချနေရခြင်းကြောင့် အရောင်းအဝယ်လုပ်ကိုင်သူများ၊ တောင်သူများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ လုပ်ငန်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရပ်စောက်မြို့နယ် ဖောင်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်တွင်း ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖောင်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က ဖောင်းတောကျေးရွာရှိ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများ ယခင်ကထက် တိုးချဲ့လုပ်ကိုင်ရန်အတွက် လိုအပ်သည့်ငွေကြေး အရင်းအနှီးများ ရရှိစေရန်နှင့် အတိုးရငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ ထံသို့ ရန်ပုံငွေကျပ် ၅၃၆ သိန်းကို လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဖောင်းတောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၅၃၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**



**ရခိုင်ပြည်နယ်နေ့မှ**

ပြည်နယ်တစ်ခုအဖြစ်ပါရှိခဲ့ပါသည်။ ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေအတည်ပြုရေးအတွက် ၁၉၇၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက် မှ ၃၁ ရက်ထိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခဲ့သည့် ဒီဇင်ဘာ ၁၅ ရက်ကို ရခိုင်ပြည်နယ်နေ့အဖြစ် ပထမအကြိမ် ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီက သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။ ရခိုင်တိုင်းရင်းသားအားလုံးတို့၏ နေ့ထူးနေ့မြတ်အခါသမယဖြစ်သော ရခိုင်ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာကျင်းပဆောင်ရွက်ခဲ့ရာ ၅၁ နှစ်တိုင်ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ရခိုင်တိုင်းရင်းသားတို့၏ရှည်လျားသော ရှေးသမိုင်းကြောင်းနှင့်အတူ ယဉ်ကျေးမှုအမွေအနှစ်များ၊ အနုပညာလက်ရာများ ပေါကြွယ်ဝသောပြည်နယ်ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာသာသနာတော်ထွန်းလင်းတောက်ပသည့်ဒေသတစ်ခုဖြစ်သည်နှင့်အားလျော်စွာ **“သဇင်ပန်းခိုင်တမြိုင်မြိုင်ရခိုင်ဘုရားပေါင်း”**ဆိုသည့်အတိုင်းသမိုင်းဝင်ရှေးဟောင်းစေတီပုထိုး များစွာတည်ရှိပြီး ယဉ်ကျေးမှုအမွေအနှစ်များပြည့်စုံသော ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ပထဝီဝင်အနေအထားအရ အနောက်ဘက်ကမ်းရိုးတန်းဒေသတွင်တည်ရှိကာ ဧရိယာစတုရန်းမိုင်ပေါင်း ၁၄၂၀၀ ကျယ်ဝန်းပြီး အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသဖြင့် နိုင်ငံတော်အတွက် အရေးပါသောပြည်နယ်တစ်ခုဖြစ်ပါသည်။ တော၊ တောင်၊ မြစ်ချောင်းများ စိမ်းလန်းစိုပြည်သော သစ်တောများရှိသည့်အပြင် ရှည်လျားလှပသည့် ပင်လယ်ကမ်းရိုးတန်းနှင့် ဆက်စပ်လျက်ရှိသည့်အတွက် မြေသယံဇာတများ၊ ရေသယံဇာတများပေါကြွယ်ဝပြီး အဖိုးတန်ထွက်ကုန်များ ထုတ်လုပ်နိုင်သည့် ဂုဏ်ယူဖွယ်ရာသာယာလှပသော ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျား**

ယနေ့အချိန်အခါသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူသော အာဏာသုံးရပ်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်လျက်ရှိသည့်ကာလဖြစ်ပါသည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် အထွေထွေရွေးကောက်ပွဲမှပေါ်ထွက်လာသည့် အစိုးရသစ်တစ်ရပ်ဖွဲ့စည်းပြီးချိန်အထိ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် အမျိုးသားပညာရေး၊ ကျန်းမာရေးကဏ္ဍများ မြင့်မားရေးတို့ကိုလည်း ဦးတည်ချက်(၄)ရပ်ချမှတ်ပြီး စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ကိုဖွဲ့စည်းပြီး ယခုဆိုလျှင် ဦးတည်ချက်(၄)ရပ်၏ နောက်ဆုံးအချက်ဖြစ်သည့် **“ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး”** ဦးတည်ချက်နှင့်အညီ ရွေးကောက်ပွဲများအောင်မြင်စွာကျင်းပနိုင်ရေးဆောင်ရွက်နေပြီဖြစ်ပါသည်။

ပြည်သူများလိုလားတောင့်တသည့်လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသော ဂုဏ်သိက္ခာရှိသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာစွာဖြင့် လုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။ လာမည့်ဒီဇင်ဘာ ၂၈ ရက်မှစ၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းမှုရှိရေးဖြစ်သဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကို မောင်နှမအပေါင်းတို့ခင်ဗျား**

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် စီးပွားရေးနှင့်ဆက်စပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးတိုးတက်စေရေးစသည့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ တိုးတက်အောင်မြင်မှုရရှိစေရန် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများကို နည်းပညာနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိပြီး နိုင်ငံ့စီးပွားရေးကို တိုးတက်စေမည်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်အတွင်း အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော MSME လုပ်ငန်းများကို ပြည်နယ်အစွန်အဖျားပါမကျန် အကြားအလပ်မရှိ ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သည့်အတွက် ရခိုင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ သမဝါယမနှင့် စက်မှုလက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးမတည်ရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၁၀ ဘီလီယံကို ခွင့်ပြုထားပြီးဖြစ်ပါသည်။ ယခုအခါအဆိုပါမတည်ငွေကိုတောင်သူဦးကြီးများ၊မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ သမဝါယမအသင်းများနှင့် စက်မှုလက်မှုလုပ်ငန်းဆောင်ရွက်သူများသို့ ခွဲဝေဆောင်ရွက်ထားပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်ပါသည်။

ထိုကဲ့သို့ ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင်မြှင့်တင်ပေးခြင်းသည် လူဦးရေအများစုဖြစ်သော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများတိုးတက်လာစေမည်ဖြစ်ပြီး နိုင်ငံ၏ အဓိကကုန်ထုတ်လုပ်ငန်းများမြင့်မားလာစေမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ပေးနေခြင်းသည် ရခိုင်ပြည်နယ်နှင့် ရခိုင်ဒေသတိုင်းရင်းသားပြည်သူများအပေါ်ထားရှိသည့် နိုင်ငံတော်၏စေတနာနှင့် တိုင်းရင်းသားညီနောင်အချင်းချင်းမိသားစုစိတ်ဓာတ်၊စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို မြင်တွေ့ရမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အသိဉာဏ်ပညာပြည့်ဝပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူ့ဘောင်အသိုက်အဝန်းထွန်းကားရေးအတွက် ပညာရေးနှင့်ပတ်သက်ပြီး KG+9 အထိ မသင်မနေရသတ်မှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရာခိုင်နှုန်းမြင့်မားရေး၊ ကျောင်းသား၊ ကျောင်းသူများကို အတန်းပညာတတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းနှုန်းမြင့်မားရေးတို့ကို အလေးထားဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

အနာဂတ်တွင် ပြည်နယ်အတွက်သာမက နိုင်ငံတော်အတွက်ပါ အားကိုးအားထားပြုရမည့် ဗလငါးတန်နှင့်ပြည့်စုံသော အရည်အချင်းပြည့်ဝသည့် လူငယ်များပေါ်ထွန်းလာစေရေးအတွက် အတတ်ပညာပြည့်ဝရေးသည် အဓိကကျသကဲ့သို့ အသိပညာ၊ဗဟုသုတ၊အတွေးအခေါ် အယူအဆမှန်ကန်ရေးသည်လည်း မရှိမဖြစ်လိုအပ်လှပါသည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပညာရေးကဏ္ဍမြှင့်တင်မှုကို ရည်မှန်းချက်များနှင့်အတူ တိုးတက်အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကို မောင်နှမအပေါင်းတို့ခင်ဗျား**

ရခိုင်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးမှအစ အဘက်ဘက်၌ အခက်အခဲများစွာရှိသဖြင့် အစိုးရအဆက်ဆက် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို ယခုအချိန်အထိ အလေးထားဆောင်ရွက်ခဲ့ခြင်းကြောင့် ယခင်ကထက် အဆပေါင်းများစွာပြောင်းလဲတိုးတက်လျက်ရှိသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

သို့သော်လည်း လက်ရှိကာလတွင် ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှုမရှိသည်ကို အခွင့်ကောင်းယူ၍ မိမိတို့နိုင်ငံ၏ ပထဝီနိုင်ငံရေးအရ အရေးပါမှုကိုအသုံးချရန် အင်အားကြီးနိုင်ငံတချို့က ဩဇာလွှမ်းမိုးချုပ်ကိုင်လိုသည့်အတွက် ဆူပူအကြမ်းဖက်မှုများနှင့် မတည်မငြိမ်ဖြစ်အောင် ဖန်တီးပုံဖော်နေခြင်းကို မြင်တွေ့ရမည်ဖြစ်ပါသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်ခဲ့သည့် MNDAA၊ TNLA၊ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ လုပ်ဆောင်ချက်များသည်

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၄**

လမ်းလျှောက်ခြင်းသည် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာရရှိစေနိုင်သော အရိုးရှင်းဆုံးနှင့် အထိရောက်ဆုံး လေ့ကျင့်ခန်းတစ်မျိုးဖြစ်သည့်အတွက် နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ်သတ်မှတ်၍ အများပြည်သူစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများကို နိုင်ငံတစ်ဝန်း ကျင်းပပြုလုပ်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌လည်းကျင်းပပြုလုပ်လျက်ရှိရာ ဒီဇင်ဘာဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ်အားကစားကွင်း၌လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ်ဘောလုံးကွင်း၌လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက်စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုတပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ်စုပေါင်းတန်းစီကွင်း၌ လည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ်အားကစားကွင်း၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုတပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးအနီး၌ လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ်စစ်ရေးပြကွင်း၌လည်းကောင်း အသီးသီးကျင်းပပြုလုပ်ကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲများတွင် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများ၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ရုံး၊ဌာနများ၏ ဒီဇင်ဘာအားကစားလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးစခန်းမှူးနှင့် ရုံး၊ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများပါဝင်ဆင်နွှဲ၍ သတ်မှတ်လမ်းကြောင်းများအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး သတ်မှတ်နေရာ၌ ကိုယ်လက်ကြံ့ခိုင်ရေးများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

**ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့မှာ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏စည်းလုံးညီညွတ်မှုနှင့်ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲမှုတို့အပေါ်တွင် မှီတည်လျက်ရှိ . . .**

**ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အားကြိုးမာန်တက်ပူးပေါင်းဆောင်ရွက်မှုများသည် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ပေါ်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိ . . .**

တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားအခြေအနေများကို ပိုမိုဆိုးရွားစေခဲ့ပါသည်။ လက်နက်ကိုင်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူပေါင်းများစွာ ဆင်းရဲဒုက္ခရောက်ခဲ့ကြရပါသည်။ အကြမ်းဖက်သောင်းကျန်းသူများ၏ ခေတ်အဆက်ဆက် လက်နက်ကိုင်တိုက်ခိုက်မှုများသည် နိုင်ငံရေးကိုအကြောင်းပြပြီး လွဲမှားသောအယူအဆများဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေကြခြင်းသာဖြစ်ပါသည်။ ၎င်းတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းပြီး ပြည်ထောင်စုကြီးကို အတူတကွတည်ဆောက်ရန်ထက် တသီးတခြားရပ်တည်လိုစိတ်ကိုသာ ရှေ့တန်းတင်လာကြသည်ကို တွေ့ရှိရပါသည်။ လူငယ်လူရွယ်များကို မူးယစ်ဆေးဝါးဖြင့် သိမ်းသွင်းမြူဆွယ်ပြီး စစ်ပွဲအတွင်းအတင်းအဓမ္မရောက်ရှိစေခဲ့ကြပါသည်။ လက်နက်ကိုင်အကြမ်းဖက်နည်းဖြင့် မိမိတို့လိုလားချက်ကိုတောင်းဆို၍မရနိုင်ဘဲ နိုင်ငံရေးစားပွဲဝိုင်းသို့ ရောက်လာပြီး ငြိမ်းချမ်းစွာ ဖြေရှင်းသောနည်းဖြင့်သာ ပဋိပက္ခများကိုပြေလည်စေမည်ဖြစ်သည်ကို သိရှိကြပြီး လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်ကာ လမ်းကြောင်းမှန်ပေါ်ရောက်ရှိကြရေး တိုက်တွန်းလိုပါသည်။

လက်နက်ကိုင်ပြဿနာများကြောင့် ထိခိုက်ဆုံးရှုံးမှုအများဆုံးသည် ဖွံ့ဖြိုးမှုအားနည်းသည့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များသာဖြစ်နေသည်ကိုတွေ့ရပါသည်။ ထိုဒေသများသည်လွတ်လပ်ရေးမရမီနှင့် ရပြီးစကတည်းက အခြေအနေအမျိုးမျိုး၊ အကြောင်းအမျိုးမျိုးတို့ကြောင့် ဖွံ့ဖြိုးမှုအားနည်းခဲ့သကဲ့သို့ဖြစ်ပွားနေသည့်လက်နက်ကိုင်ပဋိပက္ခများကြောင့် **"လဲရာသူခိုးထောင်း"** ဆိုသကဲ့သို့ ပိုမိုအခြေအနေဆိုးရွားနေသည်ကို တွေ့ရပါသည်။ ကမ္ဘာ့နိုင်ငံများကိုလေ့လာကြည့်လျှင် နိုင်ငံ၏ ဝေးလံလှသောကျေးလက်ဒေသများမှာပင် တည်ငြိမ်အေးချမ်းမှုရှိလျှင် ဖွံ့ဖြိုးတိုးတက်မှုရှိနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

မိမိတို့မြန်မာနိုင်ငံသည် သဘာဝသယံဇာတပေါကြွယ်ဝသည့်အပြင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ကောင်းမွန်သော ရေခံ၊ မြေခံများရှိပြီးဖြစ်၍ တည်ငြိမ်အေးချမ်းမှုသာယာမှုရှိလာပါက ခေတ်အဆက်ဆက် ဖွံ့ဖြိုးမှုနောက်ကျနေသောဒေသများတွင် ကျေးလက်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲမသွေဖြစ်ပါသည်။ ထို့ကြောင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဆင်းရဲဒုက္ခခံစားနေရပြီး ဖွံ့ဖြိုးမှုနောက်ကျနေသောဒေသခံပြည်သူလူထု၏ မျက်နှာကိုစာနာထောက်ထား၍ တည်ငြိမ်အေးချမ်းမှုကိုအားလုံးကဝိုင်းဝန်းကြိုးပမ်းပေးကြပါရန် တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကို မောင်နှမအပေါင်းတို့ခင်ဗျား**

မြန်မာနိုင်ငံအတွင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးအားလုံးသည် ရှေးနှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှ၊ တစ်မြေတည်းနေ တစ်ရေတည်းသောက်စည်းလုံးညီညွတ်ခဲ့ကြသည့် ပြည်ထောင်စုဖွားညီအစ်ကိုမောင်နှမများပင်ဖြစ်ကြပါသည်။ယနေ့အချိန်အခါတွင် ပြည်တွင်းမှပြည်ဖျက်သစ္စာဖောက်များနှင့် အင်အားကြီးနိုင်ငံများ၏ အကျိုးစီးပွားအတွက် မိမိတို့တိုင်းရင်းသားများကို ဆင်းရဲဒုက္ခရောက်စေပြီး မိမိတို့နေထိုင်ရာဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် အရင်းအမြစ်များကို စဉ်းစားဆင်ခြင်မှုကင်းမဲ့စွာဖြင့် ဖျက်ဆီးနေမည့်အစား မိမိတို့ရှင်သန်ကြီးပြင်းခဲ့ရာ ဒေသနှင့် နိုင်ငံတော်၏အကျိုးအတွက် အားလုံးကအရှည်ကိုမြော်တွေးကြရန် အရေးကြီးသည့်အချိန်ဖြစ်ပါသည်။ မိမိတို့အချင်းချင်းသွေးကွဲနေကြမည်ဆိုလျှင် နိုင်ငံတော်၏စွမ်းအားများလျော့နည်းပြီး သူတစ်ပါးအလိုကျ လိုက်ပါဆောင်ရွက်ကြရသော လူမျိုးများအဖြစ် သမိုင်းမှတ်တမ်းကျန်ရစ်မည်ကို သတိချပ်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ပြည်ထောင်စုကြီးငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသာလျှင် မိမိတို့အားလုံးမျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းပယောဂကင်းကင်းဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့်လည်း ဆွေးနွေးမှုများကိုဖိတ်ခေါ်ပြီး ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်ကြိုဆိုလျက်ရှိပါသည်။ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဆိုသည့်အတိုင်း တိုင်းရင်းသားပြည်သူအားလုံးစည်းလုံးညီညွတ်သော စုပေါင်းအားဖြင့် နိုင်ငံ့အကျိုးကို တက်ညီလက်ညီဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

ရခိုင်ပြည်နယ်တွင် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများဖြစ်ကြသည့် ရခိုင်၊ ကမန်၊ ခမီ၊ ဒိုင်းနက်၊ မရမာကြီး၊ မြို၊ သက် စသည့်တိုင်းရင်းသားများသည် မြန်မာ၊ ချင်း စသည့်တိုင်းရင်းသားများနှင့် အတူယှဉ်တွဲနေထိုင်လျက်ရှိပါသည်။ **ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့မှာ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲမှုတို့အပေါ်တွင် မှီတည်လျက်ရှိ**ပါသည်။ **ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အားကြိုးမာန်တက်ပူးပေါင်းဆောင်ရွက်မှုများသည် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိ**ပါသည်။

နိဂုံးချုပ်အားဖြင့် မိမိတို့နိုင်ငံတွင် မကြာခင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပရေးတွင် ဒေသလုံခြုံမှုနှင့်တည်ငြိမ်အေးချမ်းမှုရှိရန် အဓိကလိုအပ်လျက်ရှိပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူများလိုလားတောင့်တသည့်ပါတီစုံဒီမိုကရေစီစနစ်ကို စည်းကမ်းတကျ အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးအတွက် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်သည်နှင့်အမျှ လျင်မြန်စွာအောင်မြင်နိုင်မည်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကိုအခြေခံ၍ ပြည်နယ်သူပြည်နယ်သားများ၏ အကျိုး၊ ပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏အကျိုးထမ်းဆောင် နိုင်သူများဖြစ်ကြပါစေကြောင်းနှင့် အစဉ်ထာဝရအေးချမ်းသာယာ ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ၅၁ နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုလျက်သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ**
**ဥက္ကဋ္ဌ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်**


မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။


အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။


ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။


အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။


အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။

# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး စစ်တွေမြို့ အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများကို တွေ့ဆုံ




အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**စစ်တွေ ဒီဇင်ဘာ ၁၄**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ကျရောက်မည့် ၅၁ နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်ရန် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးသည် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ဗဟိုအကြံပေးအဖွဲ့ဝင်များနှင့် အတူ ယနေ့ညနေပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ကုန်စည်စီးဆင်းမှုနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်နေမှု၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများနှင့် နေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ပေးနေမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ထားရှိမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်မှု၊ ဒေသခံပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုစေမည့် Quick Winလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်နေမှု၊ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်နေမှုနှင့် စစ်တွေမြို့တည် နှစ် ၂၀၀ ပြည့်အထိမ်းအမှတ်ပွဲတော်ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက မိမိတို့ဝန်ကြီးဌာနအလိုက် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ပေးနေမှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် အမှုဆောင်ချုပ်က ရခိုင်တိုင်းရင်းသားများနှင့် ဗမာတိုင်းရင်းသားများသည် စာပေလည်း တူသကဲ့သို့ ရုပ်ရည်အသွင်သဏ္ဌာန်လည်း တူသည့် နိုင်ငံသားများဖြစ်ကြပါကြောင်း၊ နိုင်ငံရေးအကျိုးအမြတ် လိုလားကြသူများက သွေးခွဲစည်းရုံးဟောပြောမှုနှင့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများကြောင့် တည်ငြိမ်အေးချမ်းနေသည့် ရခိုင်ပြည်နယ်ကြီးသည် လက်ရှိအခြေအနေတွင် နယ်မြေမတည်ငြိမ်မှုများကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နှောင့်နှေးလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

ရခိုင်တိုင်းရင်းသားများသည် မြန်မာနိုင်ငံအပြင် ကမ္ဘာအနှံ့တွင် နေထိုင်လျက်ရှိကြပါကြောင်း၊ ထူးချွန်ထက်မြက်သည့် ရခိုင်တိုင်းရင်းသားပုဂ္ဂိုလ်များ များစွာပေါ်ထွက်ခဲ့ကြပါကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အားလုံးပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအလားအလာကောင်းများရှိပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်၍ ကြိုးစားပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် အမှုဆောင်ချုပ်နှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ သွားရောက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ဆန်နှင့် အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ပို့ဆောင်ရောက်ရှိနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဆိပ်ကမ်းအရာရှိချုပ်တို့က ဘက်စုံသုံးဆိပ်ကမ်းအတွင်း သင်္ဘောများ ဆိပ်ကမ်းရောက်ရှိမှုအခြေအနေ၊ ကုန်တင်ကုန်ချပြုလုပ်နေမှုအခြေအနေ၊ ဆိပ်ကမ်း၏ ရေစူးအတိမ်အနက်အခြေအနေကို ရှင်းလင်းတင်ပြကြရာ ရှင်းလင်းတင်ပြချက်များပေါ် အမှုဆောင်ချုပ်က လိုအပ်သည်များကို မှာကြားပြီး ဆိပ်ကမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အမှုဆောင်ချုပ်နှင့် အဖွဲ့ဝင်များသည် ဝဏ်ပါကွင်း၌ ၅၁ နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ဂီတဖျော်ဖြေပွဲနှင့် စတုဒိသာကျွေးမွေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားသည်။

ထို့နောက် အမှုဆောင်ချုပ်နှင့်အဖွဲ့ဝင်များသည် အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးအား ဖူးမြော်ပြီး ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်၍ ဘုရားကြီးသိမ်တော် ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်ကာ ဘုရားဖူးလာပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး ဝဏ်ပါကွင်း၌ ၅၁ နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ဂီတဖျော်ဖြေပွဲနှင့် စတုဒိသာကျွေးမွေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

---

### ❑ ဆီးဂိမ်းပြိုင်ပွဲမှ

ဗိုလ်လုပွဲအဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲ ဘီလိယက်အသင်းလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် မြန်မာအသင်းမှ ပေါက်စ၊ အောင်ဌေးနှင့် နေသွေးဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး စင်ကာပူအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးပွဲတစ်ပွဲဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ရယူပေးနိုင်ခဲ့သည့် မြန်မာဘီလိယက်အသင်းတွင် ပါဝင်ယှဉ်ပြိုင်ကစားခဲ့သည့် ပေါက်စသည် ဘီလိယက်တစ်ဦးချင်းပြိုင်ပွဲ၌ ဗိုလ်လုပွဲအဆင့်ထိ တက်ရောက်နိုင်ခဲ့ပြီး ဗိုလ်လုပွဲစဉ်အဖြစ် စင်ကာပူနိုင်ငံမှ ပီတာဂေးလ်ခရစ်နှင့်ယှဉ်ပြိုင်ကစားခဲ့ရာ သုံးပွဲပြတ်ဖြင့်ရှုံးနိမ့်ခဲ့သည့်အတွက် ငွေတံဆိပ်ရရှိခဲ့ပြီး ယခုအခါ ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်တစ်ခု ဆွတ်ခူးထားကြောင်း သိရသည်။

STA



အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်း သတင်းထောက်များ၏မေးမြန်းမှုကို ဖြေကြားစဉ်။




အခမ်းအနားတက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့်ဖမ်းဆီးရမိပစ္စည်းများနှင့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

☆ ကျောဖုံးမှအဆက်

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက Onlineလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်နှင့် မူဆယ်ဒေသ၊ ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ် KK Park နှင့် ကျောက်ခက်ဒေသတို့တွင် အစိုးရအနေဖြင့် တိုက်ဖျက်နှိမ်နင်းဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ Online လိမ်လည်လောင်းကစားသည့် လုပ်ငန်းများသည် မြန်မာနိုင်ငံမှ စတင်ပေါ်ပေါက်လာခြင်း မဟုတ်ဘဲ မီဒီယာများမှတစ်ဆင့် အကြိမ်ကြိမ် ရှင်းလင်းတင်ပြခဲ့မှု အခြေအနေများ၊ မြန်မာနိုင်ငံ၏နယ်စပ်ဒေသရှိ သောင်းကျန်းသူအဖွဲ့အစည်းများ ကြီးစိုးသည့် နယ်မြေများတွင် အခြေချပြီး Online လိမ်လည်လောင်းကစားလုပ်ငန်းများကို တရားမဝင် လုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားလုပ်ငန်းများကို ခွင့်ပြုထားခြင်း၊ လက်ခံထားခြင်း မရှိဘဲ နှိမ်နင်းရေးလုပ်ငန်းများတွင် နိုင်ငံတကာနှင့်တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ရယူခဲ့မှုနောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် နိုင်ငံရေးမတည်ငြိမ်မှု၊ အချို့သော EAO အဖွဲ့များက အကြမ်းဖက်ဆူပူသူများကို လက်နက်နှင့် စစ်ပညာထောက်ပံ့ပြီး နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး ပျက်ပြားစေရန် ဆောင်ရွက်ခဲ့မှုတို့အပေါ် အခွင့်ကောင်းယူပြီး လုံခြုံရေးအခြေအနေ ယိုယွင်းလာမှုအပေါ် အခွင့်ကောင်းယူကာ အွန်လိုင်းလိမ်လည်မှုနေရာများ ပိုမိုများပြားလာသည့်အခြေအနေများ၊ ၂၀၂၂ ခုနှစ်အတွင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်ဒေသ၌ Online လိမ်လည်လောင်းကစားမှုအပါအဝင် အခြားသော တရားမဝင်လုပ်ငန်းများ လုပ်ဆောင်ခဲ့သည်ကို စိစစ်တွေ့ရှိရကြောင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများကို တရုတ်နိုင်ငံနှင့်အတူ နှစ်နိုင်ငံ Task Force ဖွဲ့စည်း၍ ပူးပေါင်းနှိမ်နင်းမှုများ ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်ပြီး Online လိမ်လည်မှုများတွင် ပါဝင်ပတ်သက်ခဲ့သည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေနှင့်အညီ လွှဲပြောင်းပေးအပ်ခဲ့သည့် အခြေအနေများ၊ မြန်မာ–တရုတ် နှစ်နိုင်ငံအကြား တရားဥပဒေစိုးမိုးရေးနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ တိုက်ဖျက်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာနတို့ကြား သတင်းဖလှယ်မှုများ ဆောင်ရွက်ပြီး တရားခံများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည့်အခြေအနေများ၊ မြန်မာ–ထိုင်း–တရုတ် သုံးနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် Online လိမ်လည်လောင်းကစားမှုကျူးလွန်ရန် အဓမ္မစေခိုင်းသည့်ဖြစ်စဉ်များကို သုံးနိုင်ငံနားလည်မှုရှိရှိ သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှု (Trilateral Cooperation)ပုံစံ ထိထိရောက်ရောက် ပူးပေါင်းနှိမ်နင်းလျက်ရှိသည့်အခြေအနေများ၊ မြဝတီဒေသ၌ Online လိမ်လည်လောင်းကစားမှု လုပ်ငန်းများနှင့် ဒုစရိုက်လုပ်ငန်းများ ပြန်လည်အခြေမချနိုင်စေရန် တရားမဝင် ဆောက်လုပ်ထားသည့် အဆောက်အအုံများကို အပြီးတိုင် ဖြိုချဖျက်ဆီးရှင်းလင်း ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် Online လိမ်လည်မှု (Online Scam)၊ Online လောင်းကစားမှု(Online Gambling) များအပေါ် ဆက်လက်လုပ်ဆောင်သွားမည့် မူဝါဒနှင့် နည်းလမ်းများစသည်တို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်က မြန်မာနိုင်ငံ၏ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုးက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ဖမ်းဆီးရမိပစ္စည်းများနှင့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ရန်ကုန်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအသီးသီးမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက်ပြည်ပသတင်းဌာနမှ သတင်းထောက်များ တက်ရောက်သတင်းရယူခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ပါဝင်သော တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့ ပြန်လည်ရောက်ရှိ၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ် ရှစ်မြို့နယ်မှ ဒေသခံပြည်သူ ၁၂၅၇၈ ဦးကို ဆေးဝါးကုသခြင်းများဆောင်ရွက်ပေးနိုင်ခဲ့



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များကို ဧရာဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်ဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြစဉ်၊

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ ကျေးရွာများမှ ဒေသခံပြည်သူများကို တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ဖြင့်သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့်တပ်မတော်မှ ပါရဂူများ၊ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ် ရှစ်မြို့နယ်မှ ဒေသခံပြည်သူ ၁၂၅၇၈ ဦးကို ဆေးဝါးကုသခြင်းများဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းသိရသည်။

အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ် (စကု)တို့သည် ရန်ကုန်မြို့ရှိ အမှတ်(၄)ရေတပ် ဖောတံတားသို့ရောက်ရှိကြရာ ဧရာဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်ဦးနှင့်အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မအူပင်မြို့နယ်၊ ရွှေလောင်းမြို့နယ်၊ဝါးခယ်မမြို့နယ်၊မြောင်းမြမြို့နယ်၊ လပွတ္တာမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်တို့နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိဒေသခံပြည်သူ စုစုပေါင်း ၁၂၅၇၈ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၄၇၉၉ ဦး၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ ၆၀၃ ဦး၊ သားဖွားမီးယပ်ရောဂါ ဦးရေ ၇၈၀ ၊ ကလေးရောဂါ ၇၉၉ ဦး၊အရိုးရောဂါဦးရေ ၁၉၄၀၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ ၉၀၁ ဦး၊ မျက်စိရောဂါ ၁၈၅၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၉၀၁ ဦး စုစုပေါင်း ဒေသခံပြည်သူ ၁၂၅၇၈ ဦးတို့ကိုလိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁၀၄ ဦး၊ မျက်စိခွဲစိတ်လူနာ ၅၇ဦးတို့ကို ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသမှုများဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၄၂၁ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၈၉၇ ဦး၊ ECGစက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၂၆ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၀၆၅ ဦး တို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် တစ်ဦးကိုအောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များပါဝင်သော တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့ဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် မြစ်ကြောင်းများတစ်လျှောက် ဆေးကုသရန်ခက်ခဲသောကျေးရွာများရှိ ဒေသခံပြည်သူများကိုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့ရာ ယခုခရီးစဉ်သည် အကြိမ် ၂၀ မြောက်ဖြစ်ပြီး ဒေသခံပြည်သူ စုစုပေါင်း ၁၉၈၁၄၆ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့သည့် ခရီးစဉ်များအတွင်း ကိုယ်ဝန်ဆောင်မိခင် ၃၂ ဦးတို့ကို တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ရှိသားဖွားခန်း၌ အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမျိုးသားအဆင့် အွန်လိုင်းလိမ်လည်မှု အမြစ်ပြတ်နှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမျိုးသားအဆင့် အွန်လိုင်းလိမ်လည်မှု အမြစ်ပြတ်နှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအသံလွှင့်ဌာန၌ ကျင်းပပြုလုပ်ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တာဝန်ရှိသူများက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

ဦးစွာ **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယနေ့သတင်းစာရှင်းလင်းပွဲကို တက်ရောက်လာကြသည့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါဟု နှုတ်ဆက်ပါကြောင်း။ ပထမဦးစွာ သတင်းစာရှင်းလင်းပွဲကို တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးမည်ဖြစ်ပါကြောင်း။မိမိကတော့ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်း ဖြစ်ပါကြောင်း။ မိမိ၏ ညာဘက်ဘေးက ပုဂ္ဂိုလ်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် ဖြစ်ပါကြောင်း။ သူ့ရဲ့ဘေးကတော့ ဒုတိယတပ်မတော် စစ်ဘက်ရေးရာလုံခြုံရေး အရာရှိချုပ် ဖြစ်သည့် ဗိုလ်ချုပ်ခိုင်လင်းဖြစ်ပါကြောင်း။ သူ့ရဲ့ဘေးကတော့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေမျိုး ဖြစ်ပါကြောင်း။ သူ့ရဲ့ဘေးကတော့ ကရင်ပြည်နယ် နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော် ဖြစ်ပါကြောင်း။ မိမိရဲ့ ဘယ်ဘက်ဘေးကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ဖြစ်ပါကြောင်း။ သူ့ရဲ့ဘေးကတော့ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးပပထွန်းဖြစ်ပါကြောင်း။ သူ့ရဲ့ဘေးကတော့ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ဒုတိယခေါင်းဆောင် ဦးသက်ဆွေ ဖြစ်ပါကြောင်း။ သူ့ရဲ့ ဘေးကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးမှူး ရဲမှူးချုပ်ကျော်ဇေယျ ဖြစ်ပြီး သူ့ရဲ့ဘေးကတော့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်ဖြစ်ပါကြောင်း ပြောကြားသည်။

ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ အမျိုးသားအဆင့် အွန်လိုင်းလိမ်လည်မှု အမြစ်ပြတ်နှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး နိုင်ငံတကာသံတမန်များနှင့် ပြည်တွင်းပြည်ပမီဒီယာများကို မိမိအနေဖြင့် ရှင်းလင်း ပြောကြားသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ရှင်းလင်းပြောကြားရာတွင် အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများလုပ်ကိုင်ခဲ့သည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်နှင့် မူဆယ်ဒေသ၊ ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ် KK Parkနှင့် ကျောက်ခတ်ဒေသတို့၌ မိမိတို့အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်နှိမ်နင်းမှု ဆောင်ရွက်ခဲ့မှုများကို အပိုင်းလိုက် ရှင်းလင်းသွားမှာဖြစ်ကြောင်း၊ ပထမဦးစွာ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများသည် မြန်မာနိုင်ငံက စတင်ပေါ်ပေါက်လာခြင်းမဟုတ်သည်ကို မီဒီယာများမှတစ်ဆင့် မိမိအနေဖြင့် အကြိမ်ကြိမ် ရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကို အဓိကကြိုးကိုင်လုပ်ဆောင်နေသောပိုင်ရှင်များသည် မြန်မာနိုင်ငံသားများမဟုတ်ဘဲ နိုင်ငံခြားသားများဖြစ်သည်ကို အားလုံးတွေ့ရှိနိုင်ပါကြောင်း ပြောကြားသည်။

၎င်းတို့အနေဖြင့် မိမိတို့မြန်မာနိုင်ငံ၏ နယ်စပ်ဒေသ သောင်းကျန်းသူအဖွဲ့ အစည်းများကြီးစိုးသော နယ်မြေများတွင် အခြေချပြီး ယခုကဲ့သို့လုပ်ငန်းများကို တရားမဝင် လုပ်ဆောင်နေကြခြင်းဖြစ်ပါကြောင်း၊ ထိုဒေသများသည် လုံခြုံရေးအခြေအနေအရ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရား လက်လှမ်းမမီသည်ကို အခွင့်ကောင်းယူပြီး လက်နက်ကိုင်သောင်းကျန်းသူများ၏ အကာအကွယ်ကို ရယူလုပ်ဆောင်ခဲ့ကြသည်ကိုလည်း တွေ့ရှိနိုင်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအစိုးရအနေဖြင့် ယခုကဲ့သို့ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကို ခွင့်ပြုထားခြင်း၊ လက်ခံထားခြင်းမရှိသကဲ့သို့ နှိမ်နင်းရေးလုပ်ငန်းများတွင် နိုင်ငံတကာနှင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။



အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်း ရှင်းလင်းပြောကြားစဉ်။

အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများကို ၂၀၁၉ ခုနှစ် နောက်ပိုင်းတွင် မြန်မာနိုင်ငံ၌ တွေ့ရှိခြေရာခံမိခြင်းဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ကိုဗစ်ရောဂါကြောင့် တစ်နေရာနှင့်တစ်နေရာ သွားလာမှုကန့်သတ်ချက်ရှိခဲ့ပြီး ထိုကဲ့သို့ခက်ခဲသည့်အချိန်များကို အခွင့်ကောင်းယူပြီး အွန်လိုင်းလိမ်လည်မှုနေရာများကို မြန်မာနိုင်ငံအတွင်း တိုးချဲ့ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မဲမသမာမှုကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ရယူခဲ့မှု၊ နောက်ပိုင်းဖြစ်ပွားခဲ့သော နိုင်ငံရေးမတည်ငြိမ်မှု၊ အချို့သော EAO အဖွဲ့များက အကြမ်းဖက်ဆူပူသောင်းကျန်းသူများကို လက်နက်နှင့် စစ်ပညာထောက်ပံ့ပြီး နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး ပျက်ပြားအောင် ဆောင်ရွက်ခဲ့မှုတို့အပေါ် အခွင့်ကောင်းယူပြီး လုံခြုံရေးအခြေအနေ ယိုယွင်းလာမှုအပေါ် အခွင့်ကောင်းယူပြီး အွန်လိုင်းလိမ်လည်မှုနေရာများ ပိုမိုများပြားလာပါကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ဒေသ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုအပါအဝင် အခြားသော တရားမဝင်လုပ်ငန်းများ လုပ်ဆောင်ခဲ့သည်ကို စိစစ်တွေ့ရှိခဲ့ရကြောင်း၊ ယင်းလုပ်ငန်းများကို အဓိကလုပ်ဆောင်နေသူများသည် နိုင်ငံတကာ၌ ရာဇဝတ်မှုများကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေကြသူများက ဦးဆောင်လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းဒေသများရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများကို တရုတ်နိုင်ငံနှင့်အတူ နှစ်နိုင်ငံ Task Force ဖွဲ့စည်းပြီး ပူးပေါင်းနှိမ်နင်းမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်ပြီး အွန်လိုင်းလိမ်လည်မှုများတွင် ပါဝင်ပတ်သက်ခဲ့သည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေနှင့်အညီ လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း၊ အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ဒေသ၌လည်း တရုတ်-မြန်မာ နှစ်နိုင်ငံပူးပေါင်းပြီး အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကို နှိမ်နင်းခဲ့ပါကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တရားဥပဒေစိုးမိုးရေးနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို တိုက်ဖျက်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာနတို့အကြား သတင်းဖလှယ်မှုများ ဆောင်ရွက်ပြီး တရားခံများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ယခုကဲ့သို့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ ဖမ်းဆီးနှိမ်နင်းမှုများကြောင့် အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းလုပ်ကိုင်သူများသည် ရှမ်းပြည်နယ် (တောင်ပိုင်း)ဘက်သို့ ရောက်ရှိလာပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း နမ့်စန်မြို့ ပတ်ဝန်းကျင်နှင့် ဇူလိုင်လအတွင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တို့၌ တရားမဝင်နိုင်ငံခြားသား ၁၃၃၃ ဦးကို ဖမ်းဆီးရမိခဲ့ပြီး ထိုအကြောင်းအရာများကို တရားဝင်သတင်းများ ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

၂၀၂၃ ခုနှစ်အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများသည် ထိုင်း-မြန်မာနယ်စပ် မြဝတီဒေသကို ရောက်ရှိလာပြီး ဒုစရိုက်လုပ်ငန်းများကို ပြန်လည် လုပ်ဆောင်လာသောကြောင့် မြန်မာ-ထိုင်း-တရုတ် သုံးနိုင်ငံအကြား နယ်စပ်ဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေး အစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် မဲဆောက်မြို့တို့၌ ကျင်းပပြီး အွန်လိုင်းလိမ်လည်မှု(Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling)ဆိုင်ရာ ရှေ့ပြေးစစ်ဆင်ရေးကို ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာ-ထိုင်း-တရုတ် သုံးနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရန် အဓမ္မစေခိုင်းသည့်ဖြစ်စဉ်များကို သုံးနိုင်ငံနားလည်မှုရှိရှိ သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှု (Trilateral Cooperation) ပုံစံ ထိထိရောက်ရောက် ပူးပေါင်းနှိမ်နင်းလျက်ရှိကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများတွင် ပါဝင်ပတ်သက်နေသူများကို သက်ဆိုင်ရာအိမ်နီးချင်းနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းပြီး ဖော်ထုတ်ဖမ်းဆီးမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းနယ်မြေ၌ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ဆောင်နေကြသည့် နိုင်ငံခြားသားများ မည်ကဲ့သို့ရောက်ရှိလာသည်ကို ယခင်ကလည်း ရှင်းပြခဲ့ပြီးဖြစ်ကြောင်း၊ ယင်းဒေသကိုရောက်ရှိလာသည့် နိုင်ငံခြားသားများ၏ ၉၉ ဒသမ ၆ ရာခိုင်နှုန်းမှာ တစ်ဖက်နိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံထဲသို့ ကူးပြောင်းရောက်ရှိလာခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံထဲကို တရားမဝင်လမ်းကြောင်းမှတစ်ဆင့်ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများတွင် လုပ်ကိုင်နေကြသည့် တရားမဝင်နိုင်ငံခြားသားများကိုလည်း မပြတ်ဖမ်းဆီးပြီး သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင့်လွှဲပြောင်းပေးလျက်ရှိကြောင်း ပြောကြားသည်။

ကရင်ပြည်နယ် မြဝတီဒေသ၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ၏ အစမှာ ၂၀၁၇ ခုနှစ်က စတင်ခဲ့သည့် ရွှေကုက္ကိုလ် စီမံကိန်းဖြစ်ကြောင်း၊ ရွှေကုက္ကိုလ်စီမံကိန်းဆိုသည်မှာ မြန်မာ-ရထိုက် ရွှေကုက္ကိုလ်အထူးစီးပွားရေးဇုန် စီမံကိန်းအဖြစ် Yatai International Holding Group နှင့် ချစ်လင်းမြိုင်ကုမ္ပဏီတို့က ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ စတင်ရန် ၂၀၁၆ ခုနှစ်လောက်ကတည်းက ပြင်ဆင်ခဲ့ခြင်းဖြစ်ပြီး ယင်းအချိန်က NLD အစိုးရ၏ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဆွေးနွေးတိုင်ပင်မှုများလုပ်ဆောင်ခဲ့သည်ကို သိရှိရကြောင်း၊ နောက်ပိုင်း ၂၀၁၇ ခုနှစ် ဧပြီလအတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို တင်ပြခွင့်ပြုချက်ရယူခဲ့သည်ကို သိရှိရကြောင်း၊ ယင်းစီမံကိန်းများကို တင်ပြရာတွင် လောင်းကစားရုံများတည်ဆောက်မည့်အစီအစဉ် မပါဝင်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် နှစ်ဦးပိုင်းတွင် ခွင့်ပြုပေးထားသည့်အဆောက်အအုံထက် ပိုမိုဆောက်လုပ်နေကြောင်းကို ပြည်သူများက တိုင်ကြားထားသောကြောင့် ထိုအချိန်က တာဝန်ယူထားသော NLD အစိုးရအနေဖြင့် ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် စုံစမ်းရေးအဖွဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့သောကြောင့် စီမံကိန်းလုပ်ငန်းများ ယာယီရပ်ဆိုင်းခဲ့သည်ကိုလည်း တွေ့ရှိရကြောင်း၊ အဆိုပါစီမံကိန်းကိစ္စများကို ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်အစည်းအဝေး၏ ၁၇ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင်လည်း မေးခွန်းမေးမြန်းမှုနှင့် ပြန်လည် ဖြေကြားမှုများလုပ်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် လောင်းကစားလုပ်ငန်းများနှင့်ပတ်သက်နေသူများက ရပ်ဆိုင်းနေသည့်လုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်အောင် တရုတ်နိုင်ငံက အကောင်အထည်ဖော်နေသည့် BRI စီမံကိန်းတွင် ပါဝင်သယောင် ဝါဒဖြန့်ခဲ့သည်ကို တွေ့ရှိရသောကြောင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက အဆိုပါ ရွှေကုက္ကိုလ်စီမံကိန်းသည် BRI စီမံကိန်းတွင် မပါဝင်ကြောင်းကို တရားဝင်သတင်းထုတ်ပြန်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ယခုနိုင်ငံတော်ယာယီသမ္မတထံ သံအမတ်ကြီး မစ္စတာချန်ဟိုင်ကလာရောက်တွေ့ဆုံစဉ် ရှင်းလင်းတင်ပြခဲ့ပါကြောင်း၊ ရွှေကုက္ကိုလ်စီမံကိန်း တစ်ခုတည်းသာ နိုင်ငံတော်ကို တစ်စိတ်တစ်ပိုင်းတင်ပြဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး **စာမျက်နှာ ၂၂ သို့**

**စာမျက်နှာ ၂၀ မှအဆက်**

ကျန်ရှိသည့် ကျောက်ခတ်နှင့် KK Park စသည့် စီမံကိန်းများမှာ လုံးဝတင်ပြခဲ့ခြင်း မရှိသည်ကိုလည်း တွေ့ရှိရကြောင်း ပြောကြားသည်။

မြဝတီမြို့နယ် ကျောက်ခက်ကျေးရွာ၌ လုပ်ဆောင်နေသည့် Chongkhaed Garden Resort လောင်းကစားရုံစီမံကိန်းကို KKO အဖွဲ့မှ ဗိုလ်မှူးချုပ်အဆင့်ရှိသော စိုင်းကျော်လှက ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ထိုင်းနိုင်ငံအခြေစိုက် ထိုက်ချန်ကုမ္ပဏီနှင့်စာချုပ်ချုပ်ပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ခဲ့သည်ကို စိစစ်တွေ့ရှိရကြောင်း ပြောကြားသည်။

ထို့ပြင် KK Park စီမံကိန်းလုပ်ငန်းများကို KNU အဖွဲ့၏ မုလအိအလင်း( Mu La Ei Ahlin)ကုမ္ပဏီနှင့် ဟွာ့ညအပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းစု (Huanya International Holding Group) လက်အောက်ခံ ထိုင်းနိုင်ငံအခြေစိုက် Trans Asia International Holding Group တို့က ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်းမှာ သဘောတူစာချုပ်ချုပ်ပြီး စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းစာချုပ်တွင် မုလအိအလင်းဘက်က အသိသက်သေများအနေဖြင့် လက်ရှိ KNU ဥက္ကဋ္ဌအဖြစ် တာဝန်ယူနေသည့် စောကွယ်ထူးဝင်းနှင့် KNU ကာကွယ်ရေးဌာန၏ အကြီးအကဲဖြစ်သူ စောရော်ဂျာခင်တို့ကိုယ်တိုင် လက်မှတ်ရေးထိုးထားကြောင်းကိုလည်း မိမိတို့ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ မုလအိအလင်းကုမ္ပဏီသည် KNLA စစ်ဦးစီးချုပ်အဆင့်ရှိ စောဂျော်နီ၏သား အကြီးဆုံးဖြစ်သူ စောဒိုစိုးဂျော်နီက ပိုင်ဆိုင်ပြီး မြေပြင်တွင် ၎င်း၏လူယုံများဖြစ်သည့် စောဝင်းကျော်နှင့် စောကျော်သူတို့က လုပ်ကိုင်နေခြင်း ဖြစ်ကြောင်းကိုလည်း စိစစ်တွေ့ရှိရကြောင်း ပြောကြားသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း နိုင်ငံရေးဖြစ်စဉ်များကြောင့် နိုင်ငံတော်၏ လုံခြုံရေးအခြေအနေများအပေါ် အခွင့်ကောင်းယူပြီး ယင်းဒေသများတွင် တရားမဝင်အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်နေကြောင်း သိရှိရသောကြောင့် ၂၀၂၃ ခုနှစ်ဖေဖော်ဝါရီလကတည်းက သက်ဆိုင်ရာ ကရင်ပြည်နယ်အစိုးရကို တရားမဝင် အဆောက်အအုံများ ဆောက်လုပ်နေထိုင်မှုမရှိစေရေး စစ်ဆေးကြပ်မတ်ရန်ညွှန်ကြားခဲ့သောကြောင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်ကလည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး တရားမဝင်အဆောက်အအုံများ ဆောက်လုပ်သည့်နယ်မြေများမှ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်(ပုံစံ-၇) ရရှိထားသူများကို တရားစွဲဆိုခဲ့ပြီး ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း လုပ်ပိုင်ခွင့်များ ပယ်ဖျက်ခဲ့ပြီးဖြစ်ပါကြောင်း ပြောကြားသည်။

နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားလက်လှမ်းမီပြီး တည်ငြိမ်အေးချမ်းသည့် နယ်မြေဒေသများတွင် တရားမဝင် ဒုစရိုက်ရာဇဝတ်မှုများကို လုပ်ဆောင်၍ မရနိုင်ကြောင်း၊ KNU အဖွဲ့သည် ၂၀၂၁ ခုနှစ် မတ် ၂၇ ရက်တွင် KNU တပ်မဟာ(၅)က ဖာပွန်မြို့နယ်အတွင်းရှိ သီးမူးထာနယ်မြေခံ လုံခြုံရေးစခန်းကို စတင်တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး NCA သဘောတူညီချက်များကို ချိုးဖောက်ကာ နယ်မြေဒေသတည်ငြိမ်မှုမရှိစေရန် စတင်ဖန်တီးခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် ဧပြီ ၅ ရက်တွင် သင်္ကန်းညီနောင်မြို့ကို KNUနှင့် PDF အဖွဲ့တို့ပူးပေါင်း၍ တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး ကော့ကရိတ်နှင့်သင်္ကန်းညီနောင်မြို့အကြားက အာရှလမ်းမကြီးကို အကြမ်းဖက်သောင်းကျန်းသူများက ထိန်းချုပ်ခဲ့ကြောင်း၊ ကရင်ပြည်နယ် နယ်စပ်ဒေသအနှံ့အပြားတွင် KNUနှင့် အပေါင်းအပါ သောင်းကျန်းသူအဖွဲ့များက လုံခြုံရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့များကို တိုက်ပွဲဖော်ဆောင်ပြီး နယ်မြေဒေသမတည်ငြိမ်အောင်လုပ်ဆောင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ လုပ်ဆောင်မှုများသည် နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများကို KNU ထိန်းချုပ်နယ်မြေထဲမှ ဖယ်ရှားပြီး ယခုဖြစ်ပေါ်နေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုနှင့် ဒုစရိုက်လုပ်ငန်းများကို သောင်းကျန်းသူအဖွဲ့များက အခကြေးငွေယူအကာအကွယ်ပေးပြီး ဥပဒေမဲ့လုပ်ဆောင်လာခဲ့ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

မိမိတို့အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူပြီး အမြစ်ပြတ်ချေမှုန်းရန် ရည်မှန်းထားသည့်အတိုင်း သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် အာရှလမ်းမကြီးပေါ်က ကျုံဒိုး-ကော့ကရိတ်လမ်းပိုင်းကို ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း၊ ကော့ကရိတ်မြို့နှင့် ကော့ကရိတ်-သင်္ကန်းညီနောင်လမ်းပိုင်းကို စက်တင်ဘာလအတွင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အသက်သွေးချွေးများ ပေးဆပ်ပြီး ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပါကြောင်း၊ KNU နှင့်အပေါင်းအပါ သောင်းကျန်းသူများသည် ရရှိလာသည့် တရားမဝင်ငွေကြေးနှင့် လူအင်အား၊ ငွေအင်အားအလုံးအရင်း သုံးပြီး နယ်မြေတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး ပျက်ပြားအောင်လုပ်ဆောင်ခဲ့ခြင်းကို တပ်မတော်က ခက်ခက်ခဲခဲ ပြန်လည်တိုက်စစ်ဆင်ပြီး တည်ငြိမ်မှုရှိအောင်လုပ်ခဲ့ရပါကြောင်း၊ အောက်တိုဘာ ၁၉ ရက်တွင် လေးကေ့ကော်အပါအဝင် နယ်စပ်ဒေသတစ်လျှောက်ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး မြဝတီဒေသကို နယ်မြေစိုးမိုးရေး ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

မိမိတို့နိုင်ငံထဲကို ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းအပါအဝင် ဒုစရိုက်လုပ်ငန်းများ လုပ်ဆောင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အဆက်မပြတ်ဖမ်းဆီးထိန်းသိမ်းကာ သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးမှုများ ဆက်လက်ဆောင်ရွက်နေပါကြောင်း၊ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်ထိ နိုင်ငံပေါင်း ၅၄ နိုင်ငံမှ နိုင်ငံခြားသား ၇၀၁၃၅ ဦးကို လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊မြဝတီဒေသတွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများနှင့် ဒုစရိုက်လုပ်ငန်းများ ပြန်လည်အခြေမချနိုင်စေရန်အတွက် တရားမဝင်ဆောက်လုပ်ထားသည့် အဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးရှင်းလင်းခြင်းများဆောင်ရွက်နေပါကြောင်း၊ KK Park နယ်မြေထဲတွင် ဒီဇင်ဘာ ၁၃ ရက်ထိ အဆောက်အအုံ ၄၁၃ လုံးကို ဖြိုချဖျက်ဆီးရှင်းလင်းနိုင်ခဲ့ပြီး ကျန်ရှိသည့် ၂၂၂ လုံးကိုလည်း ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ပါကြောင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများကို မိမိတို့အနေဖြင့် အမြစ်ပြတ်အောင်တိုက်ဖျက်ရှင်းလင်းနေမှုအပေါ် KNLA နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့ ပူးပေါင်းပြီး မြဝတီဒေသ လေးကေ့ကော်နှင့် အနီးဝန်းကျင်တစ်ဝိုက်တွင် တိုက်ပွဲများဖော်ဆောင်ကာ အမျိုးမျိုးနှောင့်ယှက်နေပါကြောင်း၊ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ ဒီဇင်ဘာ ၈ ရက်အတွင်း တိုက်ပွဲဖြစ်စဉ် ၅၆ ကြိမ်ဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ အသက်ခန္ဓာစွန့်လွှတ်ခဲ့ရသော်လည်း မိမိတို့၏ ရည်မှန်းချက်များ အောင်မြင်သည်ထိ တရားမဝင်ဒုစရိုက်လုပ်ငန်းများကို ဆက်လက်ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယင်းဒေသက အခိုင်အမာအဆောက်အအုံများကိုလည်း အွန်လိုင်းလောင်းကစားမှု ပြန်လည်မလုပ်ဆောင်နိုင်အောင် မြေလှန်ဖျက်ဆီးမှု၊ မိုင်းခွဲဖျက်ဆီးမှုများလုပ်ပြီး ရေသောက်မြစ်ပါမကျန်အောင် အမြစ်ဖြတ်ဖျက်ဆီးလျက်ရှိပါကြောင်း ပြောကြားသည်။

ဖမ်းဆီးထိန်းသိမ်းရမိသည့် နိုင်ငံခြားသားများ၏ ထွက်ဆိုချက်များကို ကြည့်ပါက ၎င်းတို့သည် တစ်ဖက်နိုင်ငံမှ မြန်မာနိုင်ငံထဲကို ဝင်ရောက်လာခြင်းဖြစ်ပြီး ယင်းကိုလည်း မိမိတို့တင်ပြခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုလည်း ၎င်းတို့၏ထွက်ဆိုချက်များကို ပြသထားပါကြောင်း၊ အလားတူ ထွက်ဆိုချက်များလည်း မိမိတို့ထံတွင် များစွာရရှိထားပါကြောင်း၊ ယခုသတင်းစာရှင်းလင်းပွဲကို တက်ရောက်လာသည့် သံတမန်ကြီးများအနေဖြင့်လည်း မိမိတို့၏နိုင်ငံအလိုက် မြန်မာနိုင်ငံအတွင်းကို တရားမဝင် ရောက်ရှိလာသည့်သူများ၏ ထွက်ဆိုချက်များကို အသေးစိတ်သိရှိကြပြီးဖြစ်မည်ဟု မျှော်လင့်ပါကြောင်း၊ ယင်းတို့ကိုကြည့်ခြင်းအားဖြင့် ယခုကဲ့သို့ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများတွင် မည်သူတို့ပါဝင်ပတ်သက်ခဲ့ကြသည်ကို ရှင်းရှင်းလင်းလင်း သိရှိနိုင်ပြီဖြစ်ပါကြောင်း ပြောကြားသည်။

မိမိတို့ မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံခြားသားများကို ၎င်းတို့နိုင်ငံ၏အစိုးရများ လာမခေါ်မချင်း လူသားချင်းစာနာထောက်ထားမှုအပြည့်နှင့် ထိန်းသိမ်းထားရခြင်းဖြစ်ပါကြောင်း၊ အဆိုပါ တာဝန်သည် အင်မတန်ကြီးလေးပါကြောင်း၊ ၎င်းတို့အတွက် တစ်နေ့တာလိုအပ်သည့် အစားအစာအပြင် သောက်ရေ၊ သုံးရေမှအစ ဝတ်စရာနှင့် အိပ်ရာအဆုံး အားလုံးကို နိုင်ငံတော်က ဖြည့်ဆည်းပေးထားရခြင်းဖြစ်ပါကြောင်း၊ စားစရိတ်တစ်နေ့သုံးနပ်စာအတွက် တစ်ဦးကို တစ်သောင်းခွဲကျပ်နှုန်း အနည်းဆုံးကုန်ကျပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၂ ရက်ထိ ငွေကျပ်သိန်းပေါင်း တစ်သောင်းသုံးထောင်ကျော် (၁၃၃၆၀၅၀၀၀၀ ကျပ်) သုံးစွဲကုန်ကျခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့ဂုဏ်သိက္ခာအတွက် ယခုကဲ့သို့ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း၊ ကျန်ရှိနေသေးသည့်သူများကို သက်ဆိုင်ရာနိုင်ငံများအနေဖြင့် မိမိနိုင်ငံသားကို အမြန်ဆုံးလာရောက် ခေါ်ဆောင်ပေးကြရန်ကိုလည်းပြောကြားလိုပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အွန်လိုင်းလိမ်လည်မှု (Online Scamming)၊ အွန်လိုင်းလောင်းကစားမှု (Online Gambling)များနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံအစိုးရ၏ သဘောထား၊ ရပ်တည်ချက်နှင့် မူဝါဒများကို ပြောကြားသွားမည်ဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှု၊ လောင်းကစားမှုများသည် နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်သည့်ကိစ္စ(National Security Threat)အဖြစ် မြန်မာနိုင်ငံအစိုးရက ရှုမြင်ပါကြောင်း၊ အစိုးရအပေါ်လူထု၏ ယုံကြည်မှု(Public Trust)ကို ထိခိုက်စေပါကြောင်း၊ စီးပွားရေးလုံခြုံမှု (Economic Security)ကို ထိခိုက်စေပါကြောင်း၊ နိုင်ငံတော်၏တည်ငြိမ်မှု (National Stability)ကို ပျက်ပြားစေပါကြောင်း၊ တိုင်းပြည်၏ ဂုဏ်သတင်း (National Dignity)ကို ညှိုးနွမ်းစေပါကြောင်း၊ မိမိတို့နိုင်ငံက နိုင်ငံသားများမဟုတ်ဘဲ မိမိတို့နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလိမ်လည်မှုကို ဦးဆောင်လုပ်ကိုင်ခဲ့သည့် နိုင်ငံခြားသားများ၊ အချို့သော EAO များ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ ဝိသမစီးပွားရေးသမားများကြောင့် ရှမ်းပြည်နယ်(အရှေ့မြောက်)ဒေသ၊ ကရင်ပြည်နယ် အချို့ဒေသများတွင် လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးများစွာ ထိခိုက်ခဲ့ရပါကြောင်း၊ နိုင်ငံတကာတွင် တိုင်းပြည်၏ ဂုဏ်သိက္ခာ (National Dignity) ကျဆင်းခဲ့ရပါကြောင်း၊ ထို့ကြောင့် ယနေ့လူကြီးမင်းတို့ကို လေးလေးနက်နက်ပြောကြားလိုသည်မှာ မိမိတို့မြန်မာနိုင်ငံ မြန်မာလူမျိုးများသည် အွန်လိုင်းလိမ်လည်မှု၊ ရာဇဝတ်မှုများ၏ ဆိုးကျိုးကို ပြင်းထန်စွာခံစားခဲ့ရသဖြင့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုကို လူကြီးမင်းတို့ မုန်းသည်ထက် မိမိတို့မြန်မာနိုင်ငံအစိုးရ၊ မြန်မာပြည်သူလူထုက ပိုမုန်းပါကြောင်း၊ မြန်မာအစိုးရကလည်း အွန်လိုင်းလိမ်လည်မှုကို လူအများစုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုအဖြစ် သတ်မှတ်ကြောင်းကို အသိပေးပြောကြားလိုပါကြောင်း ပြောကြားသည်။

အွန်လိုင်းလိမ်လည် ရာဇဝတ်မှုများနှင့် ပြစ်မှုကျူးလွန်ခဲ့သူများကို မိမိတို့အစိုးရအနေဖြင့် ပြတ်ပြတ်သားသားအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ No Second Chance၊ ဒုတိယအကြိမ်အခွင့်အရေးလုံးဝမရှိပါကြောင်း၊ No Political or Personal Protection၊ ပုဂ္ဂိုလ်ရေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း လုံးဝအကာအကွယ်ပေးသွားမည် မဟုတ်ပါကြောင်း၊ အွန်လိုင်းလိမ်လည် ရာဇဝတ်မှုများသည် တည်ငြိမ်အေးချမ်းမှုနည်းသည့်၊ ဥပဒေလက်လှမ်းမီမှုနည်းသည့် နယ်စပ်ဒေသများတွင် အဖြစ်များပြီး International Organized Crime နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုပုံစံ၊ နိုင်ငံပေါင်းစုံမှ မသမာသူများ ပါဝင်ဆောင်ရွက်သည့်ပုံစံဖြစ်သဖြင့် နိုင်ငံတကာနှင့် ဒေသတွင်း နိုင်ငံများအကြား တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် Task Force များ၊ Cooperation အဖွဲ့များဖွဲ့စည်းပြီး ထိရောက်စွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်ပြီးလည်း တက်ကြွထိရောက်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အွန်လိုင်းလိမ်လည်မှုသည် ဆက်သွယ်မှုကွန်ရက်များကိုအသုံးပြုပြီး လိမ်လည်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံသူ၊ နိုင်ငံသားများလည်း လိမ်လည်မှု၏သားကောင်များဖြစ်ခဲ့ရပါကြောင်း၊ ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ် နိုဝင်ဘာလထိ မြန်မာနိုင်ငံအတွင်းတွင် ပြည်သူဦးရေ ၈၀၀ ခန့် အွန်လိုင်းလိမ်လည်မှုခံခဲ့ရပြီး အမှုဖွင့်တိုင်ကြားခဲ့ပါကြောင်း၊ အမှုဖွင့်တိုင်ကြားမှုမရှိဘဲ ကြိတ်ပြီးဖြေရှင်းမှုများ ယခုထက်အဆများစွာ ပိုရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

KK Park၊ ရွှေကုက္ကိုလ်စသည့်နေရာများက အွန်လိုင်းလိမ်လည်မှုကျူးလွန်ခဲ့သည့်အဆောက်အအုံများကို မိမိတို့အစိုးရက ဖောက်ခွဲမြေလှန်ဖျက်ဆီးမှုနှင့် ပတ်သက်ပြီး သက်သေအထောက်အထားများကို လက်စဖျောက်သည်ဆိုသည့် ပြည်ဖျက်မီဒီယာတချို့၏ ဝေဖန်မှုများကို အံ့ဩဖွယ်ရာတွေ့ရှိရပါကြောင်း၊ မိမိတို့အနေဖြင့် ယင်းဒေသများတွင် ရောက်ရှိနေသည့်သူများကို ထိန်းသိမ်းခြင်း၊ မှတ်တမ်းတင်ခြင်း၊ စစ်ဆေးခြင်းတို့ကို စနစ်တကျဆောင်ရွက်ခဲ့ပါကြောင်း၊ သက်သေခံပစ္စည်းများကိုလည်း စနစ်တကျသိမ်းဆည်းခဲ့ပါကြောင်း၊ စစ်ဆေးချက်များ၊ တွေ့ရှိချက်များ၊ ထွက်ဆိုချက်များကို အဖွဲ့နှင့် စနစ်တကျသုံးသပ်ခြင်း၊ သတင်းဆက်ဖော်ထုတ်ခြင်းများ၊ ကွင်းဆက်လိုက်ခြင်းများ လုပ်ဆောင်ခဲ့ပါကြောင်း၊ ယင်းကဲ့သို့ လုပ်ဆောင်ခဲ့ခြင်းကြောင့် ယခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီးတွင် အွန်လိုင်းလိမ်လည်မှုကျူးလွန်သူ ၃၄ ဦးနှင့် သက်သေခံပစ္စည်းများ ဖမ်းဆီးရမိခဲ့ပါကြောင်း၊ KK Park၊ ရွှေကုက္ကိုလ်စသည့်နေရာများက အွန်လိုင်းလိမ်လည်မှုကျူးလွန်ခဲ့သည့် အဆောက်အအုံများကို ဖြိုချဖျက်ဆီးနေခြင်းသည် ယင်းဒေသတွင် နောင်ယခုကဲ့သို့ကိစ္စများ ထပ်မံမလုပ်နိုင်အောင်၊ မခိုအောင်းနိုင်အောင်လုပ်ဆောင်နေခြင်းဖြစ်ပါကြောင်း၊ မိမိတို့ရရှိထားသည့် မှတ်တမ်းမှတ်ရာများ၊ စစ်ဆေးချက်များကို သင့်တော်သည့်အချိန်တွင် ထပ်မံသတင်းထုတ်ပြန်မှုများဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အွန်လိုင်းလိမ်လည်မှုများနှင့် ပတ်သက်ပြီး မိမိတို့ပြည်သူလူထုကို ပြည်တွင်း Media များမှတစ်ဆင့် အသိပေး၊ သတိပေးနေခြင်းများရှိပါကြောင်း၊ **စာမျက်နှာ ၂၂ သို့**

**စာမျက်နှာ ၂၁ မှအဆက်**

အွန်လိုင်းလိမ်လည်မှုများ၏ သားကောင်များမဖြစ်စေရန် ဆောင်ရန်၊ ရှောင်ရန်များကို ပုံစံမျိုးစုံနှင့်အသိပေးနေပါကြောင်း၊ ၎င်းအချက်များထဲမှ အရေးကြီးသည့် အချက်အချို့ကို ပန်ကြားလိုပါကြောင်း၊ နံပါတ်တစ်အနေဖြင့် အွန်လိုင်းမှတစ်ဆင့် ဖုန်းထဲသို့ ရောက်လာသည့် မိမိမသိသည့် Link များကို မဖွင့်ရန်၊ မိမိမသိသည့် Message များကို မကြည့်ရန်လိုပါကြောင်း၊ နံပါတ် နှစ်အနေဖြင့် အွန်လိုင်းလိမ်လည်မှုခံရလျှင် မိမိတစ်ဦးတည်း ကြိတ်မဖြေရှင်းဘဲ တာဝန်ရှိသူများကို သတင်းပို့တိုင်ကြားပေးစေလိုပါကြောင်း၊ ပြည်သူလူထု၏ သတင်းပေးခြင်း၊ တိုင်ကြားခြင်းသည် မိမိတို့အတွက် အလွန်တန်ဖိုးရှိပါကြောင်း၊ ထိုမှတစ်ဆင့် ကွင်းဆက်လိုက်ပြီး လိမ်လည်သူများကို မိမိတို့နှိမ်နင်းနိုင်မည်ဖြစ်ကြောင်း၊ နံပါတ်သုံးအနေဖြင့် အစိုးရ တာဝန်ရှိသူများ (Government Authority)အပေါ် ယုံကြည်စွာ ပူးပေါင်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

မိမိတို့ မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Online Scam)၊ အွန်လိုင်းလောင်းကစားမှု (Online Gambling)များအပေါ် ဆက်လက်လုပ်ဆောင်သွားမည့် မူဝါဒနှင့် နည်းလမ်းများကို လူကြီးမင်းတို့ကို လေးစားစွာအသိပေးလိုပါကြောင်း၊ နံပါတ်တစ်အနေဖြင့် အွန်လိုင်းလိမ်လည်မှု (Online Scam)၊ အွန်လိုင်းလောင်းကစားမှု(Online Gambling)များသည် လူအများစုအပေါ်ကျူးလွန်သည့် ကြီးလေးသည့် ရာဇဝတ်မှုများဖြစ်သည်ဟု မိမိတို့မြန်မာနိုင်ငံအစိုးရက သတ်မှတ်ပါကြောင်း၊ မိမိတို့အစိုးရ၏မူဝါဒသည် Zero Tolerance Policy ဖြစ်ပါကြောင်း၊ နည်းနည်းလိမ်သည်ဖြစ်စေ၊ များများလိမ်သည်ဖြစ်စေ၊ ခွင့်လွှတ်မှုမရှိ၊ ရေဆုံးရေဖျားလိုက်လံနှိမ်နင်းချေမှုန်းမည်ဖြစ်ပါကြောင်း၊ နံပါတ်နှစ်အနေဖြင့် မိမိတို့အစိုးရကျင့်သုံးမည့်နည်းလမ်း (Method) သည် Aggressive Crackdowns Method ပြင်းပြင်းထန်ထန် နှိမ်နင်းမည့်မူဝါဒဖြစ်ပါကြောင်း၊ ယင်းတို့ကိုဆောင်ရွက်ရန် အွန်လိုင်း လိမ်လည်မှုနှင့်အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး ကြီးကြပ်မှုဗဟိုကော်မတီကို ၁၀-၁၂-၂၀၂၅ ရက်တွင် အမျိုးသားအဆင့်၊ နိုင်ငံတော်အဆင့် ဖွဲ့စည်းပြီးဖြစ်ပါကြောင်း ပြောကြားသည်။

မြန်မာပြည်သူလူထုကြီးအတွက် မိမိအနေဖြင့် မေတ္တာရပ်ခံလိုသည်မှာ -

**"မြန်မာပြည်သူလူထုကြီး ခင်ဗျာ။ Your Safety is Our Responsibility ပါ။ ပြည်သူလူထုလုံခြုံမှုရှိရေးသည် ကျွန်တော်တို့ရဲ့ အဓိကတာဝန်ပါ။ Your Trust is Our Priority။ ခင်ဗျားတို့ရဲ့ ယုံကြည်မှုသည်သာ ကျွန်တော်တို့ရဲ့ တာဝန်ဝတ္တရားပါ။"** ထိုအတိုင်း မိမိတို့ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်**က တက်ရောက်လာကြသူများနှင့် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူပြည်သားအားလုံးကို သိရှိစေရန် အနည်းငယ် ထပ်မံပြောကြားလိုကြောင်း၊ မိမိတို့မြန်မာနိုင်ငံအတွင်းရှိ Online Scam လုပ်ငန်းလုပ်ကိုင်နေသည့် နယ်မြေအများစုဥ္စ လက်နက်ကိုင်အဖွဲ့ပေါင်းစုံလှုပ်ရှားနေသဖြင့် တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင် အခက်အခဲများနှင့် ကန့်သတ်ချက်များရှိပါကြောင်း၊ အဆိုပါလုပ်ငန်းများကို ဦးစီးဆောင်ရွက်နေသူများသည် အများအားဖြင့် နိုင်ငံခြားသားများဖြစ်ပြီး လက်ရှိ နိုင်ငံရေးအခြေအနေကို အခွင့်ကောင်းယူ၍ လုပ်ဆောင်နေကြခြင်းဖြစ်သည်ကို အားလုံးလည်း သိကြမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့တရားမဝင်ဝင်ရောက်လာသော နိုင်ငံခြားသားများကို လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးသည့် လုပ်ငန်းစဉ်ကို ထိရောက်အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် "မြန်မာနိုင်ငံအတွင်း တရားမဝင်ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများကို ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးဗဟိုကော်မတီ" ကို၂၀၂၃ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ၊ လုပ်ငန်းဆပ်ကော်မတီများ၊ အတွင်းရေးမှူးရုံးအဖွဲ့တို့ကို ဆက်လက်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့ပြင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို နယ်စပ်ဒေသများတွင် အမြစ်ပြတ်ရှင်းလင်းရန်၊ ထိုမှတစ်ဆင့် ပြည်တွင်းထိ ပျံ့နှံ့ရောက်ရှိမလာစေရန်၊ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကို နိုင်ငံတော်အကြီးအကဲ၏ မူဝါဒနှင့်အညီ ထိထိရောက်ရောက် အမြစ်ပြတ်နှိမ်နင်းရန်အတွက် အဓိက Focal ဆောင်ရွက်မည့် ကြီးကြပ်ရေးအဖွဲ့လိုအပ်ကြောင်း စိစစ်တွေ့ရှိသဖြင့် "အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ" ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ဗဟိုကော်မတီတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးဖြစ်သည့် မိမိက အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း၊ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဒီဇင်ဘာ ၁၀ ရက်တွင် ဗဟိုကော်မတီဖွဲ့စည်းပြီး ဒီဇင်ဘာ ၁၁ ရက်တွင် အစည်းအဝေး ချက်ချင်းခေါ်ယူ၍ ဒီဇင်ဘာ ၁၂ ရက်တွင် "ပြည်ထောင်စုနယ်မြေ အွန်လိုင်းလိမ်လည်မှုနှင့်အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကော်မတီ"နှင့် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကော်မတီ" တို့ကိုလည်း ဗဟိုကော်မတီ၏ကြီးကြပ်မှုဖြင့် အမြန်ဆုံးဆက်လက်ဖွဲ့စည်းပြီး ဖြစ်ပါကြောင်း၊ ပြည်ထောင်စုနယ်မြေ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကော်မတီတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဥက္ကဋ္ဌဖြစ်ပြီး နေပြည်တော်ကောင်စီ အဖွဲ့ဝင်(၁)က အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အွန်လိုင်းလိမ်လည်မှု နှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကော်မတီတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များက ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများက အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။



ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် ရှင်းလင်းပြောကြားစဉ်။

ဗဟိုကော်မတီအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု များတိုက်ဖျက်ရေးအတွက် မူဝါဒများ ချမှတ်ခြင်း၊ လိုအပ်သည့်ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ အွန်လိုင်းလိမ်လည်မှု နှင့်အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်း (Standard Operation Procedure-SOP)များရေးဆွဲခြင်း၊ ယင်းလုပ်ငန်းများသို့ တရားမဝင်ရောက်ရှိ လုပ်ကိုင်နေသော နိုင်ငံခြားသားများ ပြန်လည်လွှဲပြောင်းပေးရန် သက်ဆိုင်ရာ နိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ရောက်နေသူများအပါအဝင် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုလုပ်ငန်း လုပ်ကိုင်သည့်နေရာများကို ဖော်ထုတ်အရေးယူ ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်ထိ နိုင်ငံခြားသား ၇၀၁၉၆ ဦးကို စိစစ်တွေ့ရှိခဲ့ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ကရင်ပြည်နယ်အတွင်း ရှာဖွေကုညီကယ်တင်နိုင်ခဲ့သည့် နိုင်ငံခြားသားများ၏ ထွက်ဆိုချက်များအရ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ဝင်ရောက်၍ ဗန်ကောက်မြို့မှ မဲဆောက်မြို့သို့ မော်တော်ယာဉ်၊ လေယာဉ်တို့ဖြင့် သွားရောက်ခြင်း၊ မဲဆောက်မြို့မှတစ်ဆင့် သောင်ရင်းမြစ်ကို တရားမဝင်ဖြတ်ကူး၍ ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ကုမ္ပဏီများသို့ သွားရောက်ခြင်း၊ တရားဝင်ဗီဇာဖြင့် မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိပြီး မော်တော်ယာဉ်ဖြင့် ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ကုမ္ပဏီများသို့ သွားရောက်ခြင်းတို့ဖြစ်ပါကြောင်း၊ ရာခိုင်နှုန်းအားဖြင့် မဲဆောက်ဘက်မှ တရားမဝင် ဝင်ရောက်လာသူ ၉၉ ဒသမ ၆ ရာခိုင်နှုန်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှဝင်ရောက်သူ သုည ဒသမ ၄ ရာခိုင်နှုန်းဖြစ်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ လူကုန်ကူးခံရကြောင်းကို နိုင်ငံတကာမှ အကူအညီတောင်းခံထားသည့် နိုင်ငံများရှိကြောင်း၊ သက်ဆိုင်ရာသံရုံးများအနေဖြင့် ၎င်းတို့နိုင်ငံသားများကို လူကုန်ကူးခံရသူများဖြစ်သည်ဟု ဖော်ပြ၍ အကူအညီတောင်းခံကြသော်လည်း စိစစ်တွေ့ရှိချက်အရ အချို့သည် လူကုန်ကူးခံရသူများမဟုတ်ဘဲ ကိုယ်ကျိုးစီးပွားအတွက် လာရောက်အလုပ်လုပ်ကိုင်ကြသူများဖြစ်သည်ကို စိစစ်တွေ့ရှိခဲ့ပါကြောင်း၊ သာဓကအနေဖြင့် မြဝတီဒေသမှ ရှာဖွေကယ်တင်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီး ဖြစ်သော်လည်း တရုတ်နိုင်ငံသား တစ်ဦး၊ မလေးရှားနိုင်ငံသား တစ်ဦးနှင့် အိန္ဒိယနိုင်ငံသား ငါးဦးနှင့် အချို့သူများသည် ဒုတိယအကြိမ် ပြန်လည် ဝင်ရောက်လာခြင်းဖြစ်ပြီး တရားမဝင်လုပ်ငန်းများကို ပြန်လည် လုပ်ဆောင်နေသည်ကို စိစစ်တွေ့ရှိခဲ့ပါကြောင်း ပြောကြားသည်။

တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့ပူးပေါင်းပြီး စဉ်ဆက်မပြတ် အားထုတ်ဆောင်ရွက်မှုကြောင့် ၃၀-၁-၂၀၂၅ ရက်မှ ၁၃-၁၂-၂၀၂၅ ရက်ထိ မြဝတီဒေသအတွင်း၌ နိုင်ငံခြားသား ၁၃၂၇၂ဦး ရှာဖွေကယ်တင်နိုင်ခဲ့ပါကြောင်း၊ ၎င်းတို့အနက် ၁၁၆၁၇ ဦးကို သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ လွှဲပြောင်းခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသူ ၁၆၅၅ ဦး ကိုလည်း သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါကိစ္စများနှင့်ပတ်သက်၍ ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းတို့၏နေထိုင်စားသောက်မှုများကို တာဝန်ယူဆောင်ရွက်ရကြောင်း၊ ထို့ပြင် ပြဿနာအနည်းငယ်လည်းရှိပါကြောင်း၊ ၎င်းတို့ကို မိုးလုံလေလုံ အားကစားရုံကဲ့သို့သော ခန်းမကြီးများတွင် စု၍ထားရကြောင်း၊ နိုင်ငံပေါင်းစုံက လူမျိုးများဖြစ်သောကြောင့် စရိုက်ပေါင်းစုံဖြစ်ပါကြောင်း၊ ၎င်းတို့ကို ထိန်းသိမ်းရာတွင် အခက်အခဲများ ရှိပါကြောင်း၊ ထို့ကြောင့် တက်ရောက်လာသော သံတမန်များအနေဖြင့် အမြန်ဆုံး မိမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရေး ကူညီပေးကြပါရန် မိမိအနေဖြင့် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ယင်းနေရာများ၌ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအတွက် တည်ဆောက်ထားသည့် အဆောက်အအုံများအတွက် လိုအပ်သော အိမ်ဆောက်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်စီး၊ စက်သုံးဆီ၊ အင်တာနက် စသည်တို့ကိုလည်း မိမိတို့နိုင်ငံအတွင်းမှ အသုံးပြုခြင်းမဟုတ်ဘဲ တစ်ဖက်နိုင်ငံမှတစ်ဆင့် ရယူအသုံးပြုဆောင်ရွက်ခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း ပြောကြားသည်။

ကရင်ပြည်နယ် မြဝတီဒေသရှိ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တားဆီးနှိမ်နင်းရေးအတွက် မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံ(Trilateral Cooperation)ပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး သုံးကြိမ်နှင့် ဝန်ကြီးအဆင့်အစည်းအဝေး နှစ်ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ Online Scam တိုက်ဖျက်ရေး ဆိုင်ရာ လန်ချန်း-မဲခေါင် ခြောက်နိုင်ငံဝန်ကြီးအဆင့်အစည်းအဝေးကိုလည်း ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် တရုတ်နိုင်ငံ ကူမင်းမြို့တွင်ကျင်းပခဲ့ပြီး မိမိဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါကြောင်း၊ အလားတူ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်ခဲ့သည့် မဲခေါင်ဒေသတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာစီမံကိန်း (COMMIT)၏ ခြောက်ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးကိုလည်း မိမိတို့၏ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် တက်ရောက်ခဲ့ပြီး နည်းပညာများကို အလွဲသုံး၍ အတင်းအဓမ္မ ရာဇဝတ်မှုကျူးလွန်စေခြင်းကို ပူးပေါင်းတိုက်ဖျက်ရန် ဆွေးနွေးခဲ့ကြောင်း ပြောကြားသည်။

အဆိုပါရာဇဝတ်မှုများသည်မြန်မာနိုင်ငံ၏နယ်မြေအတွင်း တည်ရှိနေခြင်းထက် ကွင်းဆက်များစွာဖြင့် လည်ပတ်နေသော စီးပွားရေးလုပ်ငန်း(Multi-faceted Criminal Enterprise)အဖြစ် ရှုမြင်ရမှာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် Scam Centre တည်နေရာဖြစ်သော်လည်း ယင်းရာဇဝတ်မှု၏အရင်းအမြစ် (Root Cause)နှင့် အဓိကအကျိုးအမြတ်(Core Profit)ရရှိသူမဟုတ်ပါကြောင်း၊ လိမ်လည်မှုမှရရှိသော ငွေကြေးအားလုံးသည်လည်း မြန်မာနိုင်ငံ၏ဘဏ်စနစ်အတွင်း **စာမျက်နှာ ၂၃ သို့**

စာမျက်နှာ ၂၂ မှအဆက်

ရောက်ရှိလာခြင်း မရှိပါကြောင်း၊ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း(UNTOC) အရ နိုင်ငံတိုင်းသည် မိမိတို့နှင့် သက်ဆိုင်သော အစိတ်အပိုင်းအားလုံးကို တိုက်ဖျက်ရန် တာဝန်ရှိပါကြောင်း၊ ယင်းပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတကာရာဇဝတ်မှုတိုက်ဖျက်ရေးစံနှုန်းများ (International Standards)နှင့်အညီ နိုင်ငံတိုင်းသည် မိမိတို့၏တာဝန်ကျရာကဏ္ဍကို အပြည့်အဝ ထမ်းဆောင်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပဋိပက္ခဒေသများမှ လူကုန်ကူးခံရသူများကို ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီး ၎င်းတို့ကို လုံခြုံစိတ်ချစွာ ဇာတိနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးအတွက် သက်ဆိုင်ရာသံရုံးများ၊ အဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာ အသိုက်အဝန်းများအနေဖြင့် မြန်မာနိုင်ငံအတွက် စိန်ခေါ်မှုများကို အသိအမှတ်ပြုပြီး ထောက်လှမ်းရေးသတင်းဖလှယ်မှု၊ နည်းပညာနှင့် လေ့ကျင့်ရေးပံ့ပိုးမှုတို့ဖြင့် လက်တွေ့ကျကျ ကူညီသင့်ပါကြောင်း၊မြန်မာနိုင်ငံသည် ပြဿနာကိုဖြေရှင်းရန် တစ်ဦးတည်းဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်း၊ နိုင်ငံတကာအနေဖြင့် UNODCနှင့် ယင်းကဲ့သို့သောမိတ်ဖက်များမှတစ်ဆင့် ပံ့ပိုးကူညီခြင်း ဖြင့်သာ Online Scam ကွန်ရက်များကို ထိထိရောက်ရောက် ဖြိုခွင်းနိုင်မှာဖြစ်ပါကြောင်း၊ ပြဿနာကို အပြစ်ဖို့နေမည့်အစား အားလုံးလက်တွဲပူးပေါင်းဆောင်ရွက်ရန် မိမိအနေဖြင့် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ **မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး**က Online Scam ဆိုင်ရာ ဆောင်ရွက်နေမှုကိစ္စရပ်များကို ဒုတိယဝန်ကြီးက ရှင်းလင်းပြောကြားသွားပြီးဖြစ်ကြောင်း၊ မိမိအနေဖြင့် Online Scam နှင့်အလားတူ နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်သည့် Transnational Crime၊ Online Scam နှင့်ဆက်စပ်ပတ်သက်နေသည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ငွေကြေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးဆိုင်ရာကိစ္စရပ်များ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဆောင်ရွက်နေမှုများကို ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အကျဉ်းချုပ်ပြီး ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မိမိတို့မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၈ ၌ **“နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်”** ဟု အတိအလင်းပြဋ္ဌာန်းထားသည်ကို တွေ့ရှိရမှာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် ယင်း၏နောက်ဆက်တွဲစာချုပ်များတွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီးနောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ်ကတည်းက ပြဋ္ဌာန်းခဲ့ပါကြောင်း၊ အဆိုပါ ဥပဒေကို ခေတ်စနစ်နှင့်




မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး ရှင်းလင်းပြောကြားစဉ်။

လျော်ညီစွာ ပိုမိုပြည့်စုံသည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေအဖြစ် ၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်တွင် အတိအလင်း ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းဥပဒေအသစ်အရ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများကို အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီနှင့် အခြားလိုအပ်သည့် လုပ်ငန်းကော်မတီများကို တိုးချဲ့ဖွဲ့စည်းခဲ့ပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

လူကုန်ကူးမှုများကိုလည်း စုံစမ်းစစ်ဆေးဖော်ထုတ်အရေးယူ၍ ထိရောက်ပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၁၃ ရက်ထိ လူကုန်ကူးမှု ၁၃၉ မှု စုံစမ်းဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ ကျူးလွန်သူတရားခံ ၄၀၂ ဦးကို တရားစွဲ တင်နိုင်ခဲ့ပြီး ၁၁၆ ဦးကို ထိရောက်သော ပြစ်ဒဏ်ချမှတ်နိုင်ခဲ့ကြောင်း၊ ထောင်ဒဏ်ချမှတ်မှုအနေဖြင့် ထောင်ဒဏ်တစ်သက် ၁၄ ဦး၊ ထောင်ဒဏ် ၂၀ နှစ် မှ ၂၅ နှစ်အတွင်း ၂၅ ဦး၊ ထောင်ဒဏ် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း ၆၃ ဦး နှင့် ထောင်ဒဏ် ရှစ်နှစ်အောက် ၁၄ ဦးတို့ဖြစ်ပါကြောင်း ပြောကြားသည်။

လူကုန်ကူးမှု ဖြစ်ပေါ်စေနိုင်သည့် ပြည်ပသို့ တရားမဝင်ထွက်ခွာမှုများကို ထိန်းချုပ်နိုင်ရေးအတွက် တရားမဝင်ပို့ဆောင်သူများကို စုံစမ်းဖော်ထုတ်အရေးယူလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၁၃ ရက်ထိ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်မှု ၅၉ မှုရှိပြီး ကျူးလွန်သူတရားခံ ၁၂၈ ဦး(ကျား ၅၃ ဦး၊ မ ၇၅ ဦး)ကို စုံစမ်းဖော်ထုတ်၍ ထိရောက်ပြစ်ဒဏ်ရရှိရေး တရားစွဲဆိုဆောင်ရွက်ခဲ့ပါကြောင်း ပြောကြားသည်။

မိမိတို့နိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ပြည်တွင်း၌သာမက နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ-ထိုင်းလူကုန်ကူးမှု ပူးပေါင်း တိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၀၉ ခုနှစ် ဧပြီ ၂၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အလားတူ မြန်မာ-တရုတ်၊ မြန်မာ-လာအို၊ မြန်မာ-ဗီယက်နမ်၊ မြန်မာ-အိန္ဒိယနိုင်ငံတို့အကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် နားလည်မှုစာချွန်လွှာများကို အသီးသီးလက်မှတ်ရေးထိုးပြီး ပူးတွဲဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့ပြင် ဒေသတွင်းနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ် ခြောက်နိုင်ငံပါဝင်သော လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာ (Coordinated Mekong Ministerial Initiative against Trafficking- COMMIT MoU)ကို ၂၀၀၄ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ရန်ကုန်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ အဆိုပါနားလည်မှု စာချွန်လွှာအရ ဝန်ကြီးများအဆင့်အစည်းအဝေး(IMM)ကို သုံးနှစ်လျှင် တစ်ကြိမ်၊ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး(SOM)ကို တစ်နှစ်လျှင် တစ်ကြိမ်ကျင်းပပြုလုပ်လျက်ရှိပါကြောင်း၊ ထို့ပြင် ၂၀၁၁ ခုနှစ်မှစ၍ မဲခေါင်ဒေသတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (COMMIT Regional Task Force)နှင့် လူငယ်ဖိုရမ်(Youth Forum)တို့ကို ပူးတွဲ၍ အလှည့်ကျ အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့ပြင် တောင်အာရှနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံတို့ပါဝင်သည့် ဘင်္ဂလားပင်လယ်အော်စီးပွားရေးနှင့်နည်းပညာဆိုင်ရာ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း(Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation-BIMSTEC)ကိုလည်း ၂၀၀၄ ခုနှစ်မှစ၍ လူကုန်ကူးမှုအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များကို လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း(ASEAN Convention Against Trafficking in Persons, Especially Women and Children)ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါကွန်ဗင်းရှင်းအား ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် အတည်ပြုနိုင်ခဲ့ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံကွန်ဗင်းရှင်း၊ အာဆီယံကြေညာစာတမ်း၊ အာဆီယံလုပ်ငန်းစီမံချက်နှင့် အာဆီယံကဏ္ဍပေါင်းစုံပါဝင်သောလုပ်ငန်းစီမံချက် (ဘိုဟိုးလုပ်ငန်းစီမံချက်)တို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အာဆီယံကဏ္ဍအလိုက် အဖွဲ့အစည်းအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီး တိုက်ဖျက်ရေးဆိုင်ရာ အချက်အလက်များကို မိမိအနေဖြင့် အကျဉ်းချုပ် ပြောကြားသွားမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၊ လူမျိုးတစ်မျိုးတည်းနှင့်သာ သက်ဆိုင်သည် မဟုတ်ဘဲ တစ်ကမ္ဘာလုံးရှိ လူသားမျိုးနွယ် တစ်ရပ်လုံးကို ဆိုးရွားစွာခြိမ်းခြောက်နေသော ပြဿနာတစ်ခုဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သုံးစွဲမှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများသည် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှု၊ အကျင့်ပျက်ခြစားမှု၊ ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုတို့နှင့် နက်ရှိုင်းစွာ ဆက်စပ်နေပြီး နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးတို့ကိုပါ ထိခိုက်ပျက်စီးစေလျက်ရှိပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံအတွင်း အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းမှုမရှိအောင် လုပ်ဆောင်လျက်ရှိပြီး ထိုအခြေအနေများကို အခွင့်ကောင်းယူကာ ဝင်ငွေရလမ်းလွယ်ကူသည့် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများ လုပ်ဆောင်နေသည်ကို တွေ့ရှိရပါကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများသည် မြန်မာနိုင်ငံအတွင်း ထုတ်လုပ်နိုင်မှုမရှိသော်လည်း နယ်စပ်ဒေသများမှတစ်ဆင့် တရားမဝင်အလွယ်တကူဝင်ရောက်လျက်ရှိပြီး ထွက်ရှိလာသော မူးယစ်ဆေးဝါးအများစုသည် နယ်စပ်ဒေသများမှတစ်ဆင့် ဒေသတွင်းနိုင်ငံများနှင့် ဝယ်လိုအားမြင့်မားသည့် နိုင်ငံများသို့ သယ်ဆောင်ရောင်းဝယ်လျက်ရှိသည့်အတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၁၉၇၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့လက်အောက်ရှိ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို တပ်ဖွဲ့ခွဲ ၁၁ ခွဲ၊ တပ်ဖွဲ့စု ၇၁ စုတို့ဖြင့် တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ခေတ်မီရှာဖွေရေးကိရိယာများ ဝယ်ယူတပ်ဆင်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

မူးယစ်ဆေးဝါး ဖမ်းဆီးအရေးယူမှုအနေဖြင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် နိုဝင်ဘာလထိ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ၃၀၄၂၀၊ တရားခံ(ကျား) ၃၆၈၈၅ ဦး၊ တရားခံ(မ) ၅၈၇၄ ဦး တရားခံစုစုပေါင်း ၄၂၇၅၉ ဦးကို ဘိန်း ၇ ဒသမ ၂ တန်ကျော်၊ ဘိန်းဖြူ ၉ ဒသမ ၄ တန်ကျော်၊ ဆေးခြောက် လေးတန်ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၃၈ သန်းကျော်၊ အိုက်စ် ၁၀၇ တန်ကျော်၊ ကက်တမင်း ၂၂ ဒသမ ၂ တန်ကျော်၊ Happy Water ၈၆၆ ကီလိုကျော်၊ အက်တက်စီဆေးပြား ၁၁၆၆၀၀၂ ပြားအပါအဝင် အခြားမူးယစ်ဆေးဝါးများ၊ ကဖင်း ၈၉ ဒသမ ၆ တန်ကျော်အပါအဝင် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် အခြားဓာတုပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ် ၅၅၇၀ ဒသမ ၇ ဘီလီယံကျော် ဖမ်းဆီးအရေးယူနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့ပြင် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် အောက်တိုဘာလထိမူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများတွင် လက်နက်၊ ခဲယမ်းပါဝင်သော အမှုပေါင်း ၁၇၄ မှုမှ တရားခံ(ကျား) ၃၇၉ ဦး၊ တရားခံ(မ) ၂၆ ဦး တရားခံစုစုပေါင်း ၄၀၅ ဦးကို လက်နက်မျိုးစုံ ၇၀၉ လက်၊ ဗုံးမျိုးစုံ ၃၀၃ လုံး၊ မိုင်းမျိုးစုံ ၆၁ လုံး၊ ကျည်မျိုးစုံ အတောင့် ၁၃၇၅၅၀၊ ကျည်အိမ်မျိုးစုံ ၁၆၄၅ ခု၊ ယမ်းမျိုးစုံ ၁၅၉ ကီလိုကျော်၊ ဒီတိုနေတာမျိုးစုံ ၁၁၅၇၆၃၄ ခုနှင့် ဆက်စပ်ပစ္စည်းတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း ပြောကြားသည်။

၂၀၂၁ ခုနှစ်တွင် ၁၀၆၈ ဒသမ ၆၆ ဘီလီယံကျော်၊ ၂၀၂၂ ခုနှစ်တွင် ၁၁၈၈ ဒသမ ၈၂၈ ဘီလီယံကျော်၊ ၂၀၂၃ ခုနှစ်တွင် ၉၃၆ ဒသမ ၇၂၃ ဘီလီယံကျော်၊ ၂၀၂၄ ခုနှစ်တွင် ၁၁၆၃ ဒသမ ၆၄၈ ဘီလီယံကျော်၊ ၂၀၂၅ ခုနှစ်တွင် ၉၇၁ ဒသမ ၇၉ ဘီလီယံကျော် စုစုပေါင်းတန်ဖိုးငွေကျပ် ၅၃၂၉ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

မူးယစ်ဆေးဝါးမှုများနှင့် ဆက်နွယ်၍ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းမှုများကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် အောက်တိုဘာလထိ နိုင်ငံတော်ဘဏ္ဍာသိမ်းဆည်းမှု ၄၁၉၇ မှုတွင် မြန်မာငွေကျပ် ၄၈၈ သန်းကျော်၊ ထိုင်းဘတ် ၃၆၁၂၂၀၊ တရုတ်ယွမ် ၅၀၀၊ အမေရိကန်ဒေါ်လာ ၂၀၀၀၊ ရွှေ ၂ ဒသမ ၅ ကျပ်သား၊ မော်တော်ယာဉ် ၄၇၇ စီး၊ ဆိုင်ကယ် ၂၄၃၈စီး၊ ဖုန်း ၅၉၆လုံး၊ သုံးဘီးယာဉ် ခုနစ်စီး၊ သုံးဘီးဆိုင်ကယ် ငါးစီး၊ စက်ဘီး ၁၉စီး၊ ဘက်ထရီဆိုင်ကယ် တစ်စီး၊ ဘေးတွဲဆိုင်ကယ် တစ်စီး၊ စက်လှေ ၃၅ စီး၊ ထော်လာဂျီ တစ်စီး၊ Air Cooler နှစ်လုံး၊

စာမျက်နှာ ၂၄ သို့

# စာဆိုဗိမာန်အဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် စာပေအနုသုခုမလက်ရာများနှင့်သက်ဆိုင်သည့်ပစ္စည်းများ လှူဒါန်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော စာပေလောက၏ဂုဏ်ကိုဩှန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခု အောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန်သုံးထပ် (RC) အဆောက်အအုံတည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်ပါသဖြင့် ယင်းအဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် ခေတ်ကာလအဆက်ဆက် စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ ဒြပ်မဲ့ အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ ဓာတ်ပုံ၊ လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊ ၎င်းတို့ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့် စာအုပ်စာစောင်များ၊ ခေတ်ကာလအလိုက် ချီးမြှင့်ပေးခဲ့ကြသည့် စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်ဓာတ်ပုံများ၊ မိမိတို့ စုဆောင်းသိမ်းဆည်းထားသော စာပေနှင့်သက်ဆိုင်သည့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းတို့ကို လှူဒါန်းနိုင်ပြီး လှူဒါန်းသည့်အလှူရှင်များ၏ အမည်များကို မှတ်တမ်းကမ္ပည်းရေးထိုးပေးမည်ဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(ရန်ကုန်)
အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းနှင့်
၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁၈-၃၈၁၃၄၄၇

(ခ) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(မန္တလေး)
အမှတ်(၁၅၉) ၈၆ လမ်း ၂၁ - ၂၂ လမ်းကြား
ပုလဲငွေရောင်ရပ်ကွက်
မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၇၉၅၂၇၉၀၂၅

(ဂ) **စာတည်း**
စီမံရေးရာဌာနခွဲ
နေပြည်တော်ရုံးချုပ်
ရုံးအမှတ်(၇) နေပြည်တော် ဖုန်း ၀၉-၅၁၉၄၀၇၁

(သတင်းစဉ်)

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၁၄

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်အနက် တတိယအချက်ဖြစ်သော နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ဆောင်ရွက်ရေးဟူသော ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားကစားကဏ္ဍကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရန်မှာ နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပေသည်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့်လည်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားကို မြှင့်တင်ဆောင်ရွက်ခြင်း၊ အားကစားနည်းအလိုက် မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်ရေးနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေး၊ နိုင်ငံတော်၏ အနာဂတ်တာဝန်များအား ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် လူငယ်လူရွယ်များ၏ ကျန်းမာကြံ့ခိုင်မှု၊ အသိပညာဗဟုသုတပြည့်စုံကြွယ်ဝမှု၊ ဉာဏ်ပညာထက်မြက်မှု၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိမှုများနှင့် ဗလငါးတန်ပြည့်စုံစေရေးအပါအဝင် လူငယ်လူရွယ်များကို ဘက်စုံထောင့်စုံမှ အရည်အချင်းမြှင့်တင်ပေးနိုင်ရေးလုပ်ငန်းတာဝန်များအား ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူအများပါဝင်သော လူထုစုပေါင်းလမ်းလျှောက်ပွဲများနှင့် စုပေါင်းအားကစား လှုပ်ရှားမှုများကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်စဉ်ဒီဇင်ဘာလတိုင်း ကျင်းပလျက်ရှိပါသည်။ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံ)ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ)များအတွက် ပြိုင်ပွဲဝင်ရာတွင် ပြိုင်ပွဲဝင်များအနေဖြင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ကဏ္ဍတစ်ရပ်စီအတွက် ထပ်မံတိုးမြှင့်၊ ပြုပြင်ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို ပြည့်စုံစွာ ဖော်ပြရေးသားယှဉ်ပြိုင်ကြရမည်ဖြစ်ပါသည်-

(က) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားလှုပ်ရှားမှုတွင် ပြည်သူလူထုပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် ထပ်မံတိုးမြှင့်၊ ပြုပြင်ဆောင်ရွက်သင့်သည့် အချက်များ၊

(ခ) လတ်တလောမြန်မာအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်သည့် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ပတ်သက်၍ အားသာချက်၊ အားနည်းချက်၊ သုံးသပ်ချက်များ၊

(ဂ) နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် ထပ်မံတိုးမြှင့်၊ ပြုပြင်ဆောင်ရွက်သင့်သည့်အချက်များ၊

(ဃ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုမည့် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်သင့်သည့် အချက်များ။

ဆောင်းပါးပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size 13 အရွယ်အစားဖြင့် A4 စာမျက်နှာ ကိုးမျက်နှာထက်မနည်း၊ ၁၀ မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size 13 အရွယ်အစားဖြင့် A4 စာမျက်နှာ ၁၁ မျက်နှာထက်မနည်း၊ ၁၂ မျက်နှာထက်မများ၊ ကဗျာပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size 13 အရွယ်အစားဖြင့် A4 စာမျက်နှာ ငါးမျက်နှာထက်မနည်း၊ ခြောက်မျက်နှာထက်မများ အထက်အပိုဒ်ခွဲ(က၊ခ၊ ဂ၊ဃ)ပါ အကြောင်းအရာများအပေါ်အခြေခံ၍ မိမိကြိုက်နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ၁၀" x ၁၄" အရွယ်ဖြင့် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားစုပေါင်းလှုပ်ရှားမှု ပေါ်လွင်စေရမည့်အပြင် ဓာတ်ပုံခေါင်းစဉ် ဖော်ပြရမည်။ ယခင်နှစ်များက ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုနှင့် အထူးဆုရရှိပြီးသော ဓာတ်ပုံများအား ပေးပို့ယှဉ်ပြိုင်ခြင်းကို ခွင့်မပြုကြောင်းနှင့် စိစစ်တွေ့ရှိရပါက ၎င်းပြိုင်ပွဲဝင် ယှဉ်ပြိုင်ထားသည့် အခြားပြိုင်ပွဲဝင်ဓာတ်ပုံများကိုလည်း ပယ်ဖျက်သွားမည်ဖြစ်ပါသည်။

ဓာတ်ပုံပြိုင်ပွဲဝင်သူများအနေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများနှင့် ၂၀၂၆ ခုနှစ် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများကို ထည့်သွင်းယှဉ်ပြိုင်နိုင်ပါသည်။

ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်စာမူနှင့် ဓာတ်ပုံများကို အရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။

အထက်ဖော်ပြပါ ပြိုင်ပွဲဝင် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများနှင့် ဓာတ်ပုံများကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး လူထုအားကစားနှင့်ပညာပေးဌာနခွဲ အားကစားနှင့် ကာယပညာဦးစီးဌာန နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Cluster 5-1)သို့လိပ်မူ၍ Soft Copy တစ်ချပ်၊ Hard Copy တစ်စုံနှင့်အတူ ပေးပို့ရန်ဖြစ်ပြီး ၎င်းတို့နှင့်အတူ ပြိုင်ပွဲဝင်သူ၏ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ် မိတ္တူမှန်တစ်စောင်၊ ကိုယ်တိုင်ရေးသား၊ ရိုက်ကူးထားကြောင်း ဝန်ခံချက်တို့ကိုလည်း တစ်ပါတည်း ပူးတွဲပေးပို့ကြရန်ဖြစ်ပါသည်။

ပြိုင်ပွဲတွင် လက်ခံရရှိသော စာမူများနှင့် ဓာတ်ပုံများအနက် ဆုရရှိသည့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့်ဓာတ်ပုံပြိုင်ပွဲများအတွက် ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ရှစ်သိန်း၊ တတိယဆု ငွေကျပ် ခြောက်သိန်းနှင့် နှစ်သိမ့်ဆုငွေကျပ် ငါးသိန်း အသီးသီးချီးမြှင့်သွားမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ဆုရစာမူများကို နေ့စဉ်ထုတ်သတင်းစာများ၊ ဌာနမှထုတ်ဝေသည့် လစဉ်ထုတ်သတင်းလွှာနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြသွားမည်ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော စာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထားမပြည့်စုံသော စာမူများနှင့် ဓာတ်ပုံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၉-၄၂၀၇၀၄၆၂၄၊ ၀၉-၉၇၉၆၉၈၀၂၂၊ ၀၉-၂၅၆၄၈၉၉၂၃ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**စာမျက်နှာ ၂၃ မှအဆက်**

ကျောပိုးအိတ် တစ်လုံးတို့ကို စုစုပေါင်း တန်ဖိုးငွေကျပ် ၁၃၀၄၄ သန်းကျော် သိမ်းဆည်းနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)၊ ဩစတြေးလျနိုင်ငံရဲတပ်ဖွဲ့ (AFP)၊ အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့(DEA)၊ တရုတ်နိုင်ငံ အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်(NNCC)၊ ထိုင်းနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB)တို့နှင့်လည်း အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ငွေကြေးဆိုင်ရာမှုခင်း တားဆီးနှိမ်နင်းရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ မိမိတို့မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့အနေဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ သတင်းပို့အဖွဲ့အစည်းများက ပေးပို့လျက်ရှိသည့် သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်း ဆောင်ရွက်မှုသတင်းပို့ချက်(Suspicious Transaction Report-STR)များကို လက်ခံခြင်း၊ စိစစ်ခွဲခြမ်းစိတ်ဖြာခြင်းနှင့် စိစစ်ချက်ရလဒ်များကို သက်ဆိုင်ရာတရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့်သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများထံသို့ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး အမျိုးသားအဆင့်မဟာဗျူဟာများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေကြေးဆိုင်ရာလိမ်လည်မှုများနှင့် ပြစ်မှုများ ပေါ်ပေါက်လာပါက အဖွဲ့ဝင်များမှ မိမိဌာနနှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို ထိရောက်မြန်ဆန်စွာဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် **“ငွေကြေးလိမ်လည်မှုများကို အချိန်မီတားဆီးရေးနှင့် အရေးယူမှုမြန်ဆန်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့(Action Task Force)”** ကို ၂၀၂၄ ခုနှစ် မတ် ၂၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၂၄ ဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းအဖွဲ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းပြီးနောက် ငွေကြေးဆိုင်ရာလိမ်လည်မှုဖြစ်စဉ်များကို ထိရောက်မြန်ဆန်စွာဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် စံလုပ်ငန်းစဉ်းမျဉ်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ (Standard Operating Procedures-SOP)အား ၂၀၂၅ ခုနှစ် ဇွန် ၂၅ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ငွေကြေးလိမ်လည်မှု ဖြစ်စဉ်များနှင့် ပတ်သက်၍ အဆိုပါစံပြုလုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

အွန်လိုင်းလိမ်လည်မှုများမှ ရရှိသော ငွေကြေးများကို စနစ်တကျခဝါချရန်အတွက် တရားမဝင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများက အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင်ဖြစ်ပေါ်နေသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ အပေါ် လေ့လာတွေ့ရှိချက်များအရ Scam Center များမှရရှိသော တရားမဝင်ငွေကြေးများသည် နယ်စပ်ဒေသရှိ တရားမဝင်ကုန်ပစ္စည်းများကို ဝယ်ယူရန်အတွက် အသုံးပြုကြောင်း၊ အဆိုပါ တရားမဝင်ပစ္စည်းများကို နယ်စပ်ဖြတ်ကျော်ရောင်းချခြင်းဖြင့် တရားဝင်ပုံစံဆောင်သောဝင်ငွေအဖြစ်သို့ ပြောင်းလဲပစ်ကြောင်း၊ Scam Center များလည်ပတ်ရန်အတွက် လိုအပ်သည့်စက်ပစ္စည်းများ၊ အစားအသောက်နှင့်အခြားထောက်ပံ့ရေးပစ္စည်းများကို တရားမဝင်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တစ်ဆင့် အခွန်ရှောင်၍ သယ်ယူပို့ဆောင်ကြောင်း၊ Scam Center များလည်ပတ်ရန်အတွက် လိုအပ်သည့်ဝန်ထမ်းအင်အားကို တရားမဝင်နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် လူကုန်ကူးခြင်းဖြင့် ရရှိနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

အနှစ်ချုပ်အနေဖြင့် တရားမဝင်နယ်စပ်ကုန်သွယ်ရေးသည် Scam Center များအတွက် ငွေကြေးခဝါချရန်လမ်းကြောင်းများ ဖန်တီးပေးနေခြင်းဖြစ်ပါကြောင်း၊လူကုန်ကူးခံရသူများကို သယ်ယူပို့ဆောင်ရန် လမ်းကြောင်းများကို ပံ့ပိုးပေးနေခြင်းဖြစ်ပါကြောင်း၊ ယင်းဆက်စပ်မှုများကို တားဆီးဖြတ်တောက်ရန်အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးတို့ကို ပေါင်းစပ်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။ **ဆက်လက်ဖော်ပြပါမည်။**

မြန်မာ့သမဝါယမစတင်ခြင်း ၁၂၁ နှစ်မြောက် နှစ်ပတ်လည်နေ့

အထိမ်းအမှတ်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်

MCRD

"လူမှုစီးပွားဘဝမြှင့်တင်ဖို့ သမဝါယမကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်စို့"

(၂၅)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ နှင့်

မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ (၁၅၊ ၁၆၊ ၁၇) နေပြည်တော်

# မွန်ပြည်နယ် မော်လမြိုင်မြို့ မြစေတီစာသင်တိုက်ဆရာတော်၏ အဘိဓဇမဟာရဋ္ဌဂုရု ဂုဏာဝိသိဋ္ဌပူဇော်မင်္ဂလာအခမ်းအနား ကျင်းပ



မွန်ပြည်နယ် မော်လမြိုင်မြို့ မြစေတီစာသင်တိုက်ဆရာတော်၏ အဘိဓဇမဟာရဋ္ဌဂုရု ဂုဏာဝိသိဋ္ဌပူဇော်မင်္ဂလာအခမ်းအနား ကျင်းပစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၄**

မွန်ပြည်နယ် မော်လမြိုင်မြို့ မြစေတီစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဝိနယပါဠိပါရဂူ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အရှင်သူမြတ်၏ အဘိဓဇမဟာရဋ္ဌဂုရု ဂုဏာဝိသိဋ္ဌ ပူဇော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြစေတီစာသင်တိုက်၌ပြုလုပ်ရာ မြစေတီစာသင်တိုက်ဆရာတော် အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မြစေတီစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သြဝါဒတရားနာယူကာ ဆရာတော်အရှင်သူမြတ်အား ပိုဒ်စုံရတုဖြင့် ချီးကျူးပူဇော်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မြစေတီစာသင်တိုက်ဆရာတော်ထံ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို ထပ်ဆင့်ဆက်ကပ်ပြီး တိုင်းမှူးက ဘွဲ့တံဆိပ်တော်နှင့် အလံတော်ကို ထပ်ဆင့်ဆက်ကပ်သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြရာ မြစေတီစာသင်တိုက်ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မော်လမြိုင်မြို့ ရွှေရတုတိပိဋကရေမော်ကျွန်းဆရာတော် အရှင်သီလက္ခန္ဓာဘိဝံသထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဆရာတော်၊သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆို

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၀)သို့ တက်ရောက်ကြမည့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံ့သားကောင်းရတနာများ ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့်ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်း ရတနာများကို သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့်အုပ်ချုပ်မှုကိစ္စရပ်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် သင်တန်းတက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆိုနှုတ်ဆက်စဉ်။

# ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်စဉ်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားအသီးသီး ပြောကြားကြသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တောင်ကြီးမြို့ မြို့မဈေးအနီး၌ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ နိုင်ငံသားအခွင့်အရေးဆုံးရှုံးမှုမရှိစေရေးနှင့် ပြည်သူများအားလုံးပါဝင်၍ လွတ်လပ်စွာမဲပေးနိုင်ရေးအတွက် တို့အတူတူ မဲပေးကြမယ် အသိပညာပေး လက်ကမ်းစာစောင်များနှင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးနေမှုကို တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ထူးခြားသည့် ညအပူချိန်များ

၁၄-၁၂-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဟားခါး | ၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော့ | ၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| လားရှိုး | ၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်း | ၉ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၅၉၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်းကျေးရွာအနီး မန္တလေး-မတ္တရာ-သပိတ်ကျင်းသွားကားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားကို PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

PDF အမည်ခံ အကြမ်းဖက်သမားများက သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်းကျေးရွာအနီး မန္တလေး- မတ္တရာ- သပိတ်ကျင်းသွား ကားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဖြစ်စဉ်နေရာပုံ








PDF အမည်ခံ အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဇရပ်ကွင်းကျေးရွာအနီးရှိ သံကူကွန်ကရစ်တံတားကို တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်း မြို့နယ် ဇရပ်ကွင်းကျေးရွာအနီး မန္တလေး- မတ္တရာ-သပိတ်ကျင်းသွားကားလမ်းပေါ်ရှိ ဇရပ်ကွင်းကျေးရွာနှင့် လိပ်ကြကျေးရွာ တို့ကို ဆက်သွယ်ထားသည့် ကျေးရွာ ချင်းဆက် သံကူကွန်ကရစ်တံတားအား ယနေ့နံနက်ပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းခွဲဖျက်ဆီး ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်း မြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင် ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်တွင် သပိတ်ကျင်းမြို့၏ တောင်ဘက်မီတာ ၇၀၀၀ ခန့်အကွာရှိဇရပ်ကွင်းကျေးရွာအနီး သို့ ရောက်ရှိစဉ် PDF အမည်ခံအကြမ်းဖက် သမားများက လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့ရာ PDF အမည်ခံအကြမ်းဖက် သမားများသည် ကျေးရွာ၏တောင်ဘက် သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါ PDF အမည်ခံအကြမ်းဖက် သမားများသည် ၎င်းတို့ဆုတ်ခွာထွက်ပြေး စဉ် ဇရပ်ကွင်းကျေးရွာအနီး မန္တလေး- မတ္တရာ-သပိတ်ကျင်းသွားကားလမ်းပေါ်ရှိ ဇရပ်ကွင်းကျေးရွာနှင့် လိပ်ကြကျေးရွာ တို့ကို ဆက်သွယ်ထားသည့် တံတား အရှည် ပေ ၈၀၊ အကျယ် ၁၅ ပေရှိ သံကူ ကွန်ကရစ်တံတားအား မိုင်းထောင် ဖောက်ခွဲခဲ့ရာ တံတားအောက်ခြေတိုင်များ ပြိုကျပျက်စီးခဲ့ပြီး ပျက်စီးမှုကြောင့် လူနှင့်ယာဉ်များ ဖြတ်သန်းသွားလာ၍ မရကြောင်း သိရသည်။

အကြမ်းဖက်သမားများသည် နိုင်ငံ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုး မှုကို ပျက်ပြားစေရန်၊ ဒေသတွင်းကုန်စည် စီးဆင်းမှုရပ်တန့်စေပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေ ရန်စသည့် ရည်ရွယ်ချက်များဖြင့် စစ်ရေး နှင့် မသက်ဆိုင်သည့်အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများ အား မိုင်းထောင်ဖောက်ခွဲခြင်းများကို လုပ်ဆောင်လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင် များက လိုအပ်သည့်အကြမ်းဖက်ချေမှုန်း မှုစစ်ဆင်ရေး (Counter-Terrorism Operation)ကို ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်းနှင့် ပျက်စီးခဲ့သည့် တံတားအား ပုံမှန်အတိုင်းပြန်လည် အသုံးပြုနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူ များနှင့်အတူ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း သတင်းရရှိသည်။(၅၀၁)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၆ လုံး ထပ်မံဖြိုချဖျက်ဆီး၊ မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်မှုမရှိစေရေး ဆက်လက်ရှာဖွေစစ်ဆေး




နေပြည်တော် ဒီဇင်ဘာ ၁၄

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်အဆောက်အအုံ တစ်လုံးနှင့် နှစ်ထပ်အဆောက်အအုံ ၁၅ လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၆ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၄၂၉ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်လျက်ရှိပြီး ယနေ့တွင်လည်း တစ်ထပ်အဆောက်အအုံ ခြောက်လုံး၊ နှစ်ထပ်အဆောက်အအုံ လေးလုံး၊ သုံးထပ် အဆောက်အအုံအလုံး ၂၀ နှင့် လေးထပ်အဆောက်အအုံ ခြောက်လုံး စုစုပေါင်း အဆောက်အအုံ ၃၆ လုံးကို ရှာဖွေစစ်ဆေးရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခြင်းနှင့် တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းများမရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

၎င်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို ထပ်မံ၍အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)






KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။



မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုနှင့် တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်နေမှုမရှိစေရေး ရှာဖွေစစ်ဆေးရေးလုပ်ငန်းများ လုပ်ဆောင်နေမှုကို တွေ့ရစဉ်။



KK Park နယ်မြေအတွင်း တရားမဝင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။

## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည် မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ပေါက်ပေါက်

# စိတ်ရောကိုယ်ပါ ကျန်းမာလိုလျှင် လမ်းလျှောက်ပါ

လူတစ်ယောက်သက်တမ်းစေ့ နေနိုင်ရန်နှင့် သက်ရှည်ကျန်းမာစေရန်အတွက် သွေး၊ လေများ ကောင်းမွန်လည်ပတ်စေရန် နေ့စဉ်လမ်းမှန်မှန် လျှောက်ခြင်းကလည်း အဓိကကျသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) မှ ထုတ်ပြန်ကြေညာချက်အရ ကိုယ်လက် လှုပ်ရှားမှုမရှိခြင်း၊ ကိုယ်လက်လှုပ်ရှားမှုချို့တဲ့ခြင်းတို့ကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူဦးရေနှစ်သန်းခန့်ရောဂါဖြစ်ကြပြီး ကိုယ်ခန္ဓာမသန်စွမ်းခြင်းနှင့်သက်တမ်းမစေ့မီ သေဆုံးခြင်းများကို ရင်ဆိုင်နေကြရကြောင်း သိရှိရသည်။

ကျန်းမာကြံ့ခိုင်နေသူတစ်ဦးသည် အရာရာကို စွမ်းဆောင်နိုင်စွမ်းရှိသည်။ အထူးသဖြင့် ပညာရေး၊ လူမှုရေး၊ စီးပွားရေး စသည့်နေ့စဉ်လုပ်ငန်းဆောင်တာများကို အခက်အခဲမရှိ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ လူတိုင်းတွင် မွေးရာပါစွမ်းဆောင်ရည်များပါလာကြသည်။ သို့သော်လည်း ကျန်းမာနေမှသာလျှင် ထိုစွမ်းဆောင်ရည်များကို အပြည့်အဝအသုံးချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူတိုင်းအတွက် ကျန်းမာရေးသည် ပထမ၊ ကျန်းမာရေးသည် ဒုတိယ၊ ကျန်းမာရေးသည် တတိယဖြစ်နေခြင်းဖြစ်သည်။ ကျန်းမာကြံ့ခိုင်ရေးအတွက် ငွေကုန်သက်သာသည့်အလွယ်ကူဆုံးလေ့ကျင့်ခန်းသည် လမ်းလျှောက်ခြင်းပင်ဖြစ်သည်။

အားကစားလေ့ကျင့်နည်း အမျိုးမျိုးရှိကြရာ ၎င်းတို့အနက် လမ်းလျှောက်ခြင်းက အရွယ်သုံးပါး မရွေးအထူးသင့်တော်သည့် လေ့ကျင့်ခန်းဖြစ်သည်။ လမ်းလျှောက်ခြင်းသည် လူတိုင်းလုပ်ဆောင်နိုင်သော လေ့ကျင့်ခန်းဖြစ်သကဲ့သို့ ငွေကြေးကုန်ကျမှုမရှိ၊ ကရိကထလည်းမများသည့်အပြင် အလွယ်ကူဆုံးဖြစ်သောကြောင့် မိမိတစ်ဦးတည်းဖြစ်စေ၊ မိသားစု သို့မဟုတ် မိတ်ဆွေသူငယ်ချင်းများနှင့် အုပ်စုလိုက်ဖြစ်စေ၊ အိမ်မွေးခွေးလေးများနှင့်ဖြစ်စေ လွတ်လပ်ပေါ့ပါးစွာ ပြုလုပ်နိုင်သည်။ ကျန်းမာခြင်းဟူသောဆုလာဘ်သည် ငွေကြေးဖြင့် ဝယ်ယူ၍ရသော ပစ္စည်းမဟုတ်ပေ။

**လမ်းလျှောက်ခြင်း၏ ကျန်းမာရေးအကျိုးကျေးဇူးများ**

လမ်းလျှောက်ခြင်းသည် ရောဂါကင်းဝေးကျန်းမာစေပြီး အသက်ရှည်ရာအနာမဲ့ကြောင်းနည်းလမ်းကောင်းတစ်ခုဖြစ်ပေရာ နေ့စဉ်ပုံမှန် လမ်းလျှောက်ခြင်း၏ ကျန်းမာရေးအကျိုးကျေးဇူးများကို အောက်ပါအတိုင်းမျှဝေလိုသည်။

**နှလုံးအားကောင်းစေခြင်း**

ပုံမှန်လမ်းလျှောက်ခြင်းဖြင့် ခန္ဓာကိုယ်အတွက် ကောင်းမွန်သော HDL ကိုလက်စထရောများကို သဘာဝအလျောက် မြှင့်တင်ပေးပြီးမကောင်းသော LDL ကိုလက်စထရောများကို လျှော့ချပေးသည်။ နှလုံးသွေးလည်ပတ်စီးဆင်းမှုကို ကောင်းမွန်စေသဖြင့် နှလုံးကိုကျန်းမာစေသည်။

အမေရိကန်နိုင်ငံတွင် အသက် ၇၀ ကျော် အရွယ်များကို လေ့လာဆန်းစစ်မှု မှတ်တမ်းများအရ ခပ်သွက်သွက်နှင့် အချိန်ကြာကြာ လမ်းလျှောက်သော သက်ကြီးရွယ်အိုများသည် နှလုံးသွေးကြောဆိုင်ရာရောဂါဖြစ်ပွားနိုင်သည့် အန္တရာယ်နည်းပါးကြောင်း၊ လေဖြတ်အန္တရာယ်မှလည်း ၅၀ ရာခိုင်နှုန်း လျော့နည်းကြောင်း လေ့လာတွေ့ရှိရသည်။ လမ်းလျှောက်သည့်အမြန်နှုန်း သို့မဟုတ် အကွာအဝေးပိုများသူများတွင် နှလုံးရောဂါဖြစ်ပွားနိုင်သည့် အန္တရာယ်လျော့နည်းကြောင်း၊ ရက်သတ္တပတ်လျှင် မိနစ် ၃၀ ကြာ လမ်းလျှောက်နိုင်မည်ဆိုပါက နှလုံးရောဂါဖြစ်နိုင်ခြေ ၁၁ ရာခိုင်နှုန်းနည်းပါးသွားကြောင်း လေ့လာမှတ်သားရသည်။

**ကိုယ်အလေးချိန်ကျစေခြင်း**

လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်အလေးချိန်ကျဆင်းသွားစေပြီး ၁၀ မိနစ်ခန့် ခပ်သွက်သွက် လမ်းလျှောက်ရုံမျှဖြင့် ကယ်လိုရီ ၅၀ လောင်ကျွမ်းနိုင်ကာ ခန္ဓာကိုယ်တွင်းဇီဝဖြစ်စဉ်ကိုလည်း အားကောင်းလာစေသည်။

**အဆုတ်အားကောင်းစေခြင်း**

လမ်းလျှောက်နေချိန်တွင် ခန္ဓာကိုယ်တွင်း အောက်ဆီဂျင်ကို များများလိုအပ်ခြင်းကြောင့် အသက်ပိုရှူရသဖြင့် အဆုတ်၏လုပ်ဆောင်ချက်များ ပိုကောင်းလာသည်။ သွေးတိုးနှင့်လေဖြတ်ခြင်းမှ ကာကွယ်ပေးသည်။ တစ်နေ့လျှင်နာရီဝက်ခန့် ခပ်



သွက်သွက်လမ်းလျှောက်ပေးခြင်းက သွေးတိုးရောဂါ မဖြစ်စေတော့ပေ။ ထို့ပြင် သွေးတိုးရောဂါနှင့်ဆက်စပ်လျက်ရှိသော လေဖြတ်ခြင်းအလားအလာကို လျှော့ချပေးနိုင်သည်။

**ရောဂါဝေဒနာဆိုးများမှ တားဆီးပေးခြင်း**

နေ့စဉ်ပုံမှန်လမ်းလျှောက်ခြင်းက ဆီးချိုရောဂါ အမှတ်-၂ ဖြစ်နိုင်ခြေအလားအလာကို ၆၀ ရာခိုင်နှုန်းခန့်ထိ လျှော့ချပေးသည့်အပြင်၊ ရက်သတ္တပတ်လျှင် နာရီဝက်ခန့်လမ်းလျှောက်ခြင်းက ခန္ဓာကိုယ်တွင်းရှိဆဲလ်များကို အားကောင်းစေပြီး အူမကြီးကင်ဆာ၊ ရင်သားကင်ဆာ စသည့်ကုသရန်ခက်ခဲသော ရောဂါဆိုးကြီးများ ဖြစ်နိုင်ခြေအလားအလာကို ၂၀ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်ကြောင်း ဗြိတိန်ကျန်းမာရေးဂျာနယ်တွင် ဖော်ပြထားသည်။

**ကြွက်သားများ ကျစ်လျစ်လာစေခြင်း**

လမ်းလျှောက်လေ့ကျင့်ခန်း မှန်မှန်လုပ်ခြင်းက ကယ်လိုရီများကို လောင်မြိုက်သွားစေသဖြင့် ခန္ဓာကိုယ်၏ ဇီဝဖြစ်စဉ်ကို တိုးတက်ကောင်းမွန်လာစေပြီး ကြွက်သားများ ကျစ်လျစ်သန်စွမ်းလာစေသည်။ လမ်းလျှောက်ခြင်းက ပြင်းထန်သော လေ့ကျင့်ခန်းမဟုတ်သဖြင့် ကြွက်သားနာကျင်မှုမဖြစ်စေနိုင်ပေ။ ကြွက်သားများ သန်မာစေချင်သည်ဆိုပါက တစ်နေ့လျှင် ခြေလှမ်းရေ ၁၀၀၀၀ ခန့် လမ်းလျှောက်ပေးရုံမျှဖြင့် ရနိုင်သည်။ ၎င်းထက်ပို၍ ပြင်းထန်သည့်လေ့ကျင့်ခန်းကို လိုချင်သူဖြစ်ပါက တောင်တက်လမ်းလျှောက်ခြင်းပြုလုပ်ပါ။ ထို့ပြင် စက္ကန့် ၃၀ မှ တစ်မိနစ်၊ နှစ်မိနစ်ထိ ခပ်မြန်မြန် လမ်းလျှောက်ပြီး တဖန်ပုံမှန်လမ်းလျှောက်ခြင်း၊ ထို့နောက် ခပ်မြန်မြန်ပြန်လည်လမ်းလျှောက်ခြင်းကလည်း ကြွက်သားများကို ထိထိရောက်ရောက် သန်မာစေသည်။

**ဦးနှောက်ကို ကောင်းကျိုးပြုခြင်း**

အင်္ဂလန်နိုင်ငံတွင် အသက် ၆၅ နှစ်နှင့်အထက် အမျိုးသား၊ အမျိုးသမီးကြီးများကို ရက်သတ္တပတ်လျှင် ၆ မိုင်ကျော်မျှလမ်းလျှောက်စေခဲ့ရာ စိတ်ဖိစီးမှုများမရှိဘဲ ယခင်အခြေအနေထက် မှတ်ဉာဏ်စွမ်းရည် ပမာဏ ၄၀ ရာခိုင်နှုန်းထိ တိုးတက်ကောင်းမွန်လာကြောင်း လေ့လာတွေ့ရှိရသည်။

**အရိုးပွရောဂါဖြစ်ခြင်းမှ ကာကွယ်ပေးခြင်း**

လမ်းလျှောက်နေစဉ် ကြွက်သားများက အရိုးများကို ဆွဲတင်ပေးပြီး ရွေ့လျားမှုဖြစ်ပေါ်စေသဖြင့် အရိုးများကို ပိုမိုသန်မာစေသည်။ စိတ်ဖိစီးမှုဖြစ်စေသော ကော်တီဇောဟိုမုန်းသည် အရိုးများ၏ သိပ်သည်းဆကို လျော့ကျစေပြီး အရိုးပွရောဂါကို ဖြစ်စေတတ်သည်။ လမ်းများများလျှောက်ခြင်းဖြင့် ကော်တီဇောပမာဏ လျော့ကျသွားစေနိုင်သဖြင့် အရိုးပွခြင်းကို သက်သာစေသည်။ အထူးသဖြင့် သွေးမဆုံးခင်နှင့် သွေးဆုံးပြီးစအမျိုးသမီးများ အရိုးပွရောဂါမဖြစ်စေရန်အတွက် လမ်းမှန်မှန် လျှောက်ရန် အထူးလိုအပ်သည်။ ထို့ပြင် လမ်းလျှောက်ခြင်းက အရိုးအဆစ်များကို ကျန်းမာကြံ့ခိုင်စေသဖြင့် အဆစ်အမြစ်ရောင်ဝေဒနာသည်များလည်း လမ်းလျှောက်ခြင်း လေ့ကျင့်ခန်းမှန်မှန် လုပ်သင့်သည်။

**ခန္ဓာကိုယ်အချိုးအစား ပြေပြစ်စေခြင်း**

လမ်းလျှောက်သည့်အခါ ခန္ဓာကိုယ်ကို မတ်မတ်ထား၍ သက်သောင့်သက်သာ အနေအထားဖြင့် ပခုံးနှစ်ဖက်ပြေလျော့ပြီး လက်နှစ်ဖက်ကို ဟန်ချက်ညီညီ လွှဲလျှောက်ပေးရမည်။ ထိုကဲ့သို့ နည်းစနစ်မှန်မှန် လမ်းလျှောက်ခြင်းက ရင်ဘတ်ကြွက်သားများကို ကျစ်လျစ်လာစေသကဲ့သို့ ခါးတစ်ဝိုက်ရှိ အဆီပိုများကိုပါ ဖယ်ရှားပေးနိုင်သဖြင့် ခန္ဓာကိုယ်အချိုးအစားပြေပြစ်သွားစေသည်။

**ဗီတာမင်ဒီရရှိစေခြင်း**

အရိုးကျန်းမာရေးအတွက် ဗီတာမင်ဒီဓာတ်ကို မရှိမဖြစ်လိုအပ်သည်။ နံနက်ပိုင်းနေရောင်ခြည်အောက်တွင် လမ်းလျှောက်ခြင်းဖြင့် ဗီတာမင်ဒီဓာတ် အပြည့်အဝရရှိစေမည်ဖြစ်သည်။

**ခွန်အားရရှိစေခြင်း**

ခပ်သွက်သွက်လမ်းလျှောက်ခြင်းဖြင့် သွေးလည်ပတ်စီးဆင်းမှု အားကောင်းစေကာ ခန္ဓာကိုယ်အနှံ့အပြားရှိဆဲလ်များထံ အောက်ဆီဂျင်ရောက်ရှိသွားစေ၍ လူကိုလန်းဆန်းပေါ့ပါးကာ ခွန်အားရရှိစေသည်။

**စိတ်ဖိစီးမှုပြေပျောက်စေခြင်း**

နေ့စဉ် လမ်းသွက်သွက်လျှောက်ခြင်းကြောင့် ကျန်းမာပျော်ရွှင်မှုကို ဖြစ်စေသည့်အန်ဒေါ်ဖင်ဟော်မုန်းများလည်း ပိုမိုထွက်ရှိလာသည်။ လေကိုတဝကြီးရှူရှိုက်၍ ခပ်သွက်သွက်လမ်းလျှောက်ခြင်းက စိတ်၏ထွက်ပေါက်ဖြစ်စေနိုင်သောကြောင့် အချိန်တိုအတွင်းမှာပင် စိတ်ဖိစီးမှုများကို ပြေပျောက်သွားစေသည်။ မျက်စိတင်းအားကို လျော့ကျသွားစေသဖြင့် မျက်စိတိမ်စွဲခြင်းမှ ကာကွယ်ပေးနိုင်သည်။

**ကျန်းမာနုပျိုစေခြင်း**

အရေပြားသို့ သွေးစီးဆင်းမှုအားတိုးသွားစေပြီး အရေပြားဆဲလ်များကို အာဟာရဖြစ်စေကာ ကျန်းမာနုပျိုသောအသွင်ကို မလွဲမသွေဖြစ်ပေါ်လာစေသည်။ အကျိုးရလဒ်အဖြစ် ကျန်းမာနုပျိုခြင်းကို ပိုင်ဆိုင်နိုင်ပါမည်။

**သတိပြုရန်**

(က) ယာဉ်အန္တရာယ်ကင်းဝေးစေရန် လမ်းဘေးကပ်လျှောက်ပါ။ (ခ) သက်သောင့်သက်သာရှိစေသော ဖိနပ်ကိုဝတ်ဆင်ခြင်းက ခြေထောက်နာ၊ ခြေထောက်ကွဲအက်ခြင်းကို မဖြစ်စေနိုင်ပေ။ (ဂ) ချွေးစုပ်နိုင်သော အဝတ်အထည်တို့ကိုဝတ်ဆင်ပါ။ (ဃ) လမ်းလျှောက်ပြီးနောက် ရေများများသောက်ပါ။ (င) အသွင်သစ်အမြင်သစ်ဖြင့် အာရုံလန်းဆန်းစေရန်အတွက် သွားလမ်းနှင့်ပြန်လမ်းကို မတူညီနိုင်ရန် ရွေးလျှောက်ပါ။

ကျန်းမာရေးဝန်ကြီးဌာနက တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူလူထုအများပါဝင်သည့် နံနက်စောစောထလမ်းလျှောက်ခြင်းဖြစ်သည့် လူထုအားကစားလှုပ်ရှားမှုကို နှစ်စဉ်ဆောင်းရာသီတွင် ကျင်းပလျက်ရှိသည်။ ထို့ပြင် အခြားသော စုပေါင်းအားကစားလှုပ်ရှားမှုများကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာစေရန်၊ ပြည်သူလူထုကျန်းမာကြံ့ခိုင်စေရန်၊ ရောဂါကြိုတင်ကာကွယ်နိုင်ရန်နှင့် သက်တမ်းစေ့နေနိုင်ရန်၊ အမျိုးသားအားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးနှင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် ပြည်သူ့ကျန်းမာရေးဗဟိုဆိုင်ရာ ကျန်းမာရေးအသိပေးနှိုးဆော်မှုများစွာတို့ကို ဘက်ပေါင်းစုံမှနေ၍ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

အချုပ်ဆိုရသော် လမ်းလျှောက်သည်ဆိုရာဝယ် ဆောင်းရာသီတစ်ခုတည်းသာမက ရာသီမရွေး လမ်းမှန်မှန်လျှောက်သော အလေ့အထကောင်းကို မွေးမြူသင့်သည်။ မည်သို့ပင်ဆိုစေကာမူ မိမိကိုယ်တိုင်တကယ်ကျန်းမာချင်ပါမှ၊ မိမိကိုယ်ကို စောင့်ရှောက်ချင်စိတ်ရှိပါမှ၊ မိမိကိုယ်ကို စောင့်ရှောက်တက်ပါမှ၊ ကျန်းမာရေးအသိသတိဖြင့် ဖွဲ့လုံ့လရှိပါမှ ရောဂါဘယကင်းဝေး၍ အမှန်တကယ်ကျန်းမာနိုင်မည်ဖြစ်ပေသည်။

ဘဝစိန်ခေါ်မှုများစွာ လူမှုဘဝပတ်ဝန်းကျင်တွင် စိတ်ဖိစီးမှုများပြားလာကြသည်။ ထိုအခါ စိတ်ထွက်ပေါက်အဖြစ် လမ်းများများ လျှောက်ပေးသင့်သည်။ စုပေါင်းလမ်းလျှောက်ခြင်းသည် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှုကိုရသကဲ့သို့ ပျော်ရွှင်မှုကိုလည်း ရရှိစေသည်။ သို့ပါ၍ ကိုယ်ခန္ဓာသန်စွမ်းစေရန်၊ စိတ်နှလုံးရွှင်ပြုံးစေရန်၊ စိတ်ရောကိုယ်ပါကျန်းမာရန် လမ်းလျှောက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

Pluralism | Diversity | Inclusion

## Call for Open Tender

## အိတ်ဖွင့်တင်ဒါ ဖိတ်ကြားခြင်း

**Tender Ref No.: TD–MM–CSI–2025–03** **Date: 12/12/2025**

The Center for Social Integrity has been officially registered as a Union–level local organization under the Ministry of Home Affairs and the Union Registration Board, with registration certificate number 1/Domestic/0086(2022), dated November 4, 2024.

The Center for Social Integrity is actively engaged in emergency relief operations for people affected by natural disasters (such as floods, earthquakes, etc.).

At present, the Center for Social Integrity is inviting tenders for the supply of the following items to assist people affected by the earthquake in Mandalay City, Mandalay Region and Sagaing City, Sagaing Region.

လူမှုရေးရာပေါင်းစည်းမှုအဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၏ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(၄) ရက် ရက်စွဲပါအမှတ် ၁/ပြည်တွင်း/၀၀၈၆(၂၀၂၂)ဖြင့် ပြည်ထောင်စုအဆင့် ပြည်တွင်းအသင်းအဖွဲ့ မှတ်ပုံတင်လက်မှတ် ရရှိထားပြီး သဘာ၀ဘေးအန္တရာယ် (ရေဘေး၊ ငလျင်ဘေးအစရှိသည်) ခံစားရသည့် ပြည်သူများ အတွက် အရေးပေါ်ကူညီထောက်ပံ့ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ လူမှုရေးရာပေါင်းစည်းမှုအဖွဲ့အနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများကို ကူညီထောက်ပံ့ရန်အတွက် အောက်ဖော်ပြပါပစ္စည်းများ တင်ဒါခေါ်ယူခြင်းဖြစ်ပါသည်။

The Center for Social Integrity (CSI) is inviting tender proposals for the suppliers to provide the following lists:

လူမှုရေးရာပေါင်းစည်းမှုအဖွဲ့(CSI)သည် အောက်ပါပစ္စည်းများဝယ်ယူရန်အတွက် အရည်အချင်းပြည့်ဝသောကုန်ပစ္စည်း ပေးသွင်းသူများခေါ်ယူရန် တင်ဒါဖိတ်ခေါ်ခြင်းဖြစ်ပါသည်။

- **Lot#1** Shelter Kits (type–1) (အမိုးအကာနှင့် အခြားအထောက်အပံ့ပစ္စည်းများ)
- **Lot#2** Shelter Kits (type–2) (အမိုးအကာနှင့် အခြားအထောက်အပံ့ပစ္စည်းများ)
- **Lot#3** Food Kits (**အစားအသောက်ပစ္စည်းများ**)

You may submit tenders for Lot#1, Lot#2, Lot#3 or all of these products. Center for Social Integrity (CSI) is not obliged to award a Contract Agreement for all the products indicated to a single company. All commodity prices must be imported at Mandalay prices. Detailed technical specifications are included within the tender documents.

လူကြီးမင်းတို့အနေဖြင့် Lot#1, Lot#2 or Lot#3 သော်လည်းကောင်း၊ အားလုံးသော်လည်းကောင်း တင်ဒါအတွက် တင်သွင်းနိုင်သည်။ ကုမ္ပဏီတစ်ခုတည်းနှင့် Lot#1,Lot#2 & Lot#3 အားလုံးအတွက် သဘောတူစာချုပ်ချုပ်မည်ဟု လူမှုရေးရာပေါင်းစည်းမှုအဖွဲ့ (CSI) မှအာမမခံနိုင်ပါ။ ကုန်ပစ္စည်းဈေးနှုန်းများအားလုံးသည် မန္တလေးအရောက်ဈေးများဖြင့် တင်သွင်းကျရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို တင်ဒါခေါ်ယူမှုစာရွက်တွင် ဖော်ပြထားပါသည်။

The tender will be conducted using CSI standard bidding documents, open to all qualified suppliers. Interested bidders may collect the bidding documents package (in English) free of charge at the following address **before 23rd December at 4:30pm**.

တင်ဒါခေါ်ယူခြင်းသည် လူမှုရေးရာပေါင်းစည်းမှုအဖွဲ့ (CSI)၏ တင်ဒါလျှောက်ထားမှု စာရွက်စာတမ်းများကို အသုံးပြု၍ လျှောက်ထားရမည်ဖြစ်ပြီး အရည်အသွေးပြည့်မီသော ကုမ္ပဏီများအားလုံးမှ လွတ်လပ်စွာ လျှောက်ထားနိုင်ပါသည်။ တင်ဒါလျှောက်ထားမှုစာရွက်စာတမ်းကို အောက်ပါလိပ်စာများတွင် (၂၃-ရက်) ဒီဇင်ဘာလ ညနေ (၄:၃၀နာရီ) မတိုင်မီ အထိလာရောက်ထုတ်ယူနိုင်ပါသည်။

- **လူမှုရေးရာပေါင်းစည်းမှုအဖွဲ့-CSI ရန်ကုန်ရုံးချုပ်-အမှတ်၊ 69–B2၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။**
- **လူမှုရေးရာပေါင်းစည်းမှုအဖွဲ့-CSI မန္တလေးရုံး – အမှတ်၊ ကက-၃/၂၃၊ လမ်း ၅၇-B နှင့် ၁၀၁-B ထောင့်၊ ကန်သာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။**

All bids must be submitted **not later than 26th December – 2025** within office hours (09:00 am to 4:30 pm) at the above given addresses in a sealed envelope.

တင်ဒါဖောင်များကို အထက်ဖော်ပြပါ ရုံးလိပ်စာများတွင် ဒီဇင်ဘာလ (၂၆) ရက်နေ့ ထက်နောက်မကျစေဘဲရုံးချိန်အတွင်း (နံနက် ၉-နာရီမှ ၄:၃၀ နာရီအတွင်း) လာရောက်တင်သွင်းကြရပါမည်။

If you need further details regarding the tender, please Contact:

တင်ဒါနှင့်ပတ်သက်၍သိလိုသည်များရှိပါက အောက်ပါအတိုင်း ဆက်သွယ်နိုင်ပါသည်။

09–977631357 or email tender@csi–global.org

**Center for Social Integrity**

No.69–B2, Kanbawza Street, Golden Valley (1) Ward, Bahan Township, Yangon, Myanmar

+95 895 511 119

www.centerforsocialintegrity.org

info@csi–global.org


# ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၅၃၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး ဒီဇင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၅၃၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၉၁၂၁ ဧကစိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၃၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၉၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာပေးပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေးက ပြောပြသည်။

ကလေးမြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးသော ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာ၀မြေဩဇာ၊ သဘာ၀ပိုးသတ်ဆေးပြုလုပ်သုံးစွဲရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘ၀များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေးက ပြောပြ၍ သိရသည်။ (၂၀၆)


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး / စာရေး သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၉-၂-၂၀၂၆ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀ နှစ်ထက်မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

( င ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ(Myawady Webportal (www. myawady. net.mm/Sgt(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၆-၁၂-၂၀၂၅ ရက်နေ့မှ ၂၈-၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊ အမှတ်(၁)အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ် ထားသော တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ (၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ (၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါ အတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာများခံစားခွင့်ရှိမည်-

| အဆင့်အတန်း | အခြေခံလစာ | အရည်အချင်းလစာ | ပေါင်း |
|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| ( ခ ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| ( ဂ ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်**။ နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ် နှုန်းဖြင့် (၁၀၀၀၀)ကျပ် အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူသွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။







## ဦးမောင်မောင်အေးထွန်း

## ပြင်ဦးလွင်ခရိုင်ဦးစီးမှူး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန

## အသက် (၅၁)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၁ x ၆၄ လမ်းထောင့်နေ ဦးမောင်မောင်ထွန်း - ဒေါ်ခင်ထွေးရီတို့၏ ချစ်လှစွာသော သား၊ အမရပူရမြို့နယ်၊ ကွမ်းသီးတန်းရပ်နေ ဦးတင်မောင်သန်း - ဒေါ်ညိုညိုဝင်းတို့၏ သားသမက်၊ ဒေါ်ယုယုလှိုင်၏ ချစ်လှစွာသော ခင်ပွန်း၊ မဆုလာဘ်ထွန်း(2 nd yr, Archi, MTU)၏ ကျေးဇူးရှင်ဖခင်ကြီး ဦးမောင်မောင်အေးထွန်း အသက် (၅၁)နှစ်သည် ၁၃-၁၂-၂၀၂၅ (စနေနေ့) နံနက် ၁၁:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ပြင်ဦးလွင်မြို့၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၁၅-၁၂-၂၀၂၅ ရက် တနင်္လာနေ့ နေ့လယ် (၁၂:၀၀)နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားပါသည်။ **ကျန်ရစ်သူမိသားစု**

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၅၈ x ၅၉ လမ်းကြား ၄၂ လမ်းနေ ပြည့်စုံဦး (ဘ) ဦးခင်မောင်လေး(၉/ခမစ(နိုင်)၀၅၈၄၅၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-142855)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-683939988**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာန အသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ တက္ကသိုလ်ဆိုသည်မှာ အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာ ဘူမိနက်သန်ဖြစ်သကဲ့သို့ ဆန်းသစ်တီထွင်သည့် နည်းပညာအခြေပြုသုတေသနများအစပြုဖော်ဆောင်ရာနေရာလည်းဖြစ်...

❖ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိရာတွင် အရည်အသွေးပြည့်ဝသည့်အရင်းအမြစ်များ မွေးထုတ်ရာတက္ကသိုလ်များနှင့် ကောလိပ်များ၊ သိပ္ပံများသည် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်နေ...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ပြုလုပ်သော မန္တလေးတက္ကသိုလ် နှစ် ၁၀၀ ပြည့် ရာပြည့်သဘင်အထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး စစ်တွေမြို့ အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံ

စာမျက်နှာ - ၁၈

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမျိုးသားအဆင့် အွန်လိုင်းလိမ်လည်မှု အမြစ်ပြတ်နှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမျိုးသားအဆင့် အွန်လိုင်းလိမ်လည်မှု အမြစ်ပြတ်နှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Studio A ၌ ကျင်းပပြုလုပ်ရာ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့်တာဝန်ရှိသူများက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။

ဦးစွာ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်

စာမျက်နှာ ၁၉ ကော်လံ ၁ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမျိုးသားအဆင့် အွန်လိုင်းလိမ်လည်မှုအမြစ်ပြတ်နှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။



# ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် တတိယမြောက် ရွှေတံဆိပ်ဆုကို ဘိလိယက်အသင်းလိုက်ပြိုင်ပွဲမှ ဆွတ်ခူး

ရန်ကုန် ဒီဇင်ဘာ ၁၄

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် တတိယမြောက် ရွှေတံဆိပ်ဆုကို ဘိလိယက်အသင်းလိုက်ပြိုင်ပွဲမှ ထပ်မံဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဆီးဂိမ်းပြိုင်ပွဲ ဘိလိယက်အသင်းလိုက်ပြိုင်ပွဲကို ဆီမီးဖိုင်နယ်အဆင့်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာအသင်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် အင်ဒိုနီးရှားအသင်းနှင့် ကစားခဲ့ရာတွင် နှစ်ပွဲတစ်ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး

စာမျက်နှာ ၁၈ ကော်လံ ၁ ❑

OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la







Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar